BINA
Burma Independent New Agency

ရိုးကြိုး သတင်းစာ

The Lightning Newsletter

(၁၅-၁-၉၉)ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃ဖိုဝ ခုနှစ် * ခရစ်နှစ် ၂၀၀၁ ခုနှစ် | အမှတ် (၂၄)

ပြည်သူ့လွှတ်တော်
ကိုယ်စားပြုကော်မတီကို
ထောက်ခံကြ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ၁၃ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ရန်ကုန်မြို့အဖွဲ့ချုပ်ရုံးဌာနချင်းပ

ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန် ကြေညာချက်ထုတ်ပြန်တောင်းဆို

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ခဲ့သည့် (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ရှိ အဖွဲ့ချုပ်ရုံးတွင် စက်တင်ဘာလ(၂၇)ရက်နေ့ကကျင်းပခဲ့ရာ ထိုအခမ်းအနား၌ မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ခြွင်းချက်မရှိချက်ချင်းပြန်လွှတ်ပေးရန် ကြေညာချက်ထုတ်ပြန်၍ တောင်းဆိုခဲ့ကြောင်း သိရှိရသည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထိပ်ဝိုင်းခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့် အခြားတက်ရောက်လာသူ ဝါရင့်နိုင်ငံသမားကြီးများအပြင် အမေရိကန်၊ ဗြိတိန်၊ ဂျပန်၊ ပြင်သစ်၊ သြစတြေးလျနှင့် တောင်ကိုးရီးယားနိုင်ငံတို့မှ သံတမန်များပါ တက်ရောက်ခဲ့ကြပြီး စုစုပေါင်းတက်ရောက်လာသူဦးရေ ၅၀၀ ခန့်ရှိကြောင်း သတင်းရရှိသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်သည့်(၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားခဲ့သည့် ဥက္ကဋ္ဌဦးအောင်ရွှေ၏ မိန့်ခွန်းအပြည့်အစုံကို ဖော်ပြလိုက်ပါသည်။

ဥက္ကဋ္ဌ ဦးအောင်ရွှေ မိန့်ခွန်းပြောကြားနေစဉ်

ရောက်လာကြသော ဧည့်သည်တော်ကြီးများ၊ သံတမန်ကြီးများ၊ သတင်းဌာနတို့မှပုဂ္ဂိုလ်ကြီးများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များအားလုံးအားလေးစားစွာဖြင့်၊ မင်္ဂလာရှိစွာဖြင့် ကျွန်းမာ၍ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်း၊ မေတ္တာပို့သအပ်ပါတယ် ခင်ဗျား ....။

ယနေ့(၂၇၊၉၊၂၀၀၁)ရက်ဟာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို (၂၇၊ ၉၊ ၈၈)ရက်နေ့တွင် စတင်၍ တရားဝင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် (၁၃)နှစ်မြောက်နှစ်ပတ်လည်နေ့ဖြစ်ပါသည်။ အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကိုယ်ကျ ကျနော်များနှင့်အတူ တက်ရောက်ခြင်းမပြုနိုင်သော်လည်း အထွေထွေအတွင်းရေးမှူး၏ တိုင်းပြည်ချစ်စိတ်၊ ဇွဲလုံ့လ၊ ဝိရိယနှင့်စိတ်ဓာတ်တို့က အဖွဲ့ချုပ်နှင့် အဖွဲ့ချုပ်ဝင်များအပေါ်တွင် အမြဲတစေ လွှမ်းခြုံလျက်ရှိနေပါကြောင်း ပထမဦးစွာ တင်ပြပါရစေ။ ထိန်းသိမ်းထားခြင်းခံနေရသည့် အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် အားလုံးသော နိုင်ငံရေးအကျဉ်းသားများအားခြွင်းချက်မရှိအမြန်ဆုံး ပြန်လည်လွှတ်ပေးရန်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အာဏာပိုင်များအား အစဉ်တစိုက် တောင်းဆိုနေကြောင်းကိုလည်း အများသိရှိပြီး ဖြစ်ပါတယ်။

(၁၃)နှစ်တာကာလအတွင်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များအားလုံးဟာ ဒီမိုကရေစီရေးအတွက် ခိုင်မာသောယုံကြည်ချက်ကြောင့်၊ နိုင်ငံရေးခရီးကြမ်းကြီးကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ရေးနှင့် ဒီမိုကရေစီရရှိရေးအတွက်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်/တိုင်းစည်းများနှင့် မြို့နယ်စည်းများက အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်နှင့် ကျနော်တို့နှစ်ဦးအား လုပ်ပိုင်ခွင့်(Mandate)များကို ပေးအပ်ခဲ့ကြပါသည်။ ယင်းလုပ်ပိုင်ခွင့်(Mandate)တွင် "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မိမိ၏တာဝန်ကို အရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ အောက်ပါအတိုင်း ကျွန်ုပ်၏ ဆန္ဒသဘောထား ပေးအပ်ပါသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အထွေထွေအတွင်းရေးမှူးတို့သည် ကျွန်ုပ်တို့ရည်ရွယ်မျှော်မှန်းသည့်အတိုင်း မြန်မာနိုင်ငံတော်တွင် စစ်မှန်သော ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရား ပေါ်ပေါက်သည့် တိုင်အောင် လိုအပ်သော ဆွေးနွေးညှိနှိုင်းဆုံးဖြတ် အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက်(--------)ကျွန်ုပ်ကိုယ်စားအဖြစ် ဆောင်ရွက်နိုင်ပါရန် ဆန္ဒသဘောထားပေးအပ်ပါသည်။ ဤဆန္ဒသဘောထားကို ကျွန်ုပ်ကိုယ်ပိုင်လွတ်လပ်သောဆန္ဒအလျောက် ကိုယ်တိုင်လက်မှတ်ရေးထိုးပါသည်" ဟူ၍ ဖော်ပြထားပါသည်။ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် ကျနော်ကလည်း ခိုင်မာသောညီညွတ်မှုဖြင့် ယင်း လုပ်ပိုင်ခွင့် (Mandate)အရ ဒီမိုကရေစီရေးကို ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ဆက်လက်ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် တဦးနှင့်တဦး အပြန်အလှန်ယုံကြည်မှုနှင့် အပြည့်အဝနားလည်မှုရှိကြပြီး တစိတ်တည်းတဝမ်းတည်း၊ တသဘောတည်းရှိကြပါတယ်။ ကျနော်တို့ဟာ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ဒီမိုကရေစီရရမည်ဟူသော ဆန္ဒအပြည့်အဝဖြင့် လုပ်ကိုင်ကြခြင်းဖြစ်ပါတယ်။ ကျနော်တို့မှာ ဒီမိုကရေစီရေးအတွက် ရည်ရွယ်ထားတဲ့ပန်းတိုင်၊ မျှော်မြင်ထားတဲ့ မြင်ကွင်းနဲ့ ဆုပ်ကိုင်ထားတဲ့ ယုံကြည်ချက်များ ရှိကြပါတယ်။

ထိုသို့လုပ်ကိုင်ရာတွင် အကြမ်းဖက်ခြင်းကို မယုံကြည်ဘဲ ဒီမိုကရေစီကျင့်စဉ်အရ နှလုံးရည် နည်းဖြင့် စည်းရုံးလှုပ်ရှားခဲ့ကြပါတယ်။ နှလုံးရည်နည်းဖြင့် အောင်မြင်ရမည်ဆိုတဲ့ ယုံကြည်ချက်နဲ့လုပ်တဲ့အတွက် ဇွဲ၊ လုံ့လ၊ ဝိရိယတို့ အထူးလိုအပ်လှပါတယ်။ အခက်အခဲ၊ အကျပ်အတည်းမျိုးစုံတို့ကိုလည်း ရင်ဆိုင်ခဲ့ကြရပါတယ်။ အထူးသဖြင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ယင်း အခက်အခဲအကျပ်အတည်းများနှင့် ပိုမိုတွေ့ကြုံရပါတယ်။ ဒီ အခက်အခဲအကျပ်အတည်းဆိုတာ ကိုယ့်ရဲ့အရည်အချင်းနဲ့ အစွမ်းအစကို ဖော်ထုတ်ပြသဖို့ အခွင့်အရေးပဲလို့ခံယူပြီး အဖွဲ့ဝင်များအားလုံး (အားလုံး)ရဲ့ ထောက်ခံမှုဖြင့် ဖြတ်သန်းရင်းနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ရင့်ကျက်တည်ငြိမ်လာပါတယ်။ နိုင်ငံရေး ဒီရေကြမ်းကို ဆန်ပြီးကူးခတ်နိုင်ခဲ့ကြသော အဖွဲ့ချုပ်အဖွဲ့ဝင်များမှာလည်း ခွန်အားတွေ ပိုမိုများပြားလာကြပါတယ်။ တရားမျှတခြင်းအတွက် သောကပရိဒေဝတွေကို ခံနိုင်

အမျိုးသားခေါင်းဆောင်ကြီး၊ လွှတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မျိုးချစ်ပုဂ္ဂိုလ်အဆက်ဆက်တို့က ကမ္ဘာ့အလယ်မှာ လူတန်းစေ့နေနိုင်ကြစေရေးအတွက် အသက်စွန့်ပြီးပေးခဲ့တဲ့ ဒီမိုကရေစီအမွေကြီးဟာ ဒီမိုကရေစီရေးကို အသက်နဲ့ထပ်တူ ချစ်မြတ်နိုးတဲ့ ပုဂ္ဂိုလ်တွေရဲ့ လက်ထဲမှာသာ ကြာရှည်နိုင်မှာ ဖြစ်ပါတယ် ...

စာမျက်နှာ (၄)၊ ကော်လံ (၁) သို့ ▶

မင်းဆိုးကို မိုးကြီး ပစ်ပြီ

အယ်ဒီတာ့အာဘော

လက်ရှိအခြေအနေနှင့်လျော်ကန်သင့်မြတ်သောဆုံးဖြတ်ချက်

"အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့သည် ကျွန်ုပ်တို့ မျှော်မှန်းသည့်အတိုင်း မြန်မာနိုင်ငံတော်တွင်စစ်မှန်သော ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရား ပေါ်ပေါက်သည့်တိုင်အောင် လိုအပ်သောဆွေးနွေးညှိနှိုင်းဆုံးဖြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဆန္ဒသဘောထားပေးအပ်ပါသည်။ ဤဆန္ဒသဘောထားကို ကျွန်ုပ်၏ကိုယ်ပိုင်လွတ်လပ်သောဆန္ဒအလျောက် ကိုယ်တိုင်လက်မှတ်ရေးထိုးလိုက်သည်။"

အထက်ဖော်ပြပါစာပိုဒ်သည် အဖွဲ့ချုပ်၏(၁၃)နှစ်မြောက်နှစ်ပတ်လည်နေ့၏ ဆုံးဖြတ်ချက်အပိုဒ်(၃)ဖြစ်သည်။ အချိန်အခါနှင့်ကိုက်ညီ၍ လက်ရှိနိုင်ငံရေးအခြေအနေနှင့်လျော်ကန်သင့်မြတ်သော ဆုံးဖြတ်ချက်ဖြစ်သည်ဟုဆိုနိုင်သည်။ အဖွဲ့ချုပ်သည် အဖွဲ့ချုပ်စတင်ဖွဲ့စည်းစဉ်ကတည်းကပင် သက်ဆိုင်ရာအာဏာပိုင်များအား တွေ့ဆုံဆွေးနွေးအဖြေရှာရန် အစဉ်တစိုက်တောင်းဆိုခဲ့သည်။ ၁၉၈၉ ခုနှစ်ဆန်းပိုင်း၌ နိုင်ငံရေးပါတီပေါင်း(၁၀၄)ပါတီမှ ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရန် တဦးတည်းကိုယ်စားလှယ်အဖြစ် ရွေးချယ်ခဲ့သော်လည်း နဝတအစိုးရမှ တွေ့ဆုံဆွေးနွေးရေးကို ငြင်းပယ်ခဲ့သည်။ သက္ကရာဇ် ၂၀၀၁ ဆန်းပိုင်းမှစ၍ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖ တွေ့ဆုံဆွေးနွေးနေပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။ စစ်အုပ်စု၏ တတိယအာဏာအကြီးမားဆုံးဖြစ်သူ ဗိုလ်ချုပ်ခင်ညွန့်မှ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အကောင်းမြင်ပါသည်ဟု စက်တင်ဘာလအတွင်း ထိုင်းနိုင်ငံခရီးစဉ်၌ ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့နည်းတူ ထိုင်းကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးချာဗလစ်ယောင်ချိုင်ယုကလည်း အာဏာခွဲဝေရေးအတွက် ဆွေးနွေးနေပြီဖြစ်ကြောင်း၊ တဖက်ကသဘောတူလျှင် မကြာမီဝမ်းသာစရာသတင်းများ ထွက်ပေါ်လာမည်မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ သို့သော် အမျိုးသားပြန်လည်သင့်မြတ်ရေး၏ လမ်းစ,ကား ရေးရေးမျှပင်မမြင်ရသေးပေ။

အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့အား အဖွဲ့ချုပ်၏ ရည်ရွယ်ချက်သာမက ပြည်သူလူထုတရပ်လုံး၏ လိုအင်ဆန္ဒဖြစ်သည့် စစ်မှန်သော ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရား ပေါ်ပေါက်လာစေရေးအတွက် တာဝန်အပြည့်အဝ လွှဲအပ်ထားခြင်းသည် အဖွဲ့ချုပ်အတွင်း ညီညွတ်ရေးသာမက ဒီမိုကရေစီအင်အားစုများအတွင်း ညီညွတ်ရေးကိုပိုမိုသိပ်သည်းကျစ်လျစ်စေပါသည်။ အဖွဲ့ချုပ်၏ညီညွတ်သော အင်အားခိုင်ခံ့ကျစ်လျစ်သော ခေါင်းဆောင်မှုကို ပြသရာရောက်ပါသည်။ ဖော်ပြပါတာဝန်ကို ထမ်းဆောင်နိုင်ရေးအတွက် လိုအပ်သော ဆွေးနွေးညှိနှိုင်းဆုံးဖြတ်အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ကို ကိုယ်ပိုင်ဆန္ဒများဖြင့် လုပ်ပိုင်ခွင့်ပေးထားခြင်းသည် မြန်မာပြည်ဒီမိုကရေစီရေးဖြစ်ထွန်းမှု ဖြစ်စဉ်တွင် အရေးကြီးသော သမိုင်းမှတ်တိုင် တရပ်ဖြစ်ပါကြောင်း ဖော်ပြအပ်ပေသည်။

ဒီမိုကရေစီရရှိရေးနှင့် အမျိုးသားသွေးစည်းညီညွတ်ရေးသည် လက်ရှိမြန်မာနိုင်ငံအတွက် အဓိကလိုအပ်နေသောအရာဖြစ်သည်။

ကမ္ဘာလွှမ်းခြုံဖြန့်ကြက်မှု (၃)

၁၅၊ ၃၊ ၂၀၀၁ နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် "လူယေယဉ်ပညာပေးဟောပြောပွဲ"အစီအစဉ်မှ ဦးလွင်ဟောပြောခဲ့သည့် "ကမ္ဘာလွှမ်းခြုံ ဖြန့်ကြက်မှု" (Globalization) ဟောပြောချက် အပိုင်း (၃) ဖြစ်ပါသည်။

အတွင်းရေးမှူး ဦးလွင်

"ကြောင်ဆိုရင် ဖြူဖြူ၊ မည်းမည်း၊ ကြွက်ခုတ်တတ်ဖို့ လိုတယ်"

တိန့်ရှောင်ဖိန်

အမေရိကန်နဲ့ အနောက်အုပ်စုနိုင်ငံတွေဟာ မှန်မှန်နဲ့မြန်မြန် အရင်းရှင်ဒီမိုကရေစီနဲ့ လွတ်လပ်သောစျေးကွက်စီးပွားရေးစနစ်ကို တိုးချဲ့နိုင်ခဲ့တယ်။ (IT) Information Techno-logy သတင်းနဲ့ နည်းပညာများတိုးတက်လာခဲ့တယ်။ Microchip ကို ဇောက်ချလုပ်နိုင်ခဲ့တဲ့အတွက် အကျိုးကျေးဇူးအများကြီးဖြစ်ထွန်းခဲ့တယ်။ အာကာသစိုးမိုးရေးမှာလည်း ကိုလံဗတ်(Columbus)၊ ဒစ်စကာဗာရီ (Discovery) အာကာသယာဉ်တို့ကို ဆိုဗီယက်တို့ မယှဉ်နိုင်သည့်အပြင် ရေဂင်ရဲ့(Star-war)ကိုတို့ပြန်ရန်ဂေါ်ဘာချော့ပ်မှာ နည်းရှာမရ၊ အဖြေမရှိဖြစ်ခဲ့ရတယ်။ နောက်ပိုင်းတွင် ဆိုဗီယက်တို့စိုးမိုးထာသော ဟန်ဂေရီ၊ ချက်ကိုစလိုဗက်ကီးယားနှင့် အရှေ့ဂျာမဏီ စသည့်နိုင်ငံများမှ ဆိုရှယ်လစ်အစိုးရများပြုတ်ကျပြီး ဘာလင်တံတိုင်းနှင့်အတူ ဆိုဗီယက်ပြည်ထောင်စုကြီး ပျောက်ကွယ်ခဲ့ရတယ်။

နောက်ဆုံးတော့ ဆိုဗီယက်ရော၊ တရုတ်ရော ပြောင်းလဲရပါတယ်။ ပြောင်းလဲတဲ့နေရာမှာ ဆိုဗီယက်နဲ့ တရုတ်မတူဘူးဆိုတာ သတိချပ်ရပါမယ်။ ဆိုဗီယက်ကို ကမ္ဘာ့ဘဏ် အပါအဝင် ဘီလီယံတွေအများကြီး ထောက်ကူပေးရတယ်။ ဒါတောင် မရသေးပါဘူး။ တရုတ်ကပြောတာရှိတယ်။ "ကြောင်ဆိုရင် ဖြူဖြူ မည်းမည်း၊ ကြွက်ခုတ်တတ်ဖို့ လိုတယ်" တဲ့ တိန့်ရှောင်ဖိန်ပြောတာ။ ဘယ်လို ချုပ်ကိုင်ချုပ်ကိုင် စီးပွားရေး၊ ကုန်ထုတ်လုပ်မှုအပိုင်းမှာ အချိန်မီ ပြုပြင်ပြောင်းလဲနိုင်တဲ့အခါကျတော့ တရုတ်က ဗီယက်နမ်ထက် ကျော်သွားတယ်။

ဆိုဗီယက်တို့ဦးဆောင်တဲ့ ဗဟိုကချုပ်ကိုင်သော စီးပွားရေးစနစ်ဟာ အရင်းရှင်ဒီမိုကရေစီအစိုးရတို့ရဲ့ လွတ်လပ်သောစျေးကွက်စီးပွားရေးစနစ်ကို မယှဉ်နိုင်တော့ဘူးဆိုတာ အထင်အရှားဖြစ်ပါတယ်။

အင်အားချိန်ခွင်လျှာ တဖက်စောင်းနင်းဖြစ်သွားပြီလေ။ ပထဝီနိုင်ငံရေးခေတ်ကနယ်ချဲ့နိုင်ငံကြီးများရဲ့ စစ်စခန်းခံတပ်ကြီးများ အစား (Microsoft)/ (Coca Cola)/ (General Motor)/ (Westing House)စတဲ့ ကမ္ဘာကျော် ကုမ္ပဏီကြီးများ၊ (Super Market) ကြီးများရဲ့ ဆိုင်းဘုတ်များ၊ ကမ္ဘာအနှံ့အပြားမှာ တွေ့မြင်လာမှာဖြစ်တယ်။ အရင်းရှင်ဒီမိုကရေစီအစိုးရမျိုးကို နိုင်ငံတိုင်းမှာမတွေ့ရသော်လည်း စျေးကွက်စီးပွားရေးစနစ်ကို ကမ္ဘာအနှံ့ ကျင့်သုံးနေကြပြီဖြစ်တယ်။

ဂလိုဘယ်လိုက်ဇေးရှင်းခေါ် ကမ္ဘာလွှမ်းခြုံဖြန့်ကြက်မှု၊ တနည်းအားဖြင့် အရင်းရှင်ဒီမိုကရေစီ လွတ်လပ်သော စျေးကွက်စီးပွားရေးစနစ်ကြီး ကမ္ဘာအနှံ့လွှမ်းမိုးလာတယ်လို့ ထင်မြင်ယူဆချက်များရှိလာတယ်။ အနောက်အုပ်စုနိုင်ငံတွေက ကမ္ဘာကို လွှမ်းမိုးချုပ်ကိုင်လာတယ်လို့ ထင်မြင်ယူဆချက်များ ရှိလာတယ်။ ယနေ့ကမ္ဘာပေါ်မှာ ဝါဒသဘောအရ အုပ်စုအဖွဲ့ မရှိတော့ပါ။ သို့သော် ပထဝီအနေအထားအရ အုပ်စုအဖွဲ့များ ရှိနေပါတယ်။ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN)၊ အာဖရိကညီညွတ်ရေးအဖွဲ့ (OAU)၊ အာရပ်နိုင်ငံများအဖွဲ့၊ လက်တင်အမေရိကနိုင်ငံများအဖွဲ့၊ ဥရောပသမဂ္ဂအဖွဲ့ စတဲ့အဖွဲ့များဟာ အင်အားချိန်ခွင်လျှာကိုထိန်းပေးမယ့် အဖွဲ့တွေဖြစ်ပါတယ်။ ထို့အတူ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး (UN)၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး(WTO)၊ ကမ္ဘာ့ဘဏ် (WB)၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)နဲ့ အခြား NGO အဖွဲ့အမျိုးမျိုးတို့ဟာ တဖက်စောင်းနင်းမဖြစ်အောင် ထိန်းကြမယ့်အပြင် နိုင်ငံတိုင်းမှာရှိနေတဲ့ အစိုးရတွေနဲ့ ပြည်သူ့စီးပွားရေးကုမ္ပဏီကြီးတွေနဲ့ စားသုံးသူတွေဟာလည်း အထိန်းတွေဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ၊ ကုမ္ပဏီတွေက ထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းတွေကို ဝယ်ယူစားသုံးမယ့် စားသုံးသူတွေဟာလည်း အရေးကြီးသော အထိန်းအကွပ်တခုဖြစ်ပါတယ်။ ဒါ့အပြင် လက်ဝါးကြီးအုပ်မှုမရှိရဘူးလို့ ဆိုထားတယ်။ ဥပမာအားဖြင့် (Microsoft) ကုမ္ပဏီဆိုရင် အရမ်းကြီးထွားလာပြီး လက်ဝါးကြီးအုပ်လာလို့ အမေရိကန်အစိုးရက နှစ်ခြမ်းခွဲပစ်လိုက်တယ်။

ဂလိုဘယ်လိုက်ဇေးရှင်း တွင်ကျယ်လာနိုင်ခြင်းမှာ Microchip နှင့်Satellite တို့ကြောင့်ဖြစ်ပါတယ်။ Satellite ထဲမှာ တကမ္ဘာလုံးအနှံ့ ဆက်သွယ်ပေးပို့နိုင်တဲ့ Microchip တွေ အများကြီးပါတယ်။ Electronic စက်ကိရိယာဟူသမျှမှာ Microchip ဟာ အရေးကြီးတဲ့ အခြေခံဖြစ်ပါတယ်။ တယ်လီဖုန်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ (Amplifier) အသံချဲ့စက်တွေ ဟာ Electronic သဘောတရားတွေကို အခြေခံထားတာဖြစ်ပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ Electronic အခြေခံသဘောတရားတွေကို သိထားဖို့လိုတယ်။ ကျွန်တော်တို့ မြန်မာပြည်ကလူတွေ ဘယ်လောက်များသိထားကြသလဲ။ AM၊ FM၊ SW၊ LW၊ HF၊ VHF၊ UHF ဆိုတာ ဘာလဲဆိုတာ မေးကြည့်တော့ တော်တော်များများ မသိကြဘူး။ AM ဆိုတာ (Amplitude Modulation)၊ FM ဆိုတာ (Frequency Modulation)၊ SW ဆိုတာ (Short Wave)၊ LW ဆိုတာက (Long Wave)၊ HF ဆိုတာ (High Frequency)၊ VHF ဆိုတာ (Very High Frequency)၊ UHF (Ultra High Frequency)၊ လေထဲမှာ တုန်ခါနှုန်း (Frequency) ဆိုတာ ရှိတယ်။ နည်းတာများတာပဲကွာတယ်။ အသံမှာလည်း Frequency ရှိတယ်။ ဗုံတို၊ ဗုံရှည်၊ ပတ်မတို့ ကိုတီးလိုက်ရင် တစက္ကန့်ကို Frequency(၃၀) လောက်ထွက်တယ်။ နှဲမှုတ်လိုက်ရင် frequen-cy ၁၈,၀၀၀၊ ၂၀,၀၀၀ လောက်ထွက်တယ်။ ဒီထက်ကျော်သွားရင် လူက မကြားရတော့ဘူး။ ဒီထက်ပိုမြင့်သွားရင် Very High Frequency၊ အဲဒီထက်ပိုမြင့်သွားရင် Ultrahigh Frequency၊ TV ဖမ်းတာ Ultra High Frequency၊ ဒီသဘောတရားတွေကို သိဖို့ လိုအပ်ပါတယ်။ ■

ဆက်လက်ဖော်ပြပါမည်

BiNA
Burma Independent News Agency
မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။
အယ်ဒီတာ
ခင်လွန်း၊ မောင်ဗေသက်နိ
P.O. Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

ဖွံ့ဖြိုးတိုးတက်သည့်ပြည်ထောင်စုကြီးအသွင်သို့ ကူးပြောင်းနိုင်သော အခါအခွင့်ကောင်းများနှင့်ကြုံနေကြောင်း NLD ဥက္ကဋ္ဌဦးအောင်ရွှေမှ CRPP (၃)နှစ်မြောက် နှစ်ပတ်လည်နေ့ တွင်ထုတ်ဖော်ပြော

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ

လွှတ်တော်ပေါ်ပေါက်ရေးအတွက် လွှတ်တော်၏တာဝန်များကို ကိုယ်စားပြုဆောင်ရွက်ရန်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) ဖွဲ့စည်းထူထောင်ခဲ့သည့်(၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ရန်ကုန်မြို့ရှိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံးအဆောက်အဦတွင် စက်တင်ဘာလ(၁၆)ရက်နေ့က ကျင်းပခဲ့ကြောင်း သိရှိရသည်။

ထိုအခမ်းအနားသို့ အဖွဲ့ချုပ်ဝင်(၂၅၀)ခန့်နှင့် တိုင်းရင်းသားပါတီများမှ လွှတ်တော်ကိုယ်စားလှယ်တချို့တက်ရောက်ခဲ့ကြပြီး အခမ်းအနားသို့ပေးပို့လိုက်သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဦးအောင်ရွှေ၏ မိန့်ခွန်းကို ဒုဥက္ကဋ္ဌ ဦးတင်ဦးက ဖတ်ကြားခဲ့ကြောင်းသိရသည်။ ထိုသို့ဖတ်ကြားခဲ့ရာတွင်–

"ယခုအချိန်၌ ကျနော်တို့နိုင်ငံသည်ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးအသွင်သို့ ကူးပြောင်းနိုင်သော အခါအခွင့်ကောင်းများနှင့်ကြုံတွေ့နေရပါသည်။ တိုင်းပြည်၏ ကံကြမ္မာကို ဖန်တီးရာတွင် အရေးပါသောအင်အားစုများ အားလုံး၊ နိုင်ငံသူနိုင်ငံသားအားလုံး အနာဂတ် သာယာတည်ငြိမ်စေရန်ရည်စူး၍ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်"ဟု ဖော်ပြပါရှိပြီး ပြည်သူ့လွှတ်တော်ခေါ်ယူနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အဆိုပါမိန့်ခွန်း၌ ထည့်သွင်းပြောကြား သွားခဲ့သည်ဟုသိရသည်။

အဆိုပါ အခမ်းအနားသို့ နအဖစစ်အကျဉ်းထောင်အတွင်း ထောင်ဒဏ်(၂၁)နှစ်ချမှတ်ခြင်းခံထားရသူ CRPP ၏အတွင်းရေးမှူး ဦးအေးသာအောင်နှင့် နေအိမ်တွင်အကျယ်ချုပ်ချထားခံရဆဲဖြစ်သော မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်နိုင်ခြင်းမရှိကြောင်း နိုင်ငံတကာ သတင်းများတွင် ဖော်ပြထားသည်။ ■

(CRPP) အတွင်းရေးမှူး ဦးအေးသာအောင်နှင့် သုံးဦး ကျန်းမာရေးအခြေအနေဆိုးဝါး အမြန်ဆုံးလွှတ်ပေးရန် နိုင်ငံတကာ၏တောင်းဆိုမှုများအပေါ် နအဖက ဥပေက္ခာပြုဆဲ

ဦးအေးသာအောင်

ထောင်တွင်းဆေးရုံ၌ ကုသရန်မဖြစ်နိုင်တော့သည့် အခြေအနေကြောင့် ရန်ကုန်ဆေးရုံကြီး၊ အချုပ်လူနာဆောင်တွင် ပြောင်းရွှေ့ကုသမှုခံယူနေရသည့် (CRPP) အတွင်းရေးမှူး ဦးအေးသာအောင်၊ (NLD) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဟံသာဝတီဦးဝင်းတင်နှင့် ဒီမိုကရေစီပါတီ ဒုဥက္ကဋ္ဌဦးထွေးမြင့်တို့၏ ကျန်းမာရေးအခြေအနေမှာ အလွန်ဆိုးဝါးနေကြောင်း အောက်တိုဘာ(၁၆)ရက်နေ့ (DVB) သတင်း၌ ဖော်ပြပါရှိသည်။

အထူးသဖြင့် ဦးအေးသာအောင်မှာ ယခင်ကထက် နှလုံးရောဂါ ပိုမိုဆိုးဝါးစွာ ခံစားလာရသောကြောင့် နှလုံးအထူးကုဆရာဝန်များနှင့် ကုသပေးနေသော်လည်း (ECG) (၇)ကြိမ်ခန့် ရိုက်ပြီးချိန်အထိ ၎င်း၏ရောဂါအခြေအနေမှန်ကို ထုတ်ဖော်ပြောဆိုနိုင်ခြင်း မရှိသေးကြောင်း အမည်မဖော်လိုသူ တာဝန်ခံဆရာဝန်တဦးကပြောဆိုခဲ့ကြောင်း သိရှိရသည်။

ဦးအေးသာအောင်သည် ရခိုင်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တဦးဖြစ်ပြီး ရခိုင်အမျိုးသားတပ်ဦးနှင့် ဇိုမီးအမျိုးသားကွန်ဂရက်ပါတီ၏ ကိုယ်စားလှယ်တဦးအဖြစ် ရှေးချယ်ခံခဲ့ရသည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာ(၁၆)ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီတွင် အတွင်းရေးမှူးတာဝန်နှင့် တိုင်းရင်းသားရေးရာဥက္ကဋ္ဌအဖြစ် တာဝန်ပေးခံခဲ့ရသည်။ ၂၀၀၁ ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့တွင် ဦးအေးသာအောင်ကို နအဖစစ်အုပ်စုက အကြောင်းမဲ့ဖမ်းဆီး၍ ထောင်ဒဏ် (၂၁) နှစ်ချမှတ်ခဲ့သည်။

ဦးအေးသာအောင်၊ ဦးဝင်းတင်နှင့် ဦးထွေးမြင့်တို့ကို အမြန်ဆုံးလွှတ်ပေးရန် နိုင်ငံတကာ လူ့အခွင့်အရေးစောင့်ကြည့်သူများအဖွဲ့နှင့် လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့များက နအဖစစ်အုပ်စုအားတောင်းဆိုခဲ့သော်လည်း ပြန်လွှတ်မည့်အရိပ်အယောင် လုံးဝမရှိသေးကြောင်း အဆိုပါသတင်းဌာနက ထုတ်လွှင့်ခဲ့သည်။ ■

ဒီမိုကရေစီကို သူတို့ လုပ်ကြံသတ်ဖြတ်ခဲ့ကြစဉ်က

မောင်ဖိုးသစ်

အမေရိကန်သတင်းစာဆရာ ဝီလျံ ဘာလမ်း(William Blum)ကဒီလိုဆိုဖူးပါတယ်။ "အမေရိကန်က မှော်စ်ဝါဒီတွေ အာဏာရနေတာထက် ပိုမုန်းတာတခုရှိတယ်၊ အဲဒါက မှော်စ်ဝါဒီတွေ ရွေးကောက်ပွဲမှာအနိုင်ရပြီး အာဏာရလာတာပဲ"။ အထင်ရှားဆုံး ဥပမာကတော့ ချီလီနိုင်ငံက သမ္မတအာလန်ဒေးကိစ္စပါပဲ။ ဒီ စက်တင်ဘာလ (၄) ရက်နေ့ဟာ သူ ရွေးကောက်တင်မြှောက်ခံရတာ(၃၁)နှစ်ပြည့်တဲ့ နေ့ဖြစ်ပြီး၊ စက်တင်ဘာလ (၁၁)ရက်နေ့ဟာ အမေရိကန်စီစဉ်တဲ့ အာဏာသိမ်းမှုကြောင့် သေဆုံးရတဲ့ (၂၈) နှစ်မြောက်နေ့ဖြစ်ပါတယ်။

"တိုင်းပြည်တပြည်မှာ သူ့ပြည်သူတွေက တာဝန်မဲ့လုပ်ကြတာနဲ့ အဲဒီတိုင်းပြည် ကွန်မြူနစ်ဖြစ်သွားတာမျိုးကို ကျနော်တို့ လက်ပိုက်ကြည့်မနေနိုင်ဘူး" (ဟင်နရီ ကစ်ဆင်ဂျာ၊ ၁၉۷၀၊ ဇွန်–၂۷)

ဆရာဝန်တဦးဖြစ်တဲ့ ဆာလ်ဗာဒိုအာလန်ဒေး (Salvador Allende)ဟာ ၁၉၅၈ ခုနှစ်ရွေးကောက်ပွဲမှာ မဲ(၃%)ပဲကွာပြီး ရှုံးခဲ့တဲ့နောက် ကမ္ဘာက သူ့ကိုသတိပြုမိလာပါတယ်။ အဲဒီနောက် (၆)နှစ်အကြာ ရွေးကောက်ပွဲမှာတော့ အမေရိကန်က ဒီကိစ္စကို ကမ္မသကာထားလို့မဖြစ်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ ချီလီပြည်သူတွေကို ဒီမိုကရေစီ (အမေရိကန်နည်း၊ အမေရိကန်ဟန်) ရရှိစေဖို့ အချိန်ကျပြီလေ။ အဲဒီရွေးကောက်ပွဲမှာ အမေရိကန်က အာလန်ဒေးရဲ့ပြိုင်ဖက် အက်ဒွပ်ဒိုဖရေး (Edu-ardo Frei)အတွက် စီအိုင်အေကတဆင့် အသုံးပြုခဲ့တဲ့ငွေဟာ လူတဦးချင်းနှုန်းနဲ့တွက်လိုက်ရင် အဲဒီနှစ်က အမေရိကန်နိုင်ငံက ရွေးကောက်ပွဲမှာ လင်ဒန်ဂျွန်ဆင်နဲ့ ဘယ်ရီဂိုးဝါးတားတို့ နှစ်ဦးစလုံးအတွက် သုံးတာထက်ပိုများပါတယ်။

စီအိုင်အေဟာ အမေရိကန်ပြည်သူတွေ ပေးတဲ့အခွန်ငွေ ဒေါ်လာသန်း(၂၀) လောက်ကို အသုံးပြုပြီး ကွန်မြူနစ်ဆန့်ကျင်ရေး ဝါဒဖြန့်ချိမှုနဲ့ သတင်းလိမ်လွှင့်တာတို့ကို စနစ်တကျလုပ်ဆောင်ခဲ့ပါတယ်။ သူတို့လွှင့်ထုတ်တာကတော့ အာလန်ဒေးသာအနိုင်ရရင် ဒီနိုင်ငံနဲ့ ဒီပြည်သူတွေရဲ့ဘဝတွေကို ဆိုဗီယက်ကတိုက်ရိုက်ချုပ်ကိုင်တော့မယ်၊ ဘာသာကိုးကွယ်ခွင့်လည်း ပြုတော့မှာမဟုတ်ဘူး စတာတွေပေါ့။ ကလေးတွေကို နဖူးမှာ တူတံစဉ်တံဆိပ်ခပ်နှိပ်ပြီး ဆိုဗီယက်ကိုပို့ ကျွန်လုပ်ခိုင်းလိမ့်မယ်လို့လည်း ရေဒီယိုတွေ၊ သတင်းစာတွေကနေ မပြတ်သတိပေးပါတယ်။

ဒီခြောက်လှန့်တဲ့နည်းနာဟာ အလုပ်ဖြစ်ပါတယ်။ အာလန်ဒေးဟာ အမျိုးသားတွေ ပေးတဲ့မဲကို ပွတ်ကာသီကာ အနိုင်ရပြီး အမျိုးသမီး မဲမှာတော့ ဖရေးက(၄၆၉,၀၀၀) ပိုရသွားပါတယ်။ ချီလီနိုင်ငံက မိခင်တွေဟာ ဘုရားမဲ့ကွန်မြူနစ်ဝါဒရဲ့ သွေးရဲရဲသံရဲရဲ အဖြစ်အပျက်တွေအစား ကြေးနီလုပ်ငန်းလို အဓိကလုပ်ငန်းတချို့ကို ပြည်သူပိုင်လုပ်မယ်၊ မြေဝေပေးမယ်၊ စီးပွားရေးပြန်လည်ပြုပြင်မယ်၊ ဝင်ငွေတွေထိန်းညှိပေးမယ် စသဖြင့် အာမခံတဲ့လူကို မဲပေးခဲ့ကြတာပေါ့လေ။

လီနင်ဝါဒနဲ့အပုံကြီးကွာတဲ့ အာလန်ဒေးရဲ့ ဥရောပကွန်မြူနစ်ဝါဒပေါ်လစီတွေ၊ ဆိုလိုတာက ဆိုရှယ်ဒီမိုကရက်ပါတီတွေနဲ့ ကွန်မြူနစ်တွေ တပ်ပေါင်းစုဖွဲ့ရမယ် စတာတွေကို အဲဒီတုန်းက ကရင်မလင်ကလည်း အိမ်ဖြူတော်လို မျိုးပဲ လက်မခံပါဘူး။

၁၉۷၀ ပြည့်နှစ်၊ သမ္မတရွေးကောက်ပွဲကျတော့ အာလန်ဒေးဟာ အဓိကအရွေးခံသူတဦးဖြစ်နေပါပြီ။ ဒါပေမယ့် ဒီတခါမှာ သူ့ရဲ့ပြိုင်ဖက်ဟာ သိပ်အားတောင့်နေပါတယ်။ အဲဒီပြိုင်ဖက်က ဟင်နရီ ကစ်ဆင်ဂျာပါ။

အမေရိကန်ရဲ့ ငွေကြေးထောက်ပံ့မှုတွေ အကြားကပဲ လက်တင်အမေရိကတိုက်ရဲ့ ကမောက်ကမဖြစ်အောင်လုပ်ဖို့အတွက် ဒေါ်လာ(၁၀)သန်းမက သတ်မှတ်ပေးတဲ့အပြင် အာလန်ဒေးကို ဗြောင်အပြတ်ရှင်းပစ်တဲ့နည်းဟာလဲ လေးလေးနက်နက် စဉ်းစားသင့်တဲ့ လုပ်နည်းအဖြစ် ဆုံးဖြတ်ခဲ့ပါတယ်။

ဒါပေမယ့် စစ်တပ်ထဲမှာ ချီလီနိုင်ငံရဲ့ ဒီမိုကရေစီတည်ဆောက်မှုကို သဘောကျတဲ့ စစ်အရာရှိကြီးတွေရှိနေလေတော့ ကစ်ဆင်ဂျာ့အနေနဲ့ ပထမပစ်မှတ်အဖြစ် ချီလီတပ်မတော်ရဲ့ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရိနိုရှနိုက်ဒါ (Ge-neral Reno Schneider) ကို ရွေးလိုက်ပါတယ်။ အဲဒီပုဂ္ဂိုလ်ဟာ စစ်တပ်နဲ့ နိုင်ငံရေးဟာ တသီးတခြားစီဖြစ်သင့်တယ်လို့ တလျှောက်လုံး ယူဆတာကိုး။ ရစ်ချတ်ဟင်းမ်စ်က ဒီနိုင်ငံလို ဒီမိုကရေစီအမြစ်တွယ်နေတဲ့ နိုင်ငံတခုမှာ အာဏာသိမ်းတာလုပ်ရင် မအောင်မြင်နိုင်ဘူးလို့ အတန်တန်တားနေတဲ့ကြားက ကစ်ဆင်ဂျာဟာ စီမံကိန်းကို ဆက်အကောင်အထည်ဖော်ဖို့ ညွှန်ကြားခဲ့ပါတယ်။

သတင်းစာဆရာ ခရစ္စတိုဖာဟစ်ချင်းစ်(Christopher Hitchens)ရဲ့အဆိုအရဆိုရင် စီအိုင်အေက ဗိုလ်ချုပ်ကြီး ရှနိုက်ဒါကို ပြန်ပေးဆွဲပြီး သတ်ဖို့ကြံစည်နေတယ်ဆိုတာကို ကစ်

ရစ်ချတ်ဟင်းမ်စ်က ဒီနိုင်ငံလို ဒီမိုကရေစီအမြစ်တွယ်နေတဲ့ နိုင်ငံတခုမှာ အာဏာသိမ်းတာလုပ်ရင်မအောင်မြင်နိုင်ဘူးလို့ အတန်တန်တားနေတဲ့ကြားက ကစ်ဆင်ဂျာဟာ စီမံကိန်းကို ဆက်အကောင်အထည်ဖော်ဖို့ ညွှန်ကြားခဲ့ပါတယ်။

သက်တမ်းအရှည်ဆုံးဒီမိုကရေစီရဲ့ ရွေးကောက်ပွဲမှာ အာလန်ဒေးအနိုင်ရခဲ့ပါတယ်။ ကစ်ဆင်ဂျာ တို့တတွေ အစွမ်းပြကြပေတော့ပေါ့။ ကစ်ဆင်ဂျာကို ဥက္ကဋ္ဌတင်ပြီး လူ(၄၀)ပါဝင်တဲ့ ကော်မတီတရပ်ကို အမြန်ဖွဲ့ယိုက်ကြပါတယ်။ သူတို့ရဲ့တာဝန်ဟာ ချီလီနိုင်ငံကို တာဝန်မဲ့လုပ်တတ်တဲ့ ပြည်သူတွေရဲ့လက်ထဲကကယ်တင်ဖို့သာမက အနီရောင်ဒီလှိုင်းတွေကို တွန်းလှန်ဖို့လဲဖြစ်ပါတယ်။

ချီလီပြည်ဟာ သဘာဝသယံဇာတပေါကြွယ်ဝပြီး အတော်လေးကျယ်တဲ့နိုင်ငံတခုပါ။ ဒါပေမယ့် ဒီနိုင်ငံလွတ်လပ်သွားလို့ အမေရိကန်နိုင်ငံဘာမှမဖြစ်ပါဘူး။ ဒါဖြင့် သူတို့ဘာကြောင့် ဒါလောက် ပူပင်နေရတာလဲ။ ကစ်ဆင်ဂျာရဲ့ စကားအတိုင်းဆိုရင် ချီလီဟာဗိုင်းရပ်ပိုးလိုပဲ ဒီဒေသတဝိုက်ကနေ အီတလီနိုင်ငံအထိကူးစက်စေမယ့် ရောဂါဖြစ်နေလို့ပါတဲ့။ စက်တင်ဘာလ (၁၅)ရက်နေ့မှာပြုလုပ်တဲ့ ရောဂါတားဆီးရေးအစည်းအဝေးတခုမှာ ကစ်ဆင်ဂျာနဲ့ သမ္မတနစ်ဆင်တို့က စီအိုင်အေဒါရိုက်တာ ရစ်ချတ်ဟင်းမ်စ်(Richard Helms)ကို ချီလီကို စီးပွားရေးအရ ကော့သွားအောင်လုပ်ရမယ်လို့ပြောပါတယ်။ အာလန်ဒေးရဲ့ သမ္မတလုပ်ငန်းကို ဆင်းဂျာဟာ သူကိုယ်တိုင်တိုက်ရိုက်သိပါတယ်။ ဒီကိစ္စဟာဆိုရင် ကစ်ဆင်ဂျာ့အနေနဲ့ အမည်မသိ လူထောင်သောင်းချီ သတ်ဖြတ်တာမဟုတ်ဘဲ တဦးတည်းကို သတ်သတ်မှတ်မှတ် ရွေးသတ်မှုမှာ ပါဝင်ပတ်သက်တဲ့ ဖြစ်ရပ်နည်းနည်းလေးထဲက တခုဖြစ်ပါတယ်။

ဒါပေမယ့် ရှနိုက်ဒါကို အခုလိုသတ်ဖြတ်လိုက်တာဟာ အာလန်ဒေး အားကြီးစရာသာဖြစ်သွားလေတော့ ၁၉၆၄ ခုနှစ်တုန်းကလိုပဲ စီအိုင်အေဦးစီးတဲ့ မီဒီယာလုပ်ကြံမှုကြီးစပါတော့တယ်။ မာက်စ်ဝါဒီတွေရဲ့ အကြမ်းဖက်မှု၊ ချီလီမှာ ဆိုဗီယက်စစ်စခန်း တည်ဆောက်နေတယ်စတဲ့ ကောလဟာလလိုလို၊ သတင်းလိုလိုဟာတွေကို နေ့တိုင်းနီးပါး ကြားနေရပါတယ်။ အမေရိကန်က စီးပွားရေးဖြတ်တောက်မှုတွေ လုပ်လိမ့်မယ်ဆိုတဲ့ ခြောက်လုံးတွေကလဲ စစ်ဗိုလ်တွေအကြားမှာ အာဏာသိမ်းရေးလေထုကို ဖန်တီးပေးနေပါတယ်။ ဒီနည်း နှစ်နည်းဟာ ဖြင့် နစ်ဆင်နဲ့ ကစ်ဆင်ဂျာတို့ ကျင့်သုံးတဲ့ အပျော့–အမာ နည်းနှစ်နည်းလို့ ပြောရင်ရပါ

စာမျက်နှာ(၈)၊ ကော်လံ (၁) သို့ ▶

မျက်နှာဖုံးမှ –

ရည်ရွယ်သူများအဖြစ် အံ့ချီးထောပနာပြု၍ မှတ်တမ်းတင်အပ်ပါတယ်။ အဖွဲ့ချုပ်အဖွဲ့ဝင်များ၏ ပြင်းထန်သောဆန္ဒ၊ မလျော့သောဝီရိယ၊ ခိုင်ခံ့သောစိတ်ဓာတ်တို့ဟာ ဒီမိုကရေစီရေးအတွက် အောင်မြင်ခြင်း၏ အခြေခံအကြောင်းတရားများဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကို လျှောက်တဲ့အခါ အခက်အခဲမျိုးစုံကို တွေ့ကြုံရတာဟာ နိယာမတရားဖြစ်ပါတယ်။

အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မျိုးချစ်ပုဂ္ဂိုလ်အဆက်ဆက်တို့က ကမ္ဘာ့အလယ်မှာလူတန်းစေ့နေနိုင်ကြစေရေးအတွက် အသက်စွန့်ပြီးပေးခဲ့တဲ့ ဒီမိုကရေစီအမွေကြီးဟာ ဒီမိုကရေစီရေးကို အသက်နဲ့ထပ်တူချစ်မြတ်နိုးတဲ့ ပုဂ္ဂိုလ်တွေရဲ့ လက်ထဲမှာသာ ကြာရှည်နိုင်မှာဖြစ်ပါတယ်။

ထို့ကြောင့် ကိုယ့်အချိန်ရောက်အောင် စောင့်နိုင်တဲ့ ဇွဲ၊ သတ္တိ ရှိရပါတယ်။ စိတ်ရှည်သည်းခံနိုင်ရပါမယ်။ ဒါဟာနိုင်ငံရေးသမားတဦးအတွက် အဓိကကျသော အရည်အချင်းတရပ်လည်းဖြစ်ပါတယ်။ အခွင့်အရေးတခုအတွက် အချိန်အခါကောင်းကိုစောင့်ပြီး လုပ်ကြရတာဟာ ကမ္ဘာ့နိယာမတရားပဲ ဖြစ်ပါတယ်။ "နေ"ကလည်း ထွက်ချိန်တန်မှ ထွက်ပါတယ်။ "လ" ကလည်း တက်ချိန်တန်မှ တက်ပါတယ်။ ဆင်ခြင်တုံတရားဖြင့် မိမိတို့၏ယုံကြည်ချက်၊ ခံယူချက်ကို မယိမ်းမယိုင်ရပ်တည်လျက် အခွင့်အခါကောင်းကိုစောင့်တတ်ခြင်းသည် အောင်မြင်ခြင်းရဲ့သော့ချက်လည်း ဖြစ်ပါတယ်။ ယခုအချိန်အခါတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပိုမိုခိုင်မြဲရေးအတွက် ပြည်နယ်၊ တိုင်းကော်မတီများနှင့် မြို့နယ်များ ပြန်လည်စိစစ်ဖွဲ့စည်းရေးကို ဆောင်ရွက်နေပါတယ်။ အဖွဲ့ချုပ်အဖွဲ့ဝင်များအားလုံး စည်းလုံးညီညွတ်စွာဖြင့် အဖွဲ့ချုပ်တာဝန်များကို စိတ်ဓာတ်ပြည့်ဝစွာ ပြန်လည်ထမ်းဆောင်နိုင်ကြစေရန်ဖြစ်ပါတယ်။ ထို့ကြောင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ပြန်လည်ထမ်းဆောင်ကြရန် အကောင်းဆုံး အချိန်အခါဖြစ်ပါတယ်။ ၎င်းပြင် ယခုအချိန်အခါတွင် အဖွဲ့ချုပ်အဖွဲ့ဝင်များ အချင်းချင်းသည် လုပ်ဖော်ကိုင်ဖက် ရဲဘော်စိတ်ဖြင့် တဦးနှင့်တဦး စိတ်ရှည်သည်းခံပြီး ရိုးရိုးသားသား ဖြူဖြူစင်စင်ဖြင့်ဆက်ဆံခြင်း၊ တဦး၏သိက္ခာကို တဦးက အပြန်အလှန်လေးစားခြင်းတို့ရှိရန် အထူးလိုအပ်ပါသည်။ ဒီမိုကရေစီရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် သူတပါးအား အပြစ်တင်စကားများ ပြောကြားနေမည့်အစား မိမိကိုယ်တိုင်က မည်သည့်အတိုင်းအတာအထိ စွမ်းဆောင်ခဲ့တယ်ဆိုတာကို ပကတိအရှိတရားအတိုင်း သေချာစွာ ဝေဖန်ပိုင်းခြားသုံးသပ် သင့်ပါတယ်။ အချင်းချင်း ညီညွတ်မှုဖြင့်၊ အဖွဲ့အစည်းညီညွတ်မှုကို စတင်တည်ဆောက်ကြရပါမယ်။ အဖွဲ့အစည်းချင်း ညီညွတ်မှုရှိမှသာလျင် တိုင်းပြည်တခုလုံး စည်းလုံးညီညွတ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

ညီညွတ်ရေးနှင့်ပတ်သက်၍ (၅၅၀) နိပါတ်တော်လာ "သမ္မောဒမာနဇာတ်"အကြောင်းအနည်းငယ်တင်ပြလိုပါတယ်။ ဗာရာဏသီမြို့တော်၌ ဖြတ္တဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်း ငုံးမင်းသည် ငုံးကောင်ပေါင်းများစွာခြံရံလျက် တောအရပ်၌နေထိုင်ပါတယ်။ မုဆိုးတယောက်သည် ထိုနေရာသို့လာပြီးလျင် ငုံးသံကဲ့သို့ မြည်တွန်၍ ငုံးများကိုစုစည်းစေပြီး ငုံးများစုဝေးလာချိန်တွင် ပိုက်ကွန်ဖြင့်ပစ်၍ ငုံးများကို ဖမ်းယူပါတယ်။

တနေ့သောအခါ ဘုရားလောင်းငုံးမင်းသည် ငုံးများကို စုဝေးစေ၍ ဤမုဆိုးကြောင့် ငါတို့၏ ဆွေမျိုးသားချင်းများ ပျက်စီးလာခဲ့ရသည်မှာများပြီ၊ မုဆိုးသည် သင်တို့အား ပိုက်ကွန်ဖြင့်ပစ်လာသောအခါ သင်တို့အားလုံးသည် တပြိုင်တည်းညီညီညွတ်ညွတ် ကွန်ကိုချီ၍ ပျံတက်ကြပြီးလျင် သင့်လျော်ရာ ဆူးချုံတခုပေါ်တွင် သက်ဆင်းကြရမည်။ ကွန်ကို ဆူးချုံပေါ်တွင်တင်ထားခဲ့ပြီးလျင် သင်တို့အားလုံးသည် ချုံအောက်ဖက်မှထွက်၍ ကိုယ်ပြေးလိုရာသို့ ပြေးကြရမည်ဟု လမ်းညွှန်ပါတယ်။ ထိုနည်း အတိုင်းကျင့်သုံးကြသဖြင့် မုဆိုးသည် ငုံးတကောင်မျှမရတော့ချေ။ နှစ်ရက်၊ သုံးရက် အကြာတွင်ငုံးများသည် စားကျက်သို့ ဆင်းကြရာ၌ ငုံးတကောင်က အခြား ငုံးတကောင်၏ခေါင်းကို မတော်တဆနင်းမိပါတယ်။ အနင်းခံရသည့်ငုံးက မကျေနပ်ပေ။ နောက်ဆုံးတွင် ပိုက်ကွန်ချီယူသည့်ကိစ္စအထိ ပြောဆိုရ၍ အချင်းချင်း ခိုက်ရန်ဖြစ်ကြပါတယ်။

နောက် နှစ်ရက်၊ သုံးရက်အကြာတွင် မုဆိုးရောက်လာပြန်ပြီး ငုံးများကို စုဝေးလာအောင်လုပ်၍ ပိုက်ကွန်ဖြင့်ပစ်ပါတယ်။ ငုံးများက ပိုက်ကွန်ကို တညီတညွတ်တည်းချီ၍ ပျံတက်ခြင်းမရှိကြတော့ချေ။ အချင်းချင်းတွက်ကပ်ကြသဖြင့် မုဆိုးသည် ငုံးများအားလုံးကို ဖမ်းယူလိုက်နိုင်ပါတယ်။ ထို့ကြောင့် စည်းလုံးညီညွတ်ခြင်းသည် အင်အားဖြစ်ပြီး စည်းလုံးညီညွတ်မှု ပြိုကွဲခြင်းသည် ပျက်စီးခြင်းဖြစ်ကြောင်းတို့ကို အထူးသတိပြုသင့်ပါတယ်။

သို့ပါသဖြင့် ယခုအချိန်အခါတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စည်းလုံးညီညွတ်မှုကို အဓိကလက်ကိုင်ထား၍ ပြည်နယ်၊ တိုင်း စိစစ်ရေးကော်မတီများနှင့် မြို့နယ်များကို ပြန်လည်စိစစ်ဖွဲ့စည်းရေးများ ဆောင်ရွက်နေရာတွင် မိမိ ပါဝင်ဆောင်ရွက်ရေး၊ မဆောင်ရွက်ရေး တို့ထက် ဒီမိုကရေစီရေး ယုံကြည်ချက်အရ ကျရာတာဝန်ကို ဝိုင်းဝန်းပြီးလုပ်ကြရန် အထူးလိုအပ်ပါတယ်။ ဒီမိုကရေစီရေးအတွက် သဘောထားကြီးကြီးဖြင့် အချင်းချင်း သဟဇာတဖြစ်ကြဖို့ အရေးကြီးပါတယ်။ မိမိရဲ့နေရာအတွက် လုပ်ခြင်းမျိုး မဖြစ်သင့်ဘဲ အမျိုးသားရေးတာဝန်တရပ်အတွက် ရိုးရိုးသားသား၊ ဖြူဖြူစင်စင်ဖြင့် စေတနာအပြည့်ထား၍ ပေးတဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်သင့်ပါတယ်။ မိမိကျရာအခန်းကဏ္ဍတွင် ကောင်းမွန်စွာလုပ်ဆောင်ခြင်းသည် မိမိ၏ဂုဏ်သိက္ခာကို မြင့်မားစေပါတယ်။ ထို့ကြောင့် ကိုယ်ရောက်နေတဲ့ တဒေါ်၊ တနေရာကနေ ဒီမိုကရေစီ အလင်းရောင်ကိုပေးသင့်ကြပါတယ်။ ဒီမိုကရေစီလမ်းကြောင်းတွင် ဆူးငြောင့်ခလုတ်တွေ များပါတယ်။ ကိုယ်ကျိုးမဖက်ဘဲ အများအကျိုးအတွက် ဆောင်ရွက်ခြင်းသည် မြင့်မြတ်သူများသာ လုပ်ဆောင်နိုင်ကြပါတယ်။ မြင့်မြတ်သူများ ဖြစ်ကြသည့်အတွက် တဦးနှင့်တဦး သစ္စာရှိခြင်း၊ နားလည်မှုရှိခြင်း၊ သည်းခံစိတ်ရှည်ခြင်းတို့ဖြင့် ဆောင်ရွက်သင့်ကြပါတယ်။ တာဝန်ပေးရေး မှန်သမျှသည် ညီညွတ်ရေးကို ရှေ့ထားပြီး မိမိအလုပ်ကို တန်ဖိုးထားမြတ်နိုးသူတို့အတွက် အသင့် မျှော်လင့်လျှက်ရှိပါတယ်။ ညီညွတ်ရေးဆိုရာတွင် အလုပ်ညီညွတ်မှု၊ သဘောတရားရေးညီညွတ်မှု၊ နိုင်ငံရေးမဟာဗျူဟာ၊ နည်းဗျူဟာ ညီညွတ်မှုတို့မှာ အဖွဲ့ချုပ် ခေါင်းဆောင်များနှင့် ရေကိုသား၊ အကြားမထင်သကဲ့သို့ တသားတည်းရှိကြရပါမည်။ စည်းလုံးညီညွတ်မှုပြိုကွဲအောင် အချင်းချင်း အုပ်စုမဖွဲ့ကြဖို့ အထူးလိုအပ်ပါတယ်။ အဖွဲ့ချုပ်၏ မူဝါဒသဘောထားများအတိုင်း ရပ်တည်သင့်ကြပါတယ်။ အုပ်စုဖွဲ့ခြင်း၊ သင်းကွဲခြင်းတို့သည် မကောင်းသောအလုပ်များဖြစ်ပါတယ်။ အမှန်အတိုင်းကတော့ ဗဟို၊ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အဖွဲ့အစည်းများကို ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ရမည် ဖြစ်သည့်အတွက် ညီလာခံများကျင်းပသည့်အခါတွင် ဗဟိုအလုပ်အမှုဆောင်ကအစ ရပ်/ကျေးစည်းရုံးရေးအဖွဲ့များအထိ ညီလာခံအသီးသီး၏ အဆုံးအဖြတ်အတိုင်း ခံယူကြရမည်ဖြစ်ပါတယ်။ နောင်တချိန်တွင် အဖွဲ့ချုပ်တာဝန်များကို ထမ်းဆောင်ကြရမည့် လူလတ်ပိုင်းများအနေဖြင့် အတွေ့အကြုံလည်းရင့်ကျက်၊ အသက်အရွယ်ကလည်း တည်ငြိမ်မှုရှိလာပြီမို့ ဒီမိုကရေစီရေးအတွက် အလုပ်ကိုသာ ကြိုးစား၍လုပ်ကြရန် လေးနက်စွာ တိုက်တွန်းပါတယ်။

တဆယ့်သုံးနှစ်တာကာလအတွင်း အတွေ့အကြုံများအရ၊ သင်ခန်းစာအမြောက်အမြားရရှိခဲ့ပြီးဖြစ်ပါတယ်။ အတိတ်မှသင်ခန်းစာများကို ဝေဖန်ပိုင်းခြားစိပ်ဖြာကြည့်လျင် အနာဂတ်အတွက် စည်းလုံးညီညွတ်မှုအင်အားများ လိုအပ်ကြောင်း တင်ပြအစီရင်ခံရင်း ကျေးဇူးတင်စွာဖြင့် နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ■

"ယာယီ ရှုံးနိမ့်သွားတဲ့ အမှန်တရားဟာ ယုတ်ညံ့တဲ့အောင်ပွဲထက် စွမ်းအားပိုရှိပါတယ်"

မာတင်လူသာကင်း(ဂျူနီယာ)

၁၉၆၄ ဇြမ်းချမ်းရေးနိုဗယ်ဆုယူစဉ် ပြောကြားခဲ့သည့်မိန့်ခွန်းမှ –

ဂေဝေါ်ကျွေးသောက်နှင့်ရောဂါ ကမ္ဘာ့အနှံ့ ကိပ်လန့်ခြောက်ခြား

စာတိုက်တွင်ပါဆယ်ထုတ်များကိုစစ်ဆေးနေပုံ

အမေရိကန်နိုင်ငံတွင် (Anthrax) ခေါ် ဇီဝပိုးမွှားလက်နက်ဖြင့် လုပ်ကြံတိုက်ခိုက်မှုများ ဖြစ်ပေါ်နေပြီးနောက် ယင်းမီးပွားမှာ အာရှနိုင်ငံများအပါအဝင် ကမ္ဘာတဝှမ်းသို့ ပျံ့နှံ့ရောက်ရှိလာကြောင်း အောက်တိုဘာ(၁၆)ရက်နေ့တွင် BBC အသံလွှင့်ဌာနက ထုတ်လွှင့်သွားခဲ့သည်။

ဖြစ်ပွားခဲ့မှုများအနက် အပြင်းထန်ဆုံး တိုက်ခိုက်ခံရသူမှာ ဩစတြေးလျှ ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်ဒ်ဖြစ်ပြီး၊ အောက်တိုဘာ(၁၅)ရက်နေ့တရက်တည်းတွင် ပေါင်ဒါမှုန့်များပါဝင်သည့် စာအိတ်များဖြင့် (၅၇)ကြိမ်တိုင်တိုင် လုပ်ကြံတိုက်ခိုက်ခံခဲ့ရကြောင်း သိရှိရသည်။

အလားတူ ဂျပန်နိုင်ငံမြောက်ပိုင်းရှိ ဖုကူရှီးမားမြို့မှ စာတိုက်တခုတွင် မသက်ာဖွယ်အဖြူရောင်အမှုန့်များပါသော စာအိတ်တခုကို တွေ့ရှိခဲ့ရသောကြောင့် လူ(၈)ဦးကို အရေးပေါ် ကာကွယ်မှုများ ပြုလုပ်ပေးခဲ့ရကြောင်းနှင့် ဇီဝပိုးမွှားများ သယ်ဆောင်လာနိုင်ဖွယ်ရှိသည့် ပါဆယ်အိတ်နှင့် စာအိတ်များတွေ့ရှိခဲ့ပါက ရဲအဖွဲ့သို့ အကြောင်းကြားရန် ညွှန်ကြားထားကြောင်း သိရှိရသည်။

ကမ္ဘာတလွှား အခြားနိုင်ငံများဖြစ်သည့် နယူးဇီလန်၊ တရုတ်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့တွင်လည်း စာအိတ်များ၊ပါဆယ်များတွင် မသက်ာဖွယ်ရာ စွန်းထင်းမှုများ၊ ပေါင်ဒါမှုန့်များပါမပါ စစ်ဆေးပြီးမှဖောက်ကြရန် လူထုကို တိုက်တွန်းနှိုးဆော်ထားကြောင်း သိရှိရသည်။ ■

ထိုင်းကျောင်းသားလှုပ်ရှားမှုသမိုင်းဝင်မော်ကွန်းကျောက်တိုင်ဖွင့်ပွဲကျင်းပနိုင်ပြီ



၁၉၇၃ ထိုင်းကျောင်းသားလှုပ်ရှားမှု ဒီမိုကရေစီအထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲ

(၂၈)နှစ်ကြာ အငြင်းပွားခဲ့ပြီးနောက် ၂၀၀၁ ခုနှစ်၊ အောက်တိုဘာ (၁၄)ရက်နေ့က ဘန်ကောက်မြို့၊ ရတ်ချာဒမ်ဧိုအန်းရိပ်သာလမ်း၊ ကော့ဝူးလမ်းဆုံ၌ ဒီမိုကရေစီ အထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြသည်။ ဝန်ကြီးချုပ်တက်စင်၊ ဝန်ကြီးချုပ်ဟောင်း အာနန်၊ ဒုဝန်ကြီးချုပ် ချာဗလစ်နှင့် လူထုလေးသောင်းခန့်တက်ရောက်ခဲ့ကြသည်။

၁၉၇၃ ခုနှစ်၊ အောက်တိုဘာ (၁၄)ရက်နေ့တွင် ထိုစဉ်က ထိုင်းနိုင်ငံ၏ စစ်အာဏာရှင် ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး ထနွန်ကစ်တီကာ ချွန်နှင့် စစ်ဗိုလ်ချုပ်ကြီးများအား ကျောင်းသားတို့၏ သွေးစွန်းသောတိုက်ပွဲဖြင့် ဖြုတ်ချခဲ့ကြပြီး ကျောင်းသားလှုပ်ရှားမှု၏ တိုက်ပွဲသမိုင်းသစ်ကို ဖွင့်လှစ်ခဲ့ကြသည်။ ကျောင်းသားအမြောက်အများ စစ်တပ်၏ ရက်စက်စွာပစ်သတ်ခြင်းကို ခံခဲ့ကြရပြီး ၎င်း စစ်ဗိုလ်ချုပ်ကြီးလည်း ပြည်ပသို့ ထွက်ပြေးခဲ့ရသည်။ ထို့နောက် ၁၉၇၆ ခုနှစ်၊ အောက်တိုဘာလ၊ (၆)ရက်နေ့တွင် ပြည်ပြေးဗိုလ်ချုပ်ကြီးသည် ရဟန်းဝတ်ဖြင့် ပြန်လာရာ ကျောင်းသားထုမှဆန္ဒပြခဲ့ကြသဖြင့် သမ္မာဆတ်တက္ကသိုလ်တွင် ကျောင်းသားမြောက်မြားစွာ တို့၏သွေးများ ဆက်လက်စွန်းထင်းခဲ့ရသည်။

ထို အောက်တိုဘာလ (၁၄)ရက်နေ့တွင် ကျဆုံးသွားခဲ့ကြသော ဒီမိုကရေစီ သူရဲကောင်းများအား အောက်မေ့ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ကျောက်တိုင် စိုက်ထူရေးကို တစိုက်မတ်မတ် ကြိုးပမ်းခဲ့သော်လည်း ယခုမှ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထိုအခမ်းအနားတွင် ကျဆုံးသွားသော သူရဲကောင်း၏ မိဘများနှင့် ဆွေမျိုးများက ဤနေ့ကို "ပြည်သူ့အခွင့်အရေးနှင့် လွတ်မြောက်ရေးနေ့"အဖြစ်သတ်မှတ်ရန်၊ ဤနေ့ဤရက်ရောက်တိုင်း ဒီမိုကရေစီ သူရဲကောင်းများအား ဂုဏ်ပြုရေးကို အစိုးရမှကြိုးမှျားပြီး အထိမ်းအမှတ်ပွဲကျင်းပပေးရန် တောင်းဆိုခဲ့ကြသည်။

ပေဖူးလ္ဘာမဂ္ဂဇင်းအယ်ဒီတာမျိုးမြင့်ညိမ်း လွတ်လပ်သောစာနယ်ဇင်းဆုချီးမြှင့်ခံရ

နအဖ စစ်အာဏာရှင်ထဲတွင် ဖမ်းဆီးထောင်ချခြင်းခံနေရသည့် ပေဖူးလ္ဘာမဂ္ဂဇင်းအယ်ဒီတာမျိုးမြင့်ညိမ်းအား ကနေဒါနိုင်ငံတွင် အခြေစိုက်သည့် (Canadian Journalists for Free Expression (CJFE) အဖွဲ့က အပြည်ပြည်ဆိုင်ရာ စာနယ်ဇင်းလွတ်လပ်ခွင့်ဆုကို ချီးမြှင့်လိုက်ကြောင်း စက်တင်ဘာလ (၂၉) ရက်နေ့ VOB သတင်းများအရ သိရှိရသည်။

၁၉၉၀ ပြည့်နှစ်မှစ၍ ထောင်ဒဏ်(၇)နှစ်ချမှတ်ခံနေရသည့် မျိုးမြင့်ညိမ်းသည် အင်းစိန်ထောင်၌ အကျဉ်းကျခံနေရဆဲမှာပင်၊ ၁၉၉၆ ခုနှစ်တွင် အင်းစိန်ထောင်တွင်းမှ အခြေအနေများကို ကုလသမဂ္ဂသို့သတင်းပေးပို့ရာ၌ ပါဝင်ခဲ့မှုဖြင့် ထောင်ဒဏ်တိုးမြှင့်ချမှတ်ခံခဲ့ရသည်။

အပြည်ပြည်ဆိုင်ရာ စာနယ်ဇင်း လွတ်လပ်ခွင့်ဆုကို ၁၉၉၈ ခုနှစ်က မြန်မာနိုင်ငံမှ သတင်းစာဆရာ၊ စာရေးဆရာ၊ ကဗျာဆရာမ တဦးဖြစ်သူ စမ်းစမ်းနွဲ့(သာယာဝတီ)က ရရှိခဲ့ပြီးဖြစ်သည်။ ယခုနှစ်အတွက် BMA ခေါ် မြန်မာသတင်းသမဂ္ဂက ပေဖူးလ္ဘာမဂ္ဂဇင်း (ပိတ်ပင်ခြင်းခံနေရဆဲ) အယ်ဒီတာမျိုးမြင့်ညိမ်းကို အဆိုတင်သွင်းခဲ့ခြင်းဖြစ်သည်။ ■

ထောင်ကျခံနေရသူသုံးဦး ပြန်လွှတ်ပေးရေး နအဖ သံရုံးသို့ စာရေးတောင်းဆို

နအဖ အကျဉ်းထောင်များအတွင်းနှစ်ရှည်ထောင်ဒဏ်ကျခံနေရဆဲဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သတင်းစာဆရာ၊ စာရေးဆရာတဦးဖြစ်သူ ဦးစိန်လှဦးအပါအဝင် သုံးဦးကို အမြန်ဆုံးလွှတ်ပေးပါရန် ပြင်သစ်နိုင်ငံ အခြေစိုက် (RSF)ခေါ်နယ်ခြားမဲ့ သတင်းထောက်များအသင်းနှင့် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ဝင်များက ဗုပေါင်းလက်မှတ်ရေးထိုးပြီး ပြင်သစ်ရှိ နအဖသံရုံးသို့ ပေးပို့တောင်းဆိုခဲ့ကြောင်း သိရသည်။

အလားတူ ပေဖူးလ္ဘာမဂ္ဂဇင်းအယ်ဒီတာ ဦးမျိုးမြင့်ညိမ်းနှင့် ဦးစိန်လှိုင်တို့နှစ်ဦးမှာလည်း ၁၉၉၀ ခုနှစ်မှစ၍ အကျဉ်းချထားခြင်းခံခဲ့ရရာ ၁၉၉၅ ခုနှစ်တွင် အင်းစိန်အကျဉ်းထောင်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေများကို ကုလသမဂ္ဂသို့ရေးသားအစီရင်ခံခဲ့ခြင်းကြောင့် ထောင်တွင်းခ၌ပင် ထပ်မံ၍ နှစ်ရှည်ထောင်ဒဏ်ပေးခြင်းခံခဲ့ရကြောင်း သိရသည်။

ယခုကဲ့သို့ စစ်အုပ်စု၏ မတရားထောင်ဒဏ်ချမှတ်ခြင်းခံထားရသူ သုံးဦးတို့ကို စစ်အကျဉ်းထောင်များမှ အမြန်ဆုံးလွှတ်ပေးပါရန် (RSF)ခေါ် နယ်ခြားမဲ့သတင်းထောက်များ အသင်းနှင့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ဝင်များက စုပေါင်းလက်မှတ်ရေးထိုးပြီး ပြင်သစ်ရှိ နအဖသံရုံးသို့ ပေးပို့တောင်းဆိုခဲ့ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ (RSF) အဖွဲ့၏ အာရှပစိဖိတ်တာဝန်ခံ မစ္စတာဗေးလ်ဆစ်ဖ ဗရိုဆဲလ်စ်က နိုဝင်ဘာလတွင် မြန်မာနိုင်ငံကို သွားရောက်မည့် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့နှင့်လည်း ၎င်းတို့သုံးဦးကို အမြန်ဆုံးလွှတ်ပေးရန် နအဖကို ဖိအားပေးတောင်းဆိုစေမည်ဖြစ်ကြောင်း(DVB)အသံလွှင့်ဌာနသို့ ပြောကြားခဲ့ပါသည်။ ■

အိုးမလုံအုံ့ပွင့်ဖြစ်နေသည့် နအဖ ဘင်လာဒင်နှင့် မဆက်သွယ်ခဲ့ကြောင်း ဘူးခါင်ငင်း

ဗိုလ်ချုပ်ခင်ညွန့်

နအဖစစ်အုပ်စုက မိမိတို့သည် အကြမ်းဖက်တိုက်ခိုက်သူဟု စွပ်စွဲခံနေရသည့် အိုစမာ ဘင်လာဒင်နှင့်အဆက်အသွယ်မရှိကြောင်း ငြင်းဆိုချက်တစောင်ကို ထုတ်ပြန်လိုက်ကြောင်း ဒီဗွီဘီ သတင်းများအရ သိရှိရသည်။

အဆိုပါသတင်းက အိုစမာဘင်လာဒင်နှင့် နအဖစစ်အုပ်စုတို့ အဆက်အသွယ်ရှိနေကြောင်းနှင့် ထိုသတင်းများ ဥရောပနိုင်ငံများတွင် ပျံ့နှံ့နေခြင်းကြောင့် နအဖ ပြန်ကြားရေးကော်မတီက ငြင်းဆိုခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ■

ခင်ဗျိန်ပ်အောက်မှ မြန်မာစာနယ်ဇင်းလောက (၄)

ရေမင်ရေသက်နီ

အချိန်က တိုက်ဆိုင်၍ပဲလားတော့ မဆိုနိုင်။

အာဏာ ရှင်ဗိုလ်နေဝင်းကလည်း နောက်မိန်းမတယောက် ထပ်ပြီးယူချိန်၊

သူ့သမီးများနှင့် ဆက်ဆံရေး အဆင်မပြေဖြစ်ချိန်နှင့် ...

"ကြေးမုံ"သတင်းစာ ပြည်သူ့ပိုင်သိမ်းခံရပြီး ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် "ဗိုလ်တထောင်" သတင်းစာထုတ်ဝေသူနှင့် အယ်ဒီတာ ဦးသိန်းဖေမြင့်သည် သူ့သတင်းစာတိုက်ကို ပြည်သူ့ပိုင်ပြုလုပ်ပါမည့်အကြောင်း မဆလ စစ်အစိုးရထံ စိတ်ပါလက်ပါ အားတက်သရော အကြောင်းကြားခဲ့သည်။ မဆလစစ်အစိုးရလည်း သူ့အကြောင်းကြားချက်ကိုလက်ခံပြီး "ဗိုလ်တထောင်" သတင်းစာတိုက်ကို စက်တင်ဘာလ (၁၁)ရက်နေ့၌ ပြည်သူ့ပိုင်သိမ်းလိုက်ပါတော့သည်။ အခြားတဖက်၌မူ ဒေါက်တာမောင်မောင် (စစ်မှုထမ်းဟောင်း၊ ရှေ့နေချုပ်၊ မဆလ ဗဟိုကော်မတီဝင်၊ ၁၉၈၈ခုနှစ်တွင် သမ္မတဖြစ်ခဲ့သူ) အယ်ဒီတာလုပ်သော အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသည့် "ဂါးဒီးယန်း" သတင်းစာမှာမူ စစ်တပ်၏ လျှို့ဝှက်ထောက်ပံ့ငွေဖြင့် ထုတ်ဝေဖြန့်ချိနေခဲ့သည်။ သို့ရာတွင် အဆိုပါ "ဂါးဒီးယန်း" သတင်းစာသည်လည်း စက်တင်ဘာလ (၂၆) ရက်နေ့၌ ပြည်သူ့ပိုင်သိမ်းခြင်းခံလိုက်ရပြန်သည်။

သတင်းစာကြီးများ ပြည်သူ့ပိုင်အသိမ်းခံပြီးနောက် အခြားသေးငယ်သော သတင်းစာများလည်း တဖြည်းဖြည်ရပ်တန့်ကုန်တော့သည်။ တရုတ်ဘာသာ၊ ဟိန္ဒူဘာသာတို့ဖြင့် ထုတ်ဝေသောသတင်းစာများသည်လည်း ၁၉۷۶ ခုနှစ်သို့ရောက်သောအခါ ထပ်မံ ထုတ်ဝေခွင့် မရတော့ပေ။ ၁۹۷۶ ခုနှစ်အတွင်းမှာပင် အချို့သောစာရေးဆရာများ၊ သတင်းစာဆရာများ အဖမ်းခံထားရမှုမှ ပြန်လွတ်လာကြသည်။ ထောင်မှလွတ်လာပြီးနောက် မဂ္ဂဇင်း၊ ဂျာနယ်တို့ကို ထုတ်ဝေခွင့်ပြုခဲ့၏။ ဦးညိုမြကို "အိုးဝေ"ဂျာနယ်၊ စိန်ခင်မောင်ရီကို "ဖြူနီညိုပြာ"မဂ္ဂဇင်း၊ ဗိုလ်မင်းခေါင်ကို "ရွှေတူ" မဂ္ဂဇင်း၊ သခင်လွင်ကို "ရှုဒေါင့်" ဂျာနယ်တို့ကို ထုတ်ဝေဖြန့်ချိခွင့်ပြုခဲ့သည်။ သို့ရာတွင် အယ်ဒီတာဦးဝင်းခက် ထောင်မှလွတ်လာပြီးနောက်ပိုင်း "ရှုဒေါင့်"ဂျာနယ်ကို တည်းဖြတ်ထုတ်ဝေနေစဉ် ထပ်မံ အဖမ်းခံရသည်လည်းရှိခဲ့၏။ မွန္တလေးမြို့၌ထုတ်ဝေသော "လူထု"သတင်းစာသည် ၁۹۷۶ ခုနှစ်တွင် အပိတ်ခံလိုက်ရပြီး အယ်ဒီတာလူထုဦးလှမှာလည်း အကျဉ်းချခံလိုက်ရသည်။ နောက်ဆုံး၌ "ဟံသာဝတီ"သတင်းစာနှင့်"မြန်မာ့အလင်း" သတင်းစာ နှစ်စောင်သည်လည်း ၁۹۷۶ ခုနှစ်၌ ပြည်သူ့ပိုင် အသိမ်းခံလိုက်ရသည်။

ချုပ်ပြောရလျှင် မြန်မာနိုင်ငံရှိ ကြီးမားသော ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းမှန်သမျှသည် မဆလစစ်အစိုးရလက်အောက်၌သာ ရှိနေပေတော့သည်။"လုပ်သားပြည်သူနေ့စဉ်" မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ သတင်းစာ၊ "ကြေးမုံ"သတင်းစာ၊ "ဗိုလ်တထောင်" သတင်းစာ၊ "ဂါးဒီးယန်း"သတင်းစာ၊ "ဟံသာဝတီ"သတင်းစာ၊ "မြန်မာ့အလင်း" သတင်းစာ၊ "မြဝတီ"မဂ္ဂဇင်း၊"ငွေတာရီ" မဂ္ဂဇင်း၊"ရွှေသွေး"ဂျာနယ်၊ "ဒို့ကျောင်းသား"ဂျာနယ်၊ "ရှေ့ဆောင်"ဂျာနယ်၊ "တေဇ"ဂျာနယ်၊ "ရှေ့သို့" အင်္ဂလိပ်ဘာသာဂျာနယ် စသည်တို့အားလုံးသည် မဆလစစ်အစိုးရက ထိန်းချုပ်ထားသော သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တို့ဖြစ်နေခဲ့လေပြီ။ ပုဂ္ဂလိက မဂ္ဂဇင်းဟူ၍ "ရှုမဝ"၊ "သွေးသောက်"နှင့် "မိုးဝေ" မဂ္ဂဇင်းတို့သာ ကျန်ရစ်တော့သည်။ ထို မဂ္ဂဇင်းသုံးစောင်အနက် "မိုးဝေ" မဂ္ဂဇင်းသည်သာ ဆင်ဆာအမိဆုံး ဖြစ်ခဲ့ရသည်။

တကယ်တော့ "မိုးဝေ"မဂ္ဂဇင်းသည် "စုံထောက်"မဂ္ဂဇင်းအမည်ကို ပြောင်းလဲထုတ်ဝေခြင်းဖြစ်သည်။ ၁۹۶۷ ခုနှစ်၊ သြဂုတ်လ(၁၅)ရက်နေ့တွင် ကွယ်လွန်သွားခဲ့သော စာရေးဆရာ'မိုးဝေ'ကို အမှတ်တရပြု ထုတ်ဝေသော မဂ္ဂဇင်းဖြစ်သည်။ ၁۹۶۸ ခုနှစ်၊ ဖေဖော်ဝါရီလသို့ရောက်သောအခါ "မိုးဝေ" မဂ္ဂဇင်းဟုအမည်ပြောင်းလိုက်ပြီး စာပေမဂ္ဂဇင်းပုံစံဖြင့် ထုတ်ဝေခဲ့ခြင်းပင်။ ၁۹۶۸ ခုနှစ်မှ ၁۹۷၅ ခုနှစ်အထိ စာရေးဆရာနတ်နွယ်က အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် ထိုအချိန်အထိ စာပေစိစစ်ရေးအဖွဲ့မှ ဆင်ဆာဖြတ်တောက်ခဲ့ခြင်း သိပ်မရှိခဲ့ပေ။ ၁۹۷۶ ခုနှစ် သန်းနိုင်၊ ညိုသစ်၊ သန်းအုန်းတို့သုံးဦး အယ်ဒီတာ လုပ်သည့်အချိန်မှစ၍ "မိုးဝေ" မဂ္ဂဇင်းတွင်ပါသည့် ကဗျာများ ဆင်ဆာအဖြတ်ခံခဲ့ရတော့သည်။ လက်လှမ်းမီသမျှ ဖော်ပြရလျှင် ၁۹۷۶ ခုနှစ်၊ ဒီဇင်ဘာလထုတ်၌ ပါဝင်ခဲ့သော 'ကြူးနစ်'ရေးသားသည့် "နွေဘ"၊ ၁۹۷۶ ခုနှစ်၊ မတ်လထုတ်၌ ပါဝင်ခဲ့သော ညိုသစ်ရေးသားသည့် "နေ့ဖွဲ့ ကဗျာနှင့် ပြက္ခဒိန်မဲ့ပစ္စုပ္ပန်"၊ ၁۹۷۷ ခုနှစ်၊ နိုဝင်ဘာလထုတ်၌ 'ဖုန်းဆိုး'ရေးသားသည့် "အေးစက်သောမီးလျှံ၏ ဒုတိယကြေးမုံ"၊ ၁۹۷۷ ခုနှစ်၊ သြဂုတ်လထုတ်၌ 'ဖော်ဝေး'ရေးသားသည့် "နှလုံးအိမ်ထဲရေတော်ခြင်း"၊ ၁۹۷۷ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်၌ 'မောင်စွမ်းရည်' ရေးသားသည့် "ခေတ်ပေါ်ကဗျာ"၊ ၁۹۷۶ ခုနှစ်၊ နိုဝင်ဘာလထုတ်၌ 'မောင်လေးအောင်' ရေးသားသည့် "အလွမ်းမပြေလောက်အောင် ပန်းကြွေကောက်ခဲ့တဲ့ သူငယ်ချင်းသို့"၊ ၁۹۷۹ ခုနှစ်၊ မေလထုတ်၌ 'အညာတမာ'ရေးသားသည့် "အရိပ်ကြောက်သူ" ၁۹۷۹ ခုနှစ်၊ ဧပြီလထုတ်၌ 'တင်မော်' ရေးသားသည့် "လိမ့်ကျလိမ့်မယ်"....စသည်ဖြင့်၊ (ထိုကဗျာများမှာ 'မိုးဝေ'မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခဲ့သော်လည်း စာပေစိစစ်ရေးအဖွဲ့မှ ဖြတ်တောက်ခံလိုက်ရသော ကဗျာများပင်။ ၁۹۷۶ ခုနှစ်မှ ၁۹۸၀ ပြည့်နှစ်အတွင်း ကျနော်လက်လှမ်းမီသမျှ ထုတ်နုတ်ပြခြင်းဖြစ်ပေသည်။ ၁۹۸၀ ပြည့်နှစ်နောက်ပိုင်း စာပေစိစစ်ရေးကဏ္ဍကို အသေးစိပ် ထပ်မံရေးပြပါဦးမည်။)

လာဘ်ပေးလာဘ်ယူမှုစွဲချက်ဖြင့် ရာထူးမှဖြုတ်ချခံခဲ့ရသော စစ်ဗိုလ်နှစ်ဦးအနက် တဦးသည် "မှူးသပြေ"ဟူသော ကလောင်အမည်ဖြင့် နာမည်ရလာကာ"သပြေ"မဂ္ဂဇင်းကို ထုတ်ဝေခွင့်ရခဲ့သည်။ နောက်တဦးမှာမူ "ဝင်းဦး" အမည်ဖြင့် ရုပ်ရှင်မင်းသား၊ စာရေးဆရာဖြစ်လာကာ "စန္ဒာ"မဂ္ဂဇင်းကို ထုတ်ဝေခွင့်ရခဲ့သည်။ ၁۹۸၀ ပြည့်လွန်နှစ်များတွင် ဗိုလ်မှူးကြီးမြလှိုင် (စာရေးဆရာမြလှိုင်) ထုတ်ဝေသော "ပေဖူးလ္ဘာ"မဂ္ဂဇင်း၊ ဗိုလ်မှူးကြီးတင်မောင် (စာရေးဆရာမြတ်ထန်)ထုတ်ဝေသော"ချယ်ရီ" မဂ္ဂဇင်း၊ တော်လှန်ရေးကောင်စီဝင် ဗိုလ်ချုပ်တင်ဖေ၏ဇနီး ဒေါ်သိန်းဆိုင် (စာရေးဆရာမမြတ်လေး)ထုတ်ဝေသော"မြတ်လေး"မဂ္ဂဇင်းတို့ ရှေ့ဆင့်နောက်ဆင့် ပေါ်ထွက်လာခဲ့သည်။ ထိုမဂ္ဂဇင်းများကို မဆလအစိုးရမှ ထုတ်ဝေခွင့်ပြုခဲ့ခြင်းမှာ "ကိုယ့်လူဟောင်းကို ကိုယ်ကြည့်" သည့် သဘောမျိုးပင်။ (တော်လှန်ရေးကောင်စီဝင် ဗိုလ်မှူးချုပ်အောင်ကြီးကို "အောင်ကြီး" ကိတ်မုန့်နှင့် "အောင်ကြီး"လက်ဖက်ရည်ဆိုင်များဖွင့်ခွင့်ပြုခဲ့သည်ကို ကြည့်လေ။)

ဝတ္ထုအကြောင်းနှင့်ပတ်သက်၍ ပြောရဦးမည်။ ၁۹۶۷ ခုနှစ်အတွင်း စာရေးဆရာမ ခင်နှင်းယု (ပထစအစိုးရလက်ထက် ဗိုလ်မှူးကြီးတဦး၏ဇနီး၊ ဝန်ကြီးချုပ်ဦးနုနှင့် အနီးကပ်ရှိနေခဲ့သူ)ရေးသားသော"ကျမ၏ချစ်သူ" အမည်ရှိ ဝတ္ထုစာအုပ်ကို မဆလစစ်အစိုးရက ထုတ်ဝေခွင့်မပေးဘဲ ပိတ်ပင်ထားလိုက်၏။ မဆလစစ်အစိုးရ၏စွဲချက်၌မူ စာရေးဆရာမခင်နှင်းယုသည် သူမ၏ဝတ္ထုထဲ၌ ဝန်ကြီးချုပ် ဦးနု၏ဇနီးကို ဇာတ်ကောင်ဖွဲ့ရေးသားထားရ၍ဟူသတတ်။

အမျိုးသမီးစာရေးဆရာမ မာလာသိန်း၏ ဝတ္ထုတပုဒ်ကိုလည်း ပိတ်ပင်ထားခဲ့သည်။ ဝတ္ထုဇာတ်လမ်းက ရိုးရိုးရှင်းရှင်းပင်။ သူ့အမေသေပြီးနောက် သူ့အဖေ နောက်မိန်းမယူသဖြင့် စိတ်ဒုက္ခရောက်ရသောမိန်းကလေးတယောက် အကြောင်း ဖွဲ့ဆိုရေးသားထားခြင်းပင်။ အချိန်က တိုက်ဆိုင်၍ပဲလားတော့မဆိုနိုင်။ အာဏာရှင်ဗိုလ်နေဝင်းကလည်း နောက်မိန်းမတယောက် ထပ်ပြီးယူချိန်၊ သူ့သမီးများနှင့် ဆက်ဆံရေး အဆင်မပြေဖြစ်ချိန်နှင့် သွား၍ တိုက်ဆိုင်နေလေသည်။ ■

(ဆက်လက်ဖော်ပြပါမည်)

၂၀၀၁ ခုနှစ်အတွက် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်ဆု ကုလသမဂ္ဂအဖွဲ့နှင့် အတွင်းရေးမှူးချုပ် ကိုဖီအာနန်တို့ပူးတွဲရရှိ

၂၀၀၁ ခုနှစ်အတွက် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်ဆုကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်တို့အား ပူးတွဲချီးမြှင့်လိုက်ကြောင်း နော်ဝေးအခြေစိုက် နိုဗယ်ဆုချီးမြှင့်ရေးကော်မတီ၏ ကြေညာချက်ကို အောက်တိုဘာလ (၁၃)ရက်နေ့ထုတ် "နေးရှင်း" သတင်းစာတွင် ဖော်ပြပါရှိသည်။



ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်

"အခုလို ဆုချီးမြှင့်ခံရတဲ့အတွက် အံ့သြဝမ်းသာခံစားရပါတယ်။ ဒီ့ထက်မက ကြိုးပမ်းဆောင်ရွက်ဖို့ ကျနော်တို့အဖွဲ့အစည်းကို ခွန်အားအသစ်တွေ ထပ်ဖြည့်ပေးလိုက်တာပါ။ ကုလသမဂ္ဂဝန်ထမ်းအားလုံးအတွက် ဂုဏ်ယူမိပါတယ်။ တချိန်တည်းမှာပဲ ကျနော်တို့တာဝန်တွေ ပိုမိုကြီးမြင့်လာပြီး ငြိမ်းချမ်းရေးအတွက် ဆထက်ထမ်းပိုးထမ်းရွက်ဖို့ တာဝန်ပေးလိုက်ခြင်းလည်း ဖြစ်ပါတယ်"

နိုဗယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ရေးကော်မတီက စစ်အေးတိုက်ပွဲနောက်ပိုင်း ကမ္ဘာ့လုံခြုံရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ရှေ့တန်းမှ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့၍ဖြစ်ကြောင်း၊ ကမ္ဘာကြီး ပိုမိုငြိမ်းချမ်းအောင် အကောင်းဆုံး စည်းရုံးလှုံ့ဆော်ခဲ့သော ၎င်းတို့၏ လုပ်ဆောင်မှုကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်တို့အား ပေးအပ်ချီးမြှင့်ရခြင်းဖြစ်ကြောင်း၊ မစ္စတာအာနန်သည် ကုလသမဂ္ဂအဖွဲ့၏ အရေးပါမှုကို ပိုမိုပီပြင်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို သတိပြုမိပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် (၆၃)နှစ်ရှိပြီဖြစ်သော မစ္စတာ ကိုဖီအာနန်သည် ၁၉၉၇ ခုနှစ်မှစ၍ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ်ရွေးချယ်ခံခဲ့ရသည်။ ၎င်း၏ ပြည့်စုံသောခေါင်းဆောင်မှုအရည်အချင်းနှင့် အာဖရိကနိုင်ငံများ၏ ပြည်တွင်းစစ်များအပေါ် အမြင်ပြတ်သားမှု၊ ကမ္ဘာတလွှား လူသားအားလုံးအပေါ် ခြိမ်းခြောက်လာနေသည့် AIDS ရောဂါ တိုက်ဖျက်ရေးတွင် စိတ်အားထက်သန်စွာဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတကာက လေးစားချီးကျူးခံရသူဖြစ်သည်။

ငြိမ်းချမ်းရေးနိုဗယ်ဆု ချီးမြှင့်ခံရခြင်းနှင့် ပတ်သက်၍ ၎င်းက "အခုလို ဆုချီးမြှင့်ခံရတဲ့အတွက် အံ့သြဝမ်းသာခံစားရပါတယ်။ ဒီ့ထက်မက ကြိုးပမ်းဆောင်ရွက်ဖို့ ကျနော်တို့အဖွဲ့အစည်းကို ခွန်အားအသစ်တွေ ထပ်ဖြည့်ပေးလိုက်တာပါ။ ကုလသမဂ္ဂဝန်ထမ်းအားလုံးအတွက် ဂုဏ်ယူမိပါတယ်။ တချိန်တည်းမှာပဲ ကျနော်တို့တာဝန်တွေ ပိုမိုကြီးမြင့်လာပြီး ငြိမ်းချမ်းရေးအတွက် ဆထက်ထမ်းပိုး ထမ်းရွက်ဖို့ တာဝန်ပေးလိုက်ခြင်းလည်း ဖြစ်ပါတယ်"ဟု ပြောကြားသွားခဲ့သည်။

အဆိုပါဆုပေးပွဲအခမ်းအနားကို နိုဗယ်ဆုနှစ်တရာပြည့်အခမ်းအနားကျင်းပမည့် ယခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် နော်ဝေးနိုင်ငံ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ထိုအခမ်းအနားသို့ သက်ရှိထင်ရှားရှိသည့် နိုဗယ်ဆုရှင်အားလုံးတက်ရောက်ရန်ဖိတ်ကြားထားကြောင်း သိရသော်လည်း မြန်မာနိုင်ငံမှ ၁၉၉၁ ခုနှစ် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်မှာ နေအိမ်တွင် အကျယ်ချုပ်ကျခံထားရဆဲဖြစ်သည့်အတွက် တက်ရောက်နိုင်ဖွယ်မရှိကြောင်းသိရသည်။ ■

အာရှတိုက်မှ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်များ

(၁) ၁၉၇၃ ခုနှစ် (ဗီယက်နမ်နိုင်ငံ) **လီဒတ်သို** (Le Duc Tho) **အမေရိကန် လူမျိုး ဟင်နရီကစ်ဆင်းဂျာ** (Henry Kissinger) **နှင့် ပူးတွဲရရှိ။**

(၂) ၁၉၇၄ ခုနှစ်၊ (ဂျပန်နိုင်ငံ) **အေဆာကုဆာတို** (Eisaku Sato) **ဂျိုနီဗာ အခြေစိုက် နိုင်ငံတကာငြိမ်းချမ်းရေးအဖွဲ့ ဥက္ကဋ္ဌ ရှောင်မာ့(ခ်)ဘရိုဒ်** (Sean Mac Bride) **နှင့် ပူးတွဲရရှိ။**

(၃) ၁၉၈၉ ခုနှစ်၊ (တိဗက်နိုင်ငံ) **ဒလိုင်းလားမား** (Dalai Lama)

(၄) ၁၉၉၁ ခုနှစ် (မြန်မာနိုင်ငံ) **ဒေါ်အောင်ဆန်းစုကြည်**

(၅) ၁၉၉၆ ခုနှစ်၊ (အရှေ့တိမော) **ကားလို့စ်ဖီးလစ်ဇီမန်နီဘယ်လို** (Corlos Felipe Ximenes Belo)**နှင့် ဟိုဆေးရာပို့စ်ဟော်တာ** (Jose Ramos-Horta)

(၆) ၂၀၀၀ ပြည့်နှစ်၊ (တောင်ကိုးရီးယားနိုင်ငံ) **ကင်ဒေးဂျုံ** (Kim Dae Jung)

၂၀၀၁ ခုနှစ်အတွက် ခါတုဗေဒဆိုင်ရာနိုဗယ်ဆုကို မစ္စတာနိုယိုရီ ရရှိ
ဂျပန်အမျိုးသားများထဲမှ (၁၀)ဦးမြောက် ရရှိသူဖြစ်

ဂျပန်နိုင်ငံ၊ နာဂိုယာတက္ကသိုလ်၌ ပါမောက္ခအဖြစ်လုပ်ကိုင်နေသူ အသက်(၆၃)အရွယ် ရိုင်ရိုဂျိနိုယိုရီ (Ryoji Noyori)သည် အမေရိကန်လူမျိုး ခါတုဗေဒပညာရှင်နှစ်ဦးနှင့် တွဲဖက်၍ ခါတုဗေဒဆိုင်ရာနိုဗယ်ဆုကို ဆွတ်ခူးရရှိသွားသည်။ မစ္စတာနိုယိုရီ၊ မစ္စတာဝီလျံနီးလက်စ်၊ မစ္စတာဘယ်ရီရှပ်လက်စ်တို့ (၃)ယောက်သည် ပဋိဇီဝဆေးဝါးများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ကြိုးစားခဲ့မှုကြောင့် နိုဗယ်ဆုရရှိခဲ့ခြင်းဖြစ်သည်။ ပါမောက္ခနိုယိုရီသည် ဂျပန်အမျိုးသားများထဲမှ (၁၀)ဦးမြောက် နိုဗယ်ဆု ရရှိခဲ့သူဖြစ်သည်။ သူသည် တိုကျိုတက္ကသိုလ်မှ အင်ဂျင်နီယာဘာသာဖြင့် ၁၉၆၁ ခုနှစ်တွင် ဘွဲ့ရရှိခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် နာဂိုယာတက္ကသိုလ်၌ ဝင်ရောက်အမှုထမ်းခဲ့သည်။ အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ ပီအိပ်ချ်ဒီပါရဂူဘွဲ့ကို ရရှိခဲ့သူဖြစ်သည်။

မစ္စတာ ရိုင်ရိုဂျိနိုယိုရီ

ယမန်နှစ်က ခါတုဗေဒဆိုင်ရာ နိုဗယ်ဆု ရရှိခဲ့သူ ဂျပန်လူမျိုး မစ္စတာဟိဒေးကိုရှိရကာဝသည်လည်း အခြားအမေရိကန် သိပ္ပံပညာရှင်နှစ်ယောက်နှင့်အတူ နိုဗယ်ဆုကိုဆွတ်ခူးရရှိခဲ့ဖူးသည်။ ဂျပန်ဝန်ကြီးချုပ် ဂျူနိုချိုရှိကိုအိဇုမိက နိုဗယ်ဆုရရှိခဲ့ခြင်းအတွက် မစ္စတာနိုယိုရီကို ဂုဏ်ပြုစကားပြောကြားခဲ့သည်။ ■

နိုဗယ်ငြိမ်းချမ်းရေးဆုတံဆိပ်

၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ၊ (၁၀) ရက်နေ့တွင် ကျရောက်မည့် ငြိမ်းချမ်းရေးနိုဗယ်ဆု နှစ်တရာပြည့်အထိမ်းအမှတ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စိစဉ်ဖော်ပြရခြင်းဖြစ်ပါသည်။

(အယ်ဒီတာအဖွဲ့)

စာရေးဆရာကြီး ဗွီအက်စ်နိုင်ပေါလ် ၂၀၀၁ ခုနှစ်အတွက် စာပေဆိုင်ရာနိုဗယ်ဆုရရှိ

"မမျှော်လင့်ဘဲနှင့် ဒီ နိုဗယ်ဆုကို ရရှိခဲ့တာပါ။ ဒီဆုရတဲ့အတွက် အင်္ဂလန်နိုင်ငံအတွက်သာမကဘဲ ကျနေ့ာ်ကို မွေးဖွားခဲ့တဲ့ နိုင်ငံအတွက်ပါ ဂုဏ်ယူစရာဖြစ်တာပေါ့"

စာရေးဆရာကြီး ဗွီအက်စ်နိုင်ပေါလ်

အသက်(၆၉)နှစ်ရှိ ဗြိတိသျှစာရေးဆရာ ဗွီအက်စ်နိုင်ပေါလ် ယခုနှစ်အတွက် စာပေဆိုင်ရာ နိုဗယ်ဆုကို ဆွတ်ခူးရရှိသွားသည်။ စာရေးဆရာနိုင်ပေါလ်ကို အင်ဒီယန်း မိဘများက ထရိနိဒတ်နိုင်ငံ၌ မွေးဖွားခဲ့သည်။ သူသည် ငယ်ရွယ်စဉ်ကလေးဘဝ၌ ထရိနိဒတ်နိုင်ငံ၏ ယဉ်ကျေးမှု အရှုပ်တော်ပုံကြီးထဲ၌ ကြီးပြင်းခဲ့ရသည်။ ထိုအချက်သည် သူ့စာအုပ်များထဲ၌ အဓိကပါဝင်နေခဲ့သည်။ သက်တမ်း (၂၁)နှစ်ရှိပြီဖြစ်သော ဆွီဒင်အကယ်ဒမီကျောင်းတော်ကြီးက "ကမောက်ကမ ဖွားမြင်လာခြင်း" (The Enigma of Arrival) ဝတ္ထုကြီးကို ၁၉၈၇ ခုနှစ်က ရေးသားခဲ့ခြင်းအတွက် နိုဗယ်ဆုပေးအပ်ခဲ့ခြင်းဟုဆိုသည်။ အဆိုပါဝတ္ထုသည် ကိုလိုနီခေတ် နိုင်ငံတနိုင်ငံအကြောင်း ရေးသားထားခြင်းဖြစ်ပြီး ၎င်း၏ တပိုင်းတစအတ္ထုပ္ပတ္တိ ဟုလည်း ဆိုနိုင်သည်။

ဗွီအက်နိုင်ပေါလ်ကို ၁၉၃၂ ခုနှစ်၊ ဩဂုတ်လ၊ (၁၇)ရက်နေ့၌ဖွားမြင်ခဲ့ပြီး ဟိန္ဒူဘာသာရေး မိသားစုဝင်တယောက်ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး အောက်စဖို့တက္ကသိုလ်၌ ပညာသင်ကြားခဲ့သည်။ အောက်စဖို့တက္ကသိုလ်တွင် အင်္ဂလိပ်စာပေကို သင်ယူခဲ့သည်။ လွန်ခဲ့သည့် (၄၅)နှစ်အတွင်း စာအုပ်ပေါင်း (၂၆)အုပ်ကို ရေးသားခဲ့သည်။ သူရေးခဲ့သည့် (၁၂) အုပ်မြောက် စာအုပ် "ဘဝသက်တမ်းတဝက်" (Half a Life)စာအုပ်သည် ယခင်က ထုတ်ဝေခွင့်မရခဲ့သော်လည်း၊ ယခုနှစ် နှစ်ဆန်းပိုင်းက ထွက်ပေါ်လာခဲ့သည်။ ထိုစာအုပ်ထဲတွင် ၁၉၃၀ ပြည့်လွန်နှစ် အိန္ဒိယနိုင်ငံရေးနောက်ခံ၊ ၁၉၅၀ ပြည့်လွန်နှစ် လန်ဒန်မြို့ မြင်ကွင်းအခြေအနေ၊ သူလုပ်ကြံဖန်တီးထားသည့် အာဖရိကတိုက် နိုင်ငံတနိုင်ငံ (မိုဇမ်ဘစ်နိုင်ငံကို ရေးသားသည်ဟုယူဆ၍ရသည်) စသည့် အခြေအနေနောက်ခံများကို ရေးသားထားခဲ့သည်။ အစ္စလာမ်ဘာသာရေးအကြောင်းကိုလည်း ဝေဖန်ရေးသားခဲ့သည်။

"ဖခင်တယောက်နှင့် သူ့သားအကြား ရေးသားခဲ့သည့်စာများ" (Letters Between a Father and His Son)စာအုပ်သည် ၁၉၉၉ ခုနှစ်တွင်ထွက်ပေါ်လာပြီး အဆိုပါစာအုပ်ထဲတွင် ဆင်းရဲချို့တဲ့သည့်ဘဝနှင့် အထီးကျန်ဆန်မှုများကို ဇောင်းပေးရေးသားထားသည်။ နိုင်ပေါလ်သည် ဝတ္ထုရှည်ကြီးများတင်မကဘဲ ကျမ်းစာအုပ်များကိုလည်း ရေးသားခဲ့သည်။ ၎င်းတို့အထဲတွင် "စစ်မက်သူရဲများ" (Guerrillas) စာအုပ်သည် နာမည်အကျော်ဆုံးဖြစ်ပြီး ကိုလိုနီလက်အောက်တွင် အမျိုးသားရေးဝါဒ ပေါ်ပေါက်လာပုံကို အသေးစိတ်ရေးသားဖော်ပြခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံသို့ ရောက်ရှိပြီးနောက်ပိုင်း ကမ္ဘာအနှံ့ခရီးထွက်နေခဲ့သည်။

စာပေဆိုင်ရာ နိုဗယ်ဆုကို ရရှိခဲ့သော်လည်း နိုင်ပေါလ်၏ အိမ်ထောင်ရေးဘဝသည်မူ ချောမွေ့သည်တော့ မဟုတ်ခဲ့ပေ။ ၁၉၅၅ ခုနှစ်တွင် ပက်ထရစ်ရှာဟေးလ်နှင့် လက်ထပ်ခဲ့သော်လည်း သာယာသည်ဟုမရှိခဲ့ဘဲ ကွဲကွာသွားခဲ့ရသည်။ ၁၉၉၆ ခုနှစ်တွင် နောက် အမျိုးသမီးတယောက် နာဒီရာခန်နန်အာလ်ဗီနှင့် ထပ်မံအိမ်ထောက်ပြုခဲ့သော်လည်း အဆင်မပြေခဲ့ပေ။ ဒုတိယ အိမ်ထောင်မပြုမီ နှစ်များအတွင်း ပြည့်တန်ဆာများနှင့် ဆက်သွယ်ဆက်ဆံနေခဲ့ရသည်။

"မမျှော်လင့်ဘဲနှင့် ဒီ နိုဗယ်ဆုကို ရရှိခဲ့တာပါ။ ဒီဆုရတဲ့အတွက် အင်္ဂလန်နိုင်ငံအတွက်သာမကဘဲ ကျနေ့ာ်ကို မွေးဖွားခဲ့တဲ့ နိုင်ငံအတွက်ပါ ဂုဏ်ယူစရာဖြစ်တာပေါ့" ဟု ဗွီအက်စ်နိုင်ပေါလ်က အောက်တိုဘာလ (၁၁) ရက်နေ့က ပြောကြားခဲ့သည်။

ဗွီအက်စ်နိုင်ပေါလ်သည် အာဖရိကနိုင်ငံများ၊ ဝက်စ်အင်ဒီးယားနိုင်ငံ၊ တောင်အမေရိကတိုက်နှင့် မြောက်အမေရိကတိုက်တို့အကြောင်း၊ အစ္စလာမ်ဘာသာရေးအကြောင်း စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ရေးသားခဲ့သည်။ ■

လက်တုံ့မပြန်ခင် စဉ်းစားပါဦး

ဇီဝဇိုး

အမေရိကန်သမိုင်းမှာပေါ်ပေါက်ခဲ့တဲ့ အဆိုးရွားဆုံး ကံဆိုးမိုးမှောင်ကျမှုကြီးတွေထဲက တခုအတွက် ကြေကွဲဝမ်းနည်းရမှု၊ ဒေါသပေါက်ကွဲမှုတွေဖြစ်စေရတဲ့ မင်ဟတ်တန်အရေးအခင်းကြီးမှာ ဖန်တီးကျူးလွန်သူတွေကို လိုက်လံရှာဖွေဖမ်းဆီးပြီး အပြစ်ပေးအရေးယူမယ်ဆိုတဲ့ ဘွတ်ရှ်အစိုးရရဲ့ ခိုင်မာတဲ့ သံမဏိဆုံးဖြတ်ချက်ကို နားလည်ခံစားပေးနိုင်ပါတယ်။

ဒါပေမယ့် စစ်ပွဲကိုစတင်တိုက်ခိုက်တော့ မယ့်သူတို့နဲ့ အစိုးရကိုထောက်ခံမှုတွေ အပြည့်အဝ မပေးမီ၊ အမေရိကန်ပြည်သူတွေဟာ အခြေခံကျတဲ့မေးခွန်းတွေကိုဖြေဆိုဖို့လိုပါတယ်။ အဲသည့်အထဲက ဘာကြောင့် အမေရိကန်တွေဟာ ပထမနေရာမှာ အတိုက်ခံခဲ့ရသလဲ။ "ဘယ်သူ့ကို"နဲ့ "ဘာကို"သည်စစ်ပွဲကတိုက်မှာလဲ။ စစ်ပွဲကုန်ကျစရိတ် ဘယ်သူခံမှာလဲ၊ စစ်ပွဲက အမေရိကန်ပြည်သူတွေကို ဘယ်အထိ ဦးဆောင်ခေါ်သွားမလဲဆိုတဲ့ မေးခွန်းတွေပါပဲ။

သည်မေးခွန်းတွေကိုဖြေဆိုဖို့ ကြိုးပမ်းမှုဟာ အပြစ်မဲ့ဝါးစာခံများအတွက် အမြန်ဆုံးတရားမျှတမှုကို "လိုအပ်တဲ့ လိုအင်ဆန္ဒ"နဲ့ အဓိပ္ပာယ်အတိအကျ မဖော်ပြနိုင်တဲ့ စစ်ပွဲကပေါက်ဖွားလာမယ့် ရလဒ်အပေါ် ထားရှိတဲ့ "သံသယ"တို့အကြား ဟိုဘက်ဒီဘက် ဝေခွဲမရနိုင်တဲ့ အမေရိကန်ပြည်သူတွေကို ပိုမိုကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေချနိုင်စေဖို့ အကူအညီပေးနိုင်ပါလိမ့်မယ်။ များစွာသော အမေရိကန်ပြည်သူတွေဟာ သည်ဆန့်ကျင်ဘက်နှစ်ဘက်ကို သဘောတူထားနေတယ်ဆိုတာကို WTC အတိုက်ခံရပြီး နောက်တနေ့ကောက်ယူရရှိတဲ့ (၉၀%)ကျော်ထောက်ခံမှုကနေ နှစ်ပတ်အကြာ ကောက်ယူရရှိတဲ့(၅၄%)သာရှိတော့တဲ့ထောက်ခံမှု (လူထုဆန္ဒသဘောထားကောက်ခံယူမှု)ကျဆင်းသွားမှုက ရောင်ပြန်ဟပ်ဖော်ပြနေပါတယ်။

ပြန်လည်ပြုပြင်ရေးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေလုပ်နေတုန်းမှာပဲ အမေရိကန်ပြည်သူများနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းက စက်တင်ဘာ(၁၁)ရက်နေ့တိုက်ခိုက်မှုနဲ့ပတ်သက်ပြီး အခြေခံကျတဲ့အကြောင်းအရင်းကိုရှာဖွေဖို့ အမေရိကန်အစိုးရကို ပန်ကြားခဲ့ပါတယ်။ မတူညီတဲ့နောက်ကြောင်းခံအသီးသီးက မြောက်မြားစွာသော သရုပ်ခွဲသူများက အခြေခံကျတဲ့ အချက်အနေနဲ့ ထောက်ပြတာကတော့ အမေရိကန်အစိုးရရဲ့နိုင်ငံခြားရေးပေါ်လစီကအခြေခံပြီး ဆင်းသက်လာတဲ့ အမုန်းတရားပါပဲ....တဲ့။

"ဘယ်သူမှ အကြမ်းဖက်ဝါဒီအဖြစ် မွေးဖွားလာခဲ့ကြတာမဟုတ်ပါဘူး" ထိုင်း အတွေးအခေါ်ပညာရှင် ပရော်ဖက်ဆာ မက်တမ်ထိုင်းရဲ့ အဆိုအမိန့်ဖြစ်ပါတယ်။ သူ့အတွက်ကတော့ အကြမ်းဖက်မှုလက္ခဏာသတ်မှတ်ချက်ကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာ ရူးသွပ်ခြင်း၊ စိတ်မနှံ့ခြင်း၊ (ဒါမှမဟုတ်) ကောက်ကျစ်စဉ်းလဲမှုတို့ မဟုတ်ဘူး။ ဒါပေမယ့် ပြင်းထန်တဲ့အမုန်းတရားနဲ့ သူတို့မုန်းတဲ့လူတွေအပေါ် ထိခိုက်ဒဏ်ရာရစေလိုတဲ့ လိုအင်ဆန္ဒသာဖြစ်တယ်လို့ဆိုပါတယ်။

အကြမ်းဖက်မှု လက္ခဏာသတ်မှတ်ချက်ကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာ ရူးသွပ်ခြင်း၊ စိတ်မနှံ့ခြင်း၊ (ဒါမှမဟုတ်) ကောက်ကျစ်စဉ်းလဲမှုတို့ မဟုတ်ပါဘူး။ ဒါပေမယ့် ပြင်းထန်တဲ့ အမုန်းတရားနဲ့ သူတို့မုန်းတဲ့လူတွေအပေါ် ထိခိုက်ဒဏ်ရာရစေလိုတဲ့ လိုအင်ဆန္ဒသာဖြစ်တယ်လို့ ဆိုပါတယ်

အမေရိကန်အစိုးရရဲ့နိုင်ငံခြားရေးပေါ်လစီကအခြေခံ ကျတဲ့မေးခွန်းတွေကိုဖြေဆိုဖို့လိုပါတယ်။ အဲသည့်အထဲက ဘာကြောင့် အမေရိကန်တွေဟာ ပထမနေရာမှာ အတိုက်ခံခဲ့ရသလဲ။ "ဘယ်သူ့ကို"နဲ့ "ဘာကို"သည်စစ်ပွဲကတိုက်မှာလဲ။ စစ်ပွဲကုန်ကျစရိတ် ဘယ်သူခံမှာလဲ၊ စစ်ပွဲက အမေရိကန်ပြည်သူတွေကို ဘယ်အထိ ဦးဆောင်ခေါ်သွားမလဲဆိုတဲ့ မေးခွန်းတွေပါပဲ။

ဒီဝဝိုး

ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာဆိုရင် အင်အားကြီးနိုင်ငံဖြစ်တဲ့အမေရိကန်ဟာ စီးပွားရေးနဲ့ ကုန်သွယ်ရေးစနစ်တွေကို သူ့အကျိုးစီးပွားအတွက် ပြင်ဆင်ရေးဆွဲတယ်။ သူတို့အတွက်အဆင်ပြေညီညွတ်မှုမရှိတဲ့ ကုန်သွယ်ရေးစာချုပ်တွေကို ပယ်ဖျက်တယ်။ အာဖဂန်နစ္စတန်၊ ဆူဒန်၊ ယူဂို စလားဗီးယားနဲ့ အီရတ်မှာ ကုလသမဂ္ဂကို ဒုက္ခမပေးဘဲ ဗုံးကြဲတယ်လို့ Seumas Miline ကဂါးဒီယန်းသတင်းစာမှာ ရေးသားခဲ့ပါတယ်။

ဒါပေမယ့် ဒီအချက်တွေကို ထောက်ပြနေတာဟာ အကြမ်းဖက်မှုကိုထောက်ခံနေတာလို့ အဓိပ္ပာယ်မသက်ရောက်ပါ။ အဲဒါနဲ့တခြားစီပါ။ မင်ဟတ်တန်အရေးခင်းမှာ ကျဆုံးခဲ့ကြတဲ့သူတွေကို ချစ်ခင်နေသူတွေနဲ့ ဝမ်းနည်းမှုတွေကို မျှဝေခံစားလျက်ပါ။ ထိုင်းနိုင်ငံမှာဆိုရင် အမေရိကန်ရဲ့ စစ်ရေးအရလက်တွဲပြန်မှုကို ထောက်ပြဝေဖန်သူတွေဟာ အောက်တိုဘာ (၆)ရက်၊ ၁၉၇၆ ခုနှစ် သမာဆတ်ယူနီဗာစီတီ အစုလိုက်အပြုံလိုက်လူသတ်ပွဲမှာ သေနတ်နဲ့အပစ်ခံရပြီး သေဆုံးသူတွေရဲ့ မိတ်ဆွေကျောင်းသားဟောင်းများပဲ ဖြစ်ပါတယ်။

"ဘယ်သူ့ကို"၊ "ဘာကို" အမေရိကန်ရဲ့ စစ်ဆင်တိုက်ခိုက်မှုတွေဟာ ရည်ရွယ်တယ်ဆိုတဲ့ မေးခွန်းရဲ့နောက်ကွယ်မှာ မေးစရာမေးခွန်းတွေ အများကြီးပါ။ ပထမနေ့ထဲက အိုစမာ ဘင်လာဒင်ဟာ နောက်ကွယ်ကစီစဉ်သူ အဓိက အကြမ်းဖက်သမားအဖြစ် သတ်မှတ်ခံရပါတယ်။ သမ္မတကျော့ဘုရ်က သူ့ကိုအသေရရ၊ အရှင်ရရ လိုချင်ကြောင်း ကြေညာခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘာက ရှင်းလင်းတဲ့သက်သေပြမှုကို စောင့်မျှော်လျက်ရှိပါတယ်။ သူနဲ့သူ့အဖွဲ့တွေဟာ တကယ်မလုပ်ဘဲ ခံရသူတွေမဟုတ်ဘူးလို့ ကျနော်တို့ ဘယ်လိုသိနိုင်မှာလဲ။

အကယ်၍ ဘင်လာဒင်ဟာ အကြမ်းဖက်သမားဖြစ်နေရင်တောင်မှ သူဟာ နှိမ်နှင်းနိုင်ဖို့ ခက်ခဲနိုင်တဲ့ ရန်သူဖြစ်ပါတယ်။ တကယ်လို့ အမေရိကန်သမ္မတဟာ ဘင်လာဒင်ကို ခိုလှုံခွင့်ပေးထားတယ်လို့ စွပ်စွဲခံထားရတဲ့ အာဖဂန်နစ္စတန်ကို စစ်တပ်တွေလျင်လျင်မြန်မြန်စေလွှတ်နိုင်ခဲ့ရင်တော့ ဆုံးဖြတ်ချက်ခိုင်မာတဲ့ခေါင်းဆောင်ရယ်လို့ ချီးကျူးခံရမှာပါ။ ဒါပေမယ့်အဲဒီနေရာမှာကော သည်လူ ရှိနေမှာလား။ ရှာလို့ကောဘဲ အမေရိကန်လူ့အဖွဲ့အစည်းကိုပါ ထိခိုက်လာစေပါတယ်။ ခန့်မှန်းခြေ(၃၅)သန်းလောက်ရှိတဲ့ အာရပ်–အမေရိကန်တွေဟာ အခြားအသွင်တမျိုးပြောင်းနေရပြီး ဖျက်ဆီးနှောင့်ယှက်သူတွေရဲ့ ပစ်မှတ်သဖွယ်ဖြစ်လာနေပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းမှာ ဒီကိစ္စနဲ့ပတ်သက်တဲ့ အကြမ်းဖက်မှုပေါင်း (၄၀)ကျော်ဖြစ်ပွားခဲ့ပါတယ်။

ဝါရှင်တန်မှာရှိတဲ့ အမေရိကန်နဲ့ အစ္စလာမ်ဆက်ဆံရေးကောင်စီက အစ္စလာမ်ဝတ်စားဆင်ယင်မှုကို ဝတ်စားထားသူတွေဟာ ကာလအတိုင်းအတာတခုအထိ အများပြည်သူများအကြားမသွားရောက်ဖို့ သတိပေးနှိုးဆော်ထားပါတယ်။ ဗလီများနဲ့ လူမှုဆက်ဆံရေးဌာနများမှာ လုံခြုံရေးပိုမိုချထားဖို့လည်း အကြံပြုထားပါတယ်။ ဒီကောင်စီက ထောက်ခံကြကြောင်းပြသတဲ့ အနေနဲ့ သွေးနဲ့ ငွေများကို သက်သာချောင်ချိရေးဌာနများကိုလှူဒါန်းဖို့ ဆော်သြနေပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ အာရပ်–အမေရိကန်တွေ အစိတ်အပိုင်းတရပ်အနေနဲ့ ပါဝင်တဲ့ ကမ္ဘာ့အကြီးဆုံး လူမှုရေး၊ယဉ်ကျေးမှုနဲ့ ယုံကြည်မှုတွေဟာ ပေါင်းစပ်ပျော်ဝင်နေတဲ့ နေရာဌာနကြီးဖြစ်ပါတယ်။ သူတို့အပေါ် အကြမ်းဖက်မှုတွေဟာ သေဆုံးပြီးသူတွေအတွက် တရားမျှတမှု မဟုတ်ပါဘူး။ အဲဒီအစား ပိုမိုကွဲပြားမှုနဲ့ ပြင်းထန်တဲ့အမုန်းတရားတွေကိုသာ နှောင်းလူများအတွက် ကျယ်ကျယ်ပြန့်ပြန့် ဖန်တီးလာမှာ ဖြစ်ပါတယ်။

ရန်သူကိုပြန်လည်တိုက်ခိုက်ဖို့ ကြံစည်ကြိုးပမ်းနေစဉ်မှာပဲ အမေရိကန်ပြည်သူတွေဟာ ဉာဏ်ပညာအမြော်အမြင်ပြည့်စုံမှုနဲ့ ခွန်အားဗလကိုရယူနိုင်တဲ့ လုပ်နည်းလုပ်ဟန်များနဲ့ သူတို့ရဲ့ခေါင်းဆောင်များကိုကူညီဖို့ လိုအပ်ပါလိမ့်မယ်။ တကယ်လို့ တိုက်ခိုက်မှုဟာ ယဉ်ကျေးသိမ်မွေ့မှုကို ဖော်ဆောင်နိုင်တယ်ဆိုရင် အမေရိကန်ပြည်သူတွေအပေါ် တုံ့ပြန်မှုဟာလည်း ယဉ်ကျေးသိမ်မွေ့မှုဖြစ်ပါတယ်။ သွေးနဲ့ရင်းရတဲ့ လက်စားချေမှုတွေ ပေါ်လာတော့မှာ မဟုတ်ပါဘူး။ ■

စက်တင်ဘာ(၂၅)ရက်နေ့ထုတ်
The Nation **သတင်းစာပါ**
Nantiya Tangwisutijit **၏ ဆောင်းပါးကို**
ဘာသာပြန်ဆိုသည်။

ကုလသမဂ္ဂ၏ အကူအညီအထောက်အပံ့များ
အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်သို့ရောက်ရှိ

ကမ္ဘာ့စားနပ်ရိက္ခာစီစဉ်ရေးအဖွဲ့ကြီး (World Food Programme) ၏ပထမဦးဆုံးစားနပ်ရိက္ခာအကူအညီများသည် ဆာလောင်မွတ်သိပ်နေသောအာဖဂန်နစ္စတန်ဒုက္ခသည်များထံသို့ အောက်တိုဘာ(၁)ရက်နေ့က ရောက်ရှိခဲ့သည်။ ကဘူးလ်မြို့တော်ရှိ ပြည်သူအများမှာ အမေရိကန်နိုင်ငံ၏ လက်စားချေတုံ့ပြန်မည့်အချိန်ကို စိုးရိမ်ကြောက်ရွံ့နေကြပြီး မြို့တော်မှာ ဝန်းရံပိတ်ဆို့မှုများ ခံနေရသည်။

ဂျုံတန်ချိန်(၂၁၈)တန် သယ်ဆောင်လာသော ကုန်တင်ကားကြီး(၈)စီးမှာ ကဘူးလ်မြို့တော်သို့ မနေ့ကရောက်ရှိခဲ့ပြီဟု အိမ်နီးချင်းပါကစ္စတန်ရှိ (WFP) သတင်းအရာရှိ Khalid Mansour ကပြောဆိုခဲ့သည်။ (WFP) အနေဖြင့် ဆာလောင်မွတ်သိပ်နေသော ကဘူးလ်မြို့တော်ရှိ လူဦးရေ(၁)သန်း၏ သုံးပုံနှစ်ပုံနီးပါးခန့်ကို ထောက်ပံ့ခဲ့ခြင်းဖြစ်သည်။ ၎င်းဂျုံတန်ချိန် အရေအတွက်မှာ ကဘူးလ်မြို့တော်ပြည်သူများ အတွက် အောက်တိုဘာလကုန်အထိ လုံလောက်မည်ဟု Mansour ကပြောဆိုခဲ့သည်။

(WFP)အနေဖြင့် ၎င်းဂျုံများကို မိသားစုတစုလျှင်(၅၀)ကီလိုဂရမ်ဖြင့် ဝေငှပေးမည်ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့က အာဖဂန်နစ္စတန်တွင် ကျရောက်နေသော ကြီးမားသည့်ဒုက္ခကြီးကို သတိပေးခဲ့ပြီးဖြစ်သည်။ အာဖဂန်နစ္စတန်သည် ရပ်တန့်သွားခြင်းမရှိသော စစ်ပွဲများနှင့် အဆိုးရွားဆုံးမိုးခေါင်မှုဒဏ်ကိုလည်းရင်ဆိုင်ခဲ့ရသည်။

အမေရိကန်နိုင်ငံ၏ လက်စားချေတုံ့ပြန်မှုကို စိုးရိမ်ကြောက်ရွံ့သော အာဖဂန်ပြည်သူ

ဆာလောင်မွတ်သိပ်နေကြရှာသည့် အပြစ်မဲ့ အာဖဂန်ကလေးငယ်များ

ထောင်ပေါင်းများစွာတို့သည် တိုင်းပြည်ကို ပစ်ခွာ၍ အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးလျက်ရှိကြသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးက ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးသို့ အာဖဂန်နစ္စတန်မှ အစုလိုက်အပြုံလိုက် ပြောင်းရွှေ့ထွက်ခွာသွားနေကြသော ဒုက္ခသည်များကို ကူညီထောက်ပံ့ရန် အမေရိကန် ဒေါ်လာသန်း(၅၀၀)ချပေးရန် အသနားခံစာတစောင်တင်သွင်းခဲ့သည်ဟု အေပီသတင်းဌာနက ဖော်ပြခဲ့သည်။ ■

War is not the Answer

မိုးကြီး သတင်းစဉ်

စာမူများ၊ ဝေဖန်အကြံပြုစာများ ဆက်သွယ်ပေးပို့နိုင်ပါသည်။

P.O. Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

စာမျက်နှာ (၃) မှ –

တယ်။ ဒါဖြင့် ပျော့တယ်ဆိုတာ ဘယ်လောက် အထိပျော့တာလဲ။ အဲဒီတုန်းက ချီလီနိုင်ငံမှာ အမေရိကန်သံအမတ်ကြီးလုပ်နေတဲ့ အက်ဒဝပ် ကိုရီ (Edward Korry)ရဲ့ စကားအတိုင်း ပြောရရင် အမေရိကန်အနေနဲ့ ချီလီနိုင်ငံနဲ့ သူ့နိုင်ငံသားတွေကို အစွမ်းကုန် ဆင်းရဲပြတ်လပ်အောင် လုပ်ဖို့ဖြစ်ပါတယ်။ အာလန်ဒေးလက်အောက်ရှိ ချီလီနိုင်ငံကို ဝက်အူတချောင်း၊ နတ်တခုမှ မရောက်စေရဘူးတဲ့။ အမာနည်းအနေနဲ့ကတော့ ကစ်ဆင်းဂျားဟာ ဖြစ်ပေါ်လာ စရာရှိနေတဲ့ အာဏာသိမ်းမှုကို ထောက်ခံမယ့် အကြောင်း အသံပေးနေတယ်လေ။

၁၉၇၀ ပြည့်နှစ်မှာ တချိန်က စီအိုင်အေ လုပ်ခဲ့ဖူးသူ အိုင်တီတီ (ITT) ကုမ္ပဏီကြီးက ဒါရိုက်တာ ဂျွန်မက်ကုံး (John Mc Cone) က ကစ်ဆင်းဂျားနဲ့ဟင်းမ်စ်တို့ကို အာလန်ဒေးကိုဖြုတ်ချမယ်ဆိုရင် သူတို့အနေနဲ့ အမေရိကန် အစိုးရရဲ့ စီမံကိန်းအတွက်ဒေါ်လာတသန်း ပေးလျှုမယ်လို့ဆိုကြောင်း သမိုင်းဆရာ ဟောဝပ်ဒ်ဇိုင်း (Howard Zine)က ရေးပါတယ်။

ပြင်ဆင်ထားတာကတော့ စမ်းသပ်မှုနှစ်မျိုးဆိုပါတော့။ တဖက်မှာက အာလန်ဒေးရဲ့ ဆိုရှယ်လစ်စနစ်။ နောက်တဖက်မှာက ငွေအလုံးလိုက်အရင်းလိုက်သုံးပြီး အစိုးရတရပ်ကို အယုံအကြည်မဲ့အောင် ပြုလုပ်ရေးနဲ့ ဖြုတ်ချရေး နည်းနာတွေကို နောင်လာလတ္တံ့အတွက် နမူနာတခု ဖော်ထုတ်တဲ့ စမ်းသပ်မှုလို့ဆိုကြပါစို့။ ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်နေ့မှာ ပွဲကြီးပွဲကောင်းတွေ့ရတော့မယ်ပေါ့။

ဆိုရှယ်လစ်စနစ် စမ်းသပ်မှုဟာ အဲဒီ (၇)ရက်မှာပဲ အဆုံးသတ်သွားပြီး အာလန်ဒေးဟာလဲ ကိုယ့်ကိုယ်ကိုသတ်သေတယ် ဖြစ်သွားပါတယ်။ စက်သေနတ်နဲ့တဲ့လေ။ အမေရိကန်ကတော့ အဲဒီကိစ္စတွေမှာ သူတို့ပါလဲမပါဘူး၊ သိလဲမသိဘူးလို့ ပြောတာပေါ့။ ဒါပေမယ့် ၁၉၉၉ ခုနှစ်မှာ နိုင်ငံတော်အစိုးရရုံးကနေ လျှို့ဝှက်စာတန်းတွေကို ဖွင့်ပေးလိုက်တဲ့အခါမှာတော့ ဇာတ်လမ်းဟာ လုံးဝ တမျိုးဖြစ်သွားပါတယ်။

ဥပမာဆိုရင် အာဏာမသိမ်းခင်တနေ့က စီအိုင်အေရဲ့စာစောင်တခုထဲမှာ အာဏာသိမ်းပွဲဟာ စက်တင်ဘာလ (၁၁)ရက်နေ့မှာစမယ်လို့ တိုးတိတိပါနေပါတယ်။ (၁၀)ရက်အလွန်မှာတော့ စီအိုင်အေကပဲ ပြင်းပြင်းထန်ထန်ဖိနှိပ်ဖို့ ပြင်ဆင်ထားပြီလို့ ဖော်ပြပြန်ပါတယ်။ အာဏာသိမ်းအစိုးရဟာ အတိုက်အခံထောင်ပေါင်းများစွာကို ဘောလုံးကွင်းကြီးထဲမှာ လှောင်ထားပြီး ထိန်းသိမ်းရေးစခန်းအုပ်ချုပ်မှုမှာ ကျွမ်းကျင်သူတွေ စီအိုင်အေကနေပို့ပေးဖို့ စက်တင်ဘာလ(၂၈)ရက်နေ့စွဲနဲ့ အာဏာသိမ်းအစိုးရရဲ့ကာကွယ်ရေးဝန်ကြီးအသစ်က တောင်းတယ်လို့ အမေရိကန်အစိုးရရဲ့ စာစောင်တခုမှာ တွေ့ရပါတယ်။

အာလန်ဒေးတော့ သေသွားပြီ။ ချီလီပြည်သူတွေဟာ သူ့နေရာမှာ အင်မတန်ရက်စက်တဲ့ အစိုးရတခုကို တွေ့ကြရပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ စာအုပ်တွေကို မီးရှို့ပစ်တာတွေ၊ အမျိုးသမီးတွေကို စော်ကားဖို့ တမင်လေ့ကျင့်ပေးထားတဲ့ခွေးတွေ၊ အားကြီးတဲ့ လျှို့ဝှက်ပုလိပ်တပ်ဖွဲ့နဲ့ လူ(၃၀၀၀)ကျော် သတ်ဖြတ်မှုတို့ကို တွေ့ရပါတယ်။ သောင်းပေါင်းများစွာတို့ဟာ နှိပ်စက်ခံရ၊ ဒါမှမဟုတ် လူ့ပြည်ကနေ ပျောက်ဆုံးသွားကြပါတယ်။ အာဏာသိမ်းပြီးလို့ ဘာမှမကြာပါဘူး၊ အမေရိကန်ရဲ့ စစ်ရေး–စီးပွားရေး အကူအညီတွေဟာ ချီလီနိုင်ငံထဲကို ဒလဟာ စီးလာတော့တာပါပဲ။

ဒီအလုပ်တွေအားလုံးကို တာဝန်ယူသူဟာ ဩဂတ်စတိုပင်နိုရှေး ဖြစ်ပါတယ်။ ကစ်ဆင်းဂျားအနေနဲ့ နောက်ကကိုင်လို့ရသူပေါ့။ ၁၉၇၅ ခုနှစ်မှာ ကစ်ဆင်းဂျားက ပင်နိုရှေးကို "ခင်ဗျားသိတဲ့အတိုင်းပဲ အမေရိကန်နိုင်ငံက ကျနော်တို့ဟာ ခင်ဗျားလုပ်နေတာတွေကို ထောက်ခံကြတယ်၊ ခင်ဗျားတို့အစိုးရ အစစအဆင်ပြေပါစေ" လို့ပြောခဲ့ပါတယ်။

သူက ဒီလိုလဲ ဆက်ပြောပါသေးတယ်။ "ခင်ဗျားတို့ဟာ တကမ္ဘာလုံးက လက်ဝဲအစုတွေရဲ့ ဒဏ်ကိုခံနေရတယ်။ ခင်ဗျားတို့မှာ အပြစ်ဆိုလို့ ကွန်မြူနစ်ဖြစ်တော့မယ့် အစိုးရတရပ်ကို ဖြုတ်ချတာပဲရှိတယ်"။ နောက်တနှစ်ကျတော့ ကစ်ဆင်းဂျားကို သတင်းစာဆရာတလေ့ကြီးက ချီလီနိုင်ငံရဲ့ လူ့အခွင့်အရေးဖောက်ဖျက်မှုတွေအကြောင်း ဝိုင်းမေးကြတော့ ကစ်ဆင်းဂျားဟာ ပြုံးပြုံးပါပဲ။ သူက "ဒီအစည်းအဝေးအတွက် အစီရင်ခံစာကို ကျနော် မနက်ကဖတ်ပြီးပါပြီ။ လူ့အခွင့်အရေးအကြောင်း ကလွဲပြီး ဘာမှမပါဘူး။ နိုင်ငံခြားရေးဌာနဆိုတာ ဝန်ကြီးလုပ်ငန်းလုပ်ရတာဗျ။ ဘုရားရှိခိုးကျောင်းကိုရောက်ရမယ့်ကိစ္စတွေ အလကားသက်သက် နိုင်ငံခြားရေးဝန်ကြီးဌာနကို သယ်လာကြတယ်"လို့ ပြောပါတယ်။

ကစ်ဆင်းဂျားဟာ အာလန်ဒေးက ပြည်သူပိုင်သိမ်းမယ်လို့ပြောတဲ့ အဲဒီလုပ်ငန်းတွေအတွက် တကယ်ပဲ စိတ်ပူနေတာလား၊ ဒါမှမဟုတ် သူ့ခေါင်းထဲမှာ တခြားအကြံအစည်တွေရှိနေသလား။

အာလန်ဒေး ရွေးကောက်ပွဲမှာ အနိုင်ရပြီးတဲ့နောက် သုံးရက်အကြာမှာ စီအိုင်အေက အခုလို စဉ်းစားပါတယ်။ ချီလီနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုရဲ့ အရေးပါတဲ့အကျိုးစီးပွားဘာမှမရှိ။ ကမ္ဘာ့အင်အားချိန်ခွင်လျှာကိုလည်း သိသိသာသာ ပြောင်းလဲစေမှာမဟုတ်။ (ဒါပေမယ့်) အာလန်ဒေးအာဏာရတဲ့အတွက် မာ့က်စ်ဝါဒအယူအဆ လက်ခံသူတွေကို စိတ်ဓာတ်သိပ်တက်စေပါလိမ့်မယ်။

ဒီနေရာမှာ အမေရိကန်နိုင်ငံက နာမည်ကျော်ပညာရှင်တဦးဖြစ်သူ နိုအမ်ချွမ်စကီး (Noam Chomsky) ပြောတဲ့စကားတွေကို ကိုးကားလိုပါတယ်။ "ချီလီနိုင်ငံကတပ်တွေ ရောမမြို့အထိ တက်တိုက်လိမ့်မယ်လို့ စိတ်ရူးပေါက်နေတဲ့ ကစ်ဆင်းဂျားတောင် မတွေးပါဘူး"တဲ့။ သူတို့စိုးရိမ်တာက လူအနည်းစုလေးအတွက်မဟုတ်ဘဲ၊ လူအများစုကြီးအတွက် အကျိုးရှိစေတဲ့ စီးပွားရေးမျိုး တခြားနေရာတွေကို ပျံ့နှံ့သွားမှာကို စိုးရိမ်တာပါ။

ဒါဟာ ကစ်ဆင်းဂျားတို့ရဲ့ အမေရိကန်နိုင်ငံက ဆယ်စုနှစ်ပေါင်းများစွာကိုင်စွဲခဲ့တဲ့ နိုင်ငံခြားရေးဝါဒရဲ့ အခြေခံတွေပါပဲ။ ဒါကြောင့်လဲ ၁၉၇၄ ခုနှစ်မှာ ချီလီနိုင်ငံရှိ အမေရိကန်ရဲ့ သံအမတ်သစ်ဒေးဗစ်ပေါ့ပါ(David Popper)က ချီလီနိုင်ငံတွင်းက လူ့အခွင့်အရေးဖောက်ဖျက်မှုတွေအကြောင်း အထက်ကိုတင်ပြတော့ ကစ်ဆင်းဂျားက အခုလိုအကြောင်းပြန်ခိုင်းလိုက်ပါတယ်။ "ပေါ့ပါကိုပြောလိုက်၊ နိုင်ငံရေးသိပ္ပံသင်တန်းတွေ လာပေးမနေနဲ့လို့"။ ■

Znet စာစောင်မှ
ဆောင်းပါးတပုဒ်ကို ပြန်ဆိုပါသည်။

တိုင်းရင်းသားလူငယ်များ နှိုးနှောဖလှယ်ပွဲ ကျင်းပပြီးစီး

တိုင်းရင်းသားလူငယ်များနှိုးနှောဖလှယ်ပွဲမှ အမှတ်တရ

၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့မှ (၂၂)ရက်နေ့အထိ (၅)ရက်ကြာ ကျင်းပပြုလုပ်သော တိုင်းရင်းသားလူငယ်များ နှိုးနှောဖလှယ်ပွဲကြီးအောင်မြင်စွာ ပြီးစီးခဲ့ပြီး ဖြစ်သည်။ ထိုနှိုးနှောဖလှယ်ပွဲသို့ ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ လားဟူ၊ ကယန်း၊ ဗမာ စသည့် တိုင်းရင်းသားလူမျိုး (၁၂) မျိုးမှ လူမျိုးကို အခြေခံသည့် တိုင်းရင်းသားလူငယ် (၇၅) ဦး တက်ရောက်ခဲ့ကြပြီး လူငယ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံရေးအခန်းကဏ္ဍ မြှင့်တင်ရေး အတွက် ချစ်ကြည်ရင်းနှီးပွင့်လင်းလွတ်လပ်စွာ တိုင်ပင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထိုနှိုးနှောဖလှယ်ပွဲကြီးတွင် လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေများကို သုံးသပ်ကြရာတွင် မြန်မာ့နိုင်ငံရေးပြဿနာသည် ဒီမိုကရေစီ ဆိတ်သုဉ်းနေခြင်းနှင့် တိုင်းရင်းသားများ၏ အခွင့်အရေးများဆုံးရှုံးနေခြင်းဖြစ်သည်ဟု သုံးသပ်ရှုမြင်ကြပြီး၊ စစ်မှန်သောဒီမိုးချမ်းရေးအတွက် ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားအရေးတို့ကို တပ်ပြိုင်ထဲဖြေရှင်းသွားရန်လိုကြောင်း၊ လက်ရှိနအဖနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ စကားပြောဆိုနေမှုအပေါ်တွင် တိုင်းရင်းသားများ ကိုယ်စား ထုတ်ဖော်ပြောဆိုမှု အခြေအနေ လိုအပ်နေသေးကြောင်း၊ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ပေါ်ပေါက်လာနိုင်ရေးအတွက် တိုင်းပြည်၏ ထက်ဝက်ကျော်ရှိသော လူငယ်များအနေဖြင့် လည်း အဖက်ဖက်ကို ဖိအားပေးတောင်းဆိုရန် လိုအပ်ကြောင်းများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

ထိုနှိုးနှောဖလှယ်ပွဲကြီးတွင် လူငယ်ဖွံ့ဖြိုးရေးနှင့် နိုင်ငံရေးအခန်းကဏ္ဍမြှင့်တင်ရေးများကို စာတမ်းများတင်သွင်းဆွေးနွေးခဲ့ကြပြီး တိုင်းရင်းသားခေါင်းဆောင်ကြီးများမှ ဝေဖန်သုံးသပ်မှုများ ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။

ထိုနှိုးနှောဖလှယ်ပွဲကြီးမှ (United Nationality Youth League) ကိုဖွဲ့စည်းနိုင်ခဲ့ပြီး ထိုအဖွဲ့မှ တိုင်းရင်းသားလူငယ်များ၏ ဖွံ့ဖြိုးရေးနှင့် နိုင်ငံရေးအခန်းကဏ္ဍမြှင့်တင်ရေး လုပ်ငန်းများကိုလည်းကောင်း၊ နိုင်ငံတကာ လူငယ်အဖွဲ့အစည်းများနှင့် ဆက်သွယ်ကာ တိုင်းရင်းသား လူငယ်များ၏ ခံစားနေရသည့် အခြေအနေများကို တင်ပြသွားနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ■

နအဖတပ်အတွင်း တနေ့တခြား ကြီးထွားတိုးတက်လာနေသော AIDS



နအဖတပ်အတွင်း AIDS ရောဂါပျံ့နှံ့မှုများ တနေ့တခြားများပြားလာနေသဖြင့် ကြိုတင်ကာကွယ်တားဆီးမှုများပြုလုပ်ရန်နှင့် ရောဂါပိုးစစ်ဆေးတွေ့ရှိသူများကို တပ်မှ အမြန်ဆုံးထုတ်ပစ်ရန် အာဏာပိုင်များက ညွှန်ကြားထားကြောင်း အောက်တိုဘာ(၃)ရက်နေ့တွင် DVB မှ ထုတ်လွှင့်သွားခဲ့သည်။

အထူးသဖြင့် နယ်စပ်ဒေသများတွင် တာဝန်ကျနေသော နအဖတပ်သားအများစုတို့မှာ ပြည့်တန်ဆာများနှင့် ပျော်ပါးသည့်အခါ အကာအကွယ်ပြုသည့် (ကွန်ဒုံ)များ အသုံးမပြုခြင်းကြောင့် ယခုကဲ့သို့ AIDS ရောဂါကူးစက်ပျံ့နှံ့မှု မြန်ဆန်လာရခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ရောဂါကာကွယ်တားဆီးနိုင်သည့် နည်းလမ်းများကို နအဖအာဏာပိုင်များက တပ်တွင်းဆွေးနွေးပွဲအသွင်နှင့် ပညာပေးဟောပြောပွဲများပြုလုပ်ရန် စိုင်းပြင်းနေပြီး တဆက်တည်းတွင် ရောဂါရှိသည်ဟု သံသယရှိနေသည့် တပ်ဖွဲ့ဝင်များ အနေဖြင့် မိမိတို့ကိုယ်တိုင် သတင်းမပို့လိုပါက စာနှင့် လျှို့ဝှက်၍ တာဝန်ရှိသူအဆင့်ဆင့်မှ တိုင်းဌာနချုပ်သို့ တိုက်ရိုက်ပေးပို့နိုင်ရန် ညွှန်ကြားထားကြောင်း သတင်းတွင်ထုတ်လွှင့်သွားသည်။

အကယ်၍ ရောဂါပိုးရှိသူများ စစ်ဆေးတွေ့ရှိပါကလည်း တပ်မှအမြန်ဆုံးထုတ်ပစ်ရန် အာဏာပိုင်တို့က တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ ညွှန်ကြားထားကြောင်း အဆိုပါသတင်းဌာနက ထုတ်လွှင့်သွားခဲ့သည်။ ■

မြန်မာနိုင်ငံအပေါ် EU မှ စီးပွားရေးနှင့် သံတမန်ရေး ဆက်လက်ပိတ်ဆို့ရန်ဆုံးဖြတ်

AIDS ပျံ့ပွားမှုတားဆီးရေးအကူအညီ လူထုထံတိုက်ရိုက်ပေးမည်

ဥရောပ(၁၅)နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများပါဝင်သည့် လစဉ်ပုံမှန်အစည်းအဝေးမှ နအဖစစ်အုပ်စုအပေါ် စီးပွားရေးနှင့် သံတမန်ရေးရာပိတ်ဆို့မှုများ ဆက်လက်ပြုလုပ်သွားရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း (EU) အထွေထွေရေးရာကောင်စီ၏ အောက်တိုဘာ (၈)ရက်နေ့ ထုတ်ပြန်ကြေညာချက်ကို ကိုးကား၍ RFAသတင်းဌာနက အောက်တိုဘာ (၉)ရက်နေ့တွင် ထုတ်လွှင့်သွားခဲ့သည်။

မြန်မာ့နိုင်ငံရေးနှင့်ပတ်သက်၍ (၆)လ တကြိမ် သုံးသပ်ချက်ထုတ်ပြန်သည့် အဆိုပါ ကြေငြာချက်တွင် ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာရာဇာလီ၏ မြန်မာ့နိုင်ငံရေးကြားဝင်စေ့စပ်မှုကို အပြည့်အဝထောက်ခံခဲ့ပြီး၊ မြန်မာနိုင်ငံတွင် အရပ်သားအစိုးရဖွဲ့စည်းနိုင်သည်အထိ မျှော်လင့်ထားကြောင်း ဖော်ပြပါရှိသည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရေးနှင့် မြန်မာနိုင်ငံအတွင်း ကမ္ဘာ့အလုပ်သမားများအဖွဲ့ချုပ်(ILO)၏ အမြဲတမ်းရုံးကို ဖွင့်ခွင့်ပြုရန် တောင်းဆိုထားသည်။

အဆိုပါအစည်းအဝေး၌ မြန်မာနိုင်ငံ အတွင်း ပေါက်ကွဲလုနီးပါးဖြစ်နေသည့် (AIDS) ရောဂါပျံ့ပွားမှုတားဆီးရေးအတွက် လူသားချင်းစာနာသည့်အနေဖြင့် ယူရိုငွေ ၅သန်း အကူအညီပေးရန်ဆုံးဖြတ်ခဲ့ပြီး အကူအညီငွေများ လူထုထံတိုက်ရိုက်ရောက်ရှိစေရေးအတွက် နိုင်ငံတကာရှိ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (သို့မဟုတ်) ကုလသမဂ္ဂ အေဂျင်စီများမှ တဆင့် ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်း၌ ထုတ်လွှင့်ခဲ့သည်။ ■

ထိန်းမနိုင် သိမ်းမရ အခြေအနေ

ရဲနည်

အရေးပေါ်ဆောင်ရွက်မှု တစုံတရာမလုပ်ခဲ့ရင် အေအိုင်ဒီအက်စ်ရောဂါရဲ့ အတိုင်းအတာဟာ မကြာမီ အနာဂတ်ကာလမှာ ပေါက်ကွဲတော့မယ့် အချိန်ကိုက်ဗုံးတလုံးလိုဖြစ်တယ်ဆိုတာ မြန်မာစစ်ဗိုလ်ချုပ်ကြီးတွေ လက်ခံအသိအမှတ်ပြုဖို့ ...

မြန်မာစစ်ဗိုလ်ချုပ်တွေ အေအိုင်ဒီအက်စ်ရောဂါကို ပြဿနာမဟုတ်သလို ဆက်လက်သဘောထားနေခြင်းဟာ ဝမ်းနည်းကြေကွဲစရာလို့ ထိုင်းနိုင်ငံဆေးပညာရှင်တွေက ပြောခဲ့ကြပါတယ်။ ကုလသမဂ္ဂကလည်း မြန်မာနိုင်ငံအနေနဲ့ ကပ်ရောဂါဘေးဆိုးကြီးတခုရဲ့ ချောက်ကမ်းပါးပေါ်ရောက်နေပြီလို့ သတိပေးခဲ့ပါတယ်။

ကုလသမဂ္ဂရဲ့ ခန့်မှန်းတွက်ချက်မှုအရ အရွယ်ရောက်သူ မြန်မာပြည်သား(၂%)ဟာ အေအိုင်ဒီအက်စ်ရောဂါပိုး သယ်ဆောင်ထားတဲ့ (HIV)ရောဂါပိုး ကူးစက်ခံထားရပါတယ်။ ဒါပေမယ့် ဒီစာရင်းဇယားတွေဟာ (၂)နှစ်လောက်နောက်ကျနေကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO)ရဲ့ စာရင်းဇယားတွေဟာ တကယ်ဖြစ်နေတာရဲ့တဝက်ပဲရှိကြောင်း အမေရိကန်နိုင်ငံ ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်က သုတေသီဒေါက်တာ ခရစ်ဘောရာကပြောပါတယ်။ သူ့ သုတေသနပြုချက်အရ တကယ်ဖြစ်နေတာဟာ (၄%)နီးပါးဖြစ်ပါတယ်။ သူ့ရဲ့ သုတေသနပြုချက်ဟာ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေနဲ့ စစ်ထဲဝင်မယ့်လူငယ်တွေရဲ့ (၃.၅%)ဟာ (HIV)ပိုးတွေ့ရှိရတယ်လို့ဆိုတဲ့ စစ်အစိုးရရဲ့ စာရင်းဇယားတွေကို အသုံးပြုတွက်ချက်ထားပါတယ်။ မူးယစ်ဆေးသုံးစွဲသူတွေနဲ့ နယ်လှည့်အလုပ်သမားတွေလို အကာအကွယ်မဲ့သူတွေကိုပါ ထည့်သွင်းစဉ်းစားရေတွက်ရင် ကိန်းဂဏန်းပမာဏဟာ နှစ်ဆမြင့်တက်လာပြီး စုစုပေါင်းလူဦးရေရဲ့ (၇%) ကျော်သွားနိုင်တယ်လို့ သူကပြောပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်မှာ ရောဂါပေါက်ကွဲပျံ့နှံ့မှုဟာ ကြောက်ခမန်းလိလိဖြစ်နေပြီး ခရစ်ဘောရာရဲ့တွက်ချက်မှုအရ အရွယ်ရောက်ယောကျ်ားဦးရေ (၁၀%)ဟာ (HIV)ရောဂါပိုး ကူးစက်ခံထားရပါတယ်။

"ဒါဟာအရှေ့တောင်အာရှဒေသအတွင်း အဆိုးဝါးဆုံးအခြေအနေပါ။ လွန်ခဲ့တဲ့(၁၀)နှစ်တုန်းက ထိုင်းနိုင်ငံမြောက်ပိုင်းမှာလည်း အခုအခြေအနေအတိုင်း ဖြစ်ပွားခဲ့ဖူးပါတယ်။ ကွဲပြားခြားနားတာက ထိုင်းအစိုးရဟာ အဖြစ်မှန်ကို အသိအမှတ်ပြုခဲ့ပြီး တစုံတရာ အရေးယူဆောင်ရွက်ခဲ့ပေမယ့် မြန်မာစစ်အစိုးရကတော့ အခြေအနေကို ထိန်းမနိုင်သိမ်းမရဖြစ်လာတဲ့အထိခွင့်ပြုနေတာပါ"လို့ ဒေါက်တာခရစ်ဘောရာက ပြောပါတယ်။

မြန်မာစစ်အစိုးရ ကျန်းမာရေးဝန်ကြီးဗိုလ်ချုပ်ကက်စိန်ကတော့ နိုင်ငံတော်ရဲ့ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးကြိုးပမ်းမှုများကို ဆက်လက်ကာကွယ်နေခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ ပေါ်လစီဖြစ်တဲ့ ကွန်ဒုံးရာဘာအစွပ် သုံးစွဲရန်အားပေးမှုဟာ မြန်မာ့ယဉ်ကျေးမှုအရ အခက်အခဲရှိကြောင်း၊ သို့သော် လူထုနည်းနဲ့ကာကွယ်လို့ဆော်မှုတွေ အစိုးရက အစားထိုးလုပ်ဆောင်နေကြောင်း ရှင်းပြပါတယ်။

"ကျနော့်တယောက်တည်းအနေနဲ့ ခံစားမိတာက လူတွေဟာ ရောဂါနဲ့ပတ်သက်ပြီး သတိပေးလို့ဆော်ချက်တွေကို ပိုပြီးရှင်းရှင်းလင်းလင်းသဘောပေါက်ဖို့လိုတယ်။ ဒါကြောင့် ပိုစတာတွေမှာ အေအိုင်ဒီအက်စ်ဟာ သေနိုင်တယ်။ ဆေးမရှိဘူး။ မျှော်လင့်ချက်မရှိဘူးလို့ ထည့်ရေးစေတာပါ"လို့ မြန်မာတိုင်းမ်သတင်းစာမှာ သူက ပြောဆိုခဲ့ပါတယ်။

ရန်ကုန်ရှိ သံတမန်တွေနဲ့ ကုလသမဂ္ဂအရာရှိတွေကတော့ စစ်ဗိုလ်ချုပ်တွေအနေနဲ့ လူရှေ့သူရှေ့ ခက်ထန်စွာ ကာကွယ်ပြောဆိုနေကြပေမယ့် မြန်မာနိုင်ငံဟာ အေအိုင်ဒီအက်စ်ရောဂါဆိုးကြီးကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်နေကြရပြီဆိုတာ အသိအမှတ်ပြုဖို့ တကယ်ပဲ အစပြုနေပြီလို့ ယုံကြည်နေကြပါတယ်။ နှစ်အတော်ကြာကြာ အဖြစ်မှန်အားလုံးကို ငြင်းဆန်နေခဲ့ပြီး အခုတော့ အနည်းဆုံးပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းဆောင်ကြတဲ့ တပ်သားတွေဖြစ်ပါတယ်။ လူမှုရေးထောက်ပံ့ကူညီသူတွေပြောကြားချက်အရ စစ်အစိုးရရဲ့ခံယူချက်အကြီးအကျယ်ပြောင်းလဲသွားတာ တနှစ်ကျော်ကျော်ကြာပြီဖြစ်ပါတယ်။ အနည်းဆုံးပုဂ္ဂလိကတဦးချင်းဖြစ်ဖြစ် စစ်အစိုးရအနေနဲ့ ပြဿနာကို အသိအမှတ်ပြုခဲ့ပြီး ကုလသမဂ္ဂအေဂျင်စီတွေ၊ သံတမန်တွေနဲ့ ပိုမိုပွင့်လင်းစွာပြောဆိုဆွေးနွေးဖို့ ပြင်ဆင်ခဲ့ပါတယ်။

ဒီနှစ်ဆန်းပိုင်းမှာ ဒုဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာတိုင်းမ်သတင်းစာကိုပြောကြားရာမှာ (HIV/AIDS)ရောဂါဟာ အမျိုးသားရေးပြဿနာတရပ်ဖြစ်ပြီး ၎င်းကိုလျစ်လျူရှုပါက လူမျိုးတမျိုးလုံး ဖျက်ဆီးခံရမှာဖြစ်ကြောင်း၊ ကာကွယ်ပြောဆိုခဲ့ကြပါတယ်။ အထူးသဖြင့် စာနယ်ဇင်းသမားတွေကို ဦးတည်ပြောကြားရာမှာ (HIV/AIDS) ရောဂါပျံ့ပွားမှု တိုက်ဖျက်ရေးအတွက် အစိုးရအနေနဲ့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြောင်း ဗိုလ်ချုပ်မျှားကြီးသန်းရှေက ပြောသွားခဲ့ပါတယ်။

ရန်ကုန်ရှိ သံတမန်တွေနဲ့ ကုလသမဂ္ဂအရာရှိတွေကတော့ စစ်ဗိုလ်ချုပ်တွေအနေနဲ့ လူရှေ့သူရှေ့ ခက်ထန်စွာ ကာကွယ်ပြောဆိုနေကြပေမယ့် မြန်မာနိုင်ငံဟာ အေအိုင်ဒီအက်စ်ရောဂါဆိုးကြီးကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်နေကြရပြီဆိုတာ အသိအမှတ်ပြုဖို့ တကယ်ပဲ အစပြုနေပြီလို့ ယုံကြည်နေကြပါတယ်။ နှစ်အတော်ကြာကြာ အဖြစ်မှန်အားလုံးကို ငြင်းဆန်နေခဲ့ပြီး အခုတော့ အနည်းဆုံးပုဂ္ဂလိကတဦးချင်းဖြစ်ဖြစ် ဝန်ခံလာခဲ့ကြပါပြီ။ သံတမန်တွေယုံကြည်နေတာက စစ်သားများအတွင်း (HIV)ရောဂါပိုးတွေ့ရှိမှုနှုန်းဟာ ပိုများများလာပြီး အထူးသဖြင့် ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံ နယ်စပ်မှာ တာဝန်ထမ်းဆောင်ကြတဲ့ တပ်သားတွေဖြစ်ပါတယ်။ လူမှုရေးထောက်ပံ့ကူညီသူတွေပြောကြားချက်အရ စစ်အစိုးရရဲ့ခံယူချက်အကြီးအကျယ်ပြောင်းလဲသွားတာ တနှစ်ကျော်ကျော်ကြာပြီဖြစ်ပါတယ်။ အနည်းဆုံးပုဂ္ဂလိကတဦးချင်းဖြစ်ဖြစ် စစ်အစိုးရအနေနဲ့ ပြဿနာကို အသိအမှတ်ပြုခဲ့ပြီး ကုလသမဂ္ဂအေဂျင်စီတွေ၊ သံတမန်တွေနဲ့ ပိုမိုပွင့်လင်းစွာပြောဆိုဆွေးနွေးဖို့ ပြင်ဆင်ခဲ့ပါတယ်။

ဒီနှစ်ဆန်းပိုင်းမှာ ဒုဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာတိုင်းမ်သတင်းစာကိုပြောကြားရာမှာ (HIV/AIDS)ရောဂါဟာ အမျိုးသားရေးပြဿနာတရပ်ဖြစ်ပြီး ၎င်းကိုလျစ်လျူရှုပါက လူမျိုးတမျိုးလုံး ဖျက်ဆီးခံရမှာဖြစ်ကြောင်း၊ ကာကွယ်ပြောဆိုခဲ့ကြပါတယ်။ အထူးသဖြင့် စာနယ်ဇင်းသမားတွေကို ဦးတည်ပြောကြားရာမှာ (HIV/AIDS) ရောဂါပျံ့ပွားမှု တိုက်ဖျက်ရေးအတွက် အစိုးရအနေနဲ့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြောင်း ဗိုလ်ချုပ်မျှားကြီးသန်းရှေက ပြောသွားခဲ့ပါတယ်။

ရန်ကုန်ရှိ သံတမန်တွေနဲ့ ကုလသမဂ္ဂအရာရှိတွေကတော့ စစ်ဗိုလ်ချုပ်တွေအနေနဲ့ လူရှေ့သူရှေ့ ခက်ထန်စွာ ကာကွယ်ပြောဆိုနေကြပေမယ့် မြန်မာနိုင်ငံဟာ အေအိုင်ဒီအက်စ်ရောဂါဆိုးကြီးကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်နေကြရပြီဆိုတာ အသိအမှတ်ပြုဖို့ တကယ်ပဲ အစပြုနေပြီလို့ ယုံကြည်နေကြပါတယ်။ နှစ်အတော်ကြာကြာ အဖြစ်မှန်အားလုံးကို ငြင်းဆန်နေခဲ့ပြီး အခုတော့ အနည်းဆုံးပုဂ္ဂလိကတဦးချင်းဖြစ်ဖြစ် ဝန်ခံလာခဲ့ကြပါပြီ။ သံတမန်တွေယုံကြည်နေတာက စစ်သားများအတွင်း (HIV)ရောဂါပိုးတွေ့ရှိမှုနှုန်းဟာ ပိုများများလာပြီး အထူးသဖြင့် ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံ နယ်စပ်မှာ တာဝန်ထမ်းဆောင်ကြတဲ့ တပ်သားတွေဖြစ်ပါတယ်။ လူမှုရေးထောက်ပံ့ကူညီသူတွေပြောကြားချက်အရ စစ်အစိုးရရဲ့ခံယူချက်အကြီးအကျယ်ပြောင်းလဲသွားတာ တနှစ်ကျော်ကျော်ကြာပြီဖြစ်ပါတယ်။ အနည်းဆုံးပုဂ္ဂလိကတဦးချင်းဖြစ်ဖြစ် စစ်အစိုးရအနေနဲ့ ပြဿနာကို အသိအမှတ်ပြုခဲ့ပြီး ကုလသမဂ္ဂအေဂျင်စီတွေ၊ သံတမန်တွေနဲ့ ပိုမိုပွင့်လင်းစွာပြောဆိုဆွေးနွေးဖို့ ပြင်ဆင်ခဲ့ပါတယ်။

"ကျနော့်တယောက်တည်းအနေနဲ့ ခံစားမိတာက လူတွေဟာ ရောဂါနဲ့ပတ်သက်ပြီး သတိပေးလို့ဆော်ချက်တွေကို ပိုပြီးရှင်းရှင်းလင်းလင်းသဘောပေါက်ဖို့လိုတယ်။ ဒါကြောင့် ပိုစတာတွေမှာ အေအိုင်ဒီအက်စ်ဟာ သေနိုင်တယ်။ ဆေးမရှိဘူး။ မျှော်လင့်ချက်မရှိဘူးလို့ ထည့်ရေးစေတာပါ"လို့ မြန်မာတိုင်းမ်သတင်းစာမှာ သူက ပြောဆိုခဲ့ပါတယ်။

ရန်ကုန်က ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင် မိုက်ကယ်ပွန်းကလည်း လို့ဆော်မှုတွေဟာ အလုပ်ဖြစ်စပြုနေပြီလို့ ပြောပါတယ်။ သူက "မြန်မာပြည်မြို့ငယ်လေးတွေမှာ (HIV/AIDS) ဆိုတဲ့ဝေါဟာရကို လူတွေကသိနေကြပြီး အဲဒီအကြောင်း ပြောကြ၊ နောက်ပြောင်ကြနဲ့ ဖြစ်နေပါပြီ"လို့ ပြောပြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကုလသမဂ္ဂအရာရှိတွေနဲ့ ဆေးပညာရှင်တွေကတော့ အခုထိ ပြဿနာကို အရေးတကြီးမကိုင်တွယ်မစောင့်ရှောက်ကြတာကို စိုးရိမ်ပူပန်နေကြပါတယ်။ များမကြာခင်က ဒေါက်တာခရစ်ဘောရာ ပြုလုပ်ခဲ့တဲ့ လေ့လာချက်မှာ နယ်လှည့်အလုပ်သမားတွေရဲ့ ရောဂါကူးစက်ပုံနဲ့ ရောဂါကာကွယ်ရေးအကြောင်း မသိနားမလည်မှုအဆင့်အတန်းဟာ အလွန်တရာ အောက်ကျနောက်ကျလွန်းနေတယ်လို့ တင်ပြထားပါတယ်။ ခရစ်ဘောရာက ထိုင်းမြန်မာ နယ်စပ်တလျှောက်မှာရှိတဲ့ ဒုက္ခသည်တွေနဲ့ မြန်မာအလုပ်သမားတွေကို အင်တာဗျူးလုပ်ရာမှာ အိမ်ထောင်ရှင်ယောကျ်ား(၁၂%)နဲ့ အိမ်ထောင်ရှင်မိန်းမ(၃%)သာ ကွန်ဒုံးရာဘာအစွပ်ကိုသိကြကြောင်း ဆိုပါတယ်။

"ဒါဟာ မယုံကြည်နိုင်လောက်အောင်ပါ။ ထိုင်းတွေဆို (၁၀၀%)က ဒီကိစ္စကို သိကြပါတယ်"လို့ ခရစ်ဘောရာက ပြောပြပါတယ်။

ရှမ်းပြည်နယ်သာမက မြန်မာပြည်အနှံ့အပြား အေအိုင်ဒီအက်စ်ရောဂါပိုးပျံ့နှံ့ဖြစ်ပေါ်နေပြီဆိုတာ သံသယရှိဖို့မလိုပါဘူး။ ကုလသမဂ္ဂထောက်ပံ့ကူညီရေး အရာရှိတွေက အလုပ်သမားအင်အားအများအပြားရှိပြီး မူးယစ်ဆေးဝါးသုံးစွဲတဲ့ မြန်မာပြည်နယ်စပ်ဒေသတွေမှာ အဓိကစိုးရိမ်ဖွယ်ပြဿနာတရပ်အနေနဲ့သတ်မှတ်ပြီး တသီးပုဂ္ဂလထောက်ပံ့မှုတွေ ခွင့်ပြုခဲ့ပါတယ်။ ထိုင်းမြန်မာနဲ့ တရုတ်မြန်မာ နယ်စပ်တွေမှာ (HIV) ရောဂါပိုးပြန့်ပွားမှုဟာ ကပ်ဘေးဆိုး အရွယ်အစားထိ ရောက်ရှိနေပြီဖြစ်ပါတယ်။ ကချင်ပြည်နယ် ကျောက်မျက်တူးဖော်တဲ့ မိုင်းတွင်းဒေသတွေမှာဆို အစုလိုက်အပြုံလိုက် သေဆုံးမှုတွေရှိနေပါပြီ။ ဒေသခံလူမှုရေးထောက်ပံ့ကူညီသူများအဆိုအရ အချို့ကျေးရွာများမှာ မိသားစုဝင်အိမ်သားတဦးဦးဟာ အေအိုင်ဒီအက်စ်ရောဂါနဲ့ သေဆုံးခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒေါက်တာခရစ်ဘောရာက အခုလို မှတ်ချက်ချခဲ့တာပါ။

"စစ်အစိုးရအနေနဲ့ အခုထက်ပိုပြီး အရေးတကြီးမဆောင်ရွက်ဘူးဆိုရင် အခြေအနေဆိုးတွေဟာ ပိုပြီးမြင့်တက်လာဖို့ပဲရှိတယ်"

တကယ်လို့ အရေးပေါ်ဆောင်ရွက်မှု တစုံတရာမလုပ်ခဲ့ရင် အေအိုင်ဒီအက်စ်ရောဂါရဲ့ အတိုင်းအတာဟာ မကြာမီ အနာဂတ်ကာလမှာ ပေါက်ကွဲတော့မယ့် အချိန်ကိုက်ဗုံးတလုံးလိုဖြစ်တယ်ဆိုတာ မြန်မာစစ်ဗိုလ်ချုပ်ကြီးတွေ လက်ခံအသိအမှတ်ပြုဖို့ ဥရောပသမဂ္ဂ အရာရှိတွေက ဆန္ဒပြင်းပြနေကြပါတယ်။ အရာရှိတဦးက"ဒီရောဂါဟာ တခြား ကူးစက်ရောဂါတွေနဲ့မတူပါဘူး။ (HIV)ရောဂါပိုး လူတွေကြားထဲထိန်းမနိုင်သိမ်းမရ ပြန့်ပွားသွားရင် ကုသလို့ မရနိုင်တော့ဘဲ အာရပ်ပုံပြင်ထဲက မှော်ဝိညာဉ် ပုလင်းထဲ ပြန်သွင်းမရနိုင်တော့သလိုမျိုး ဖြစ်သွားလိမ့်မယ်" လို့ သတိပေးပြောဆိုခဲ့ပါတယ်။

(HIV/AIDS) ရောဂါတိုက်ဖျက်နှိမ်နှင်းရေးဟာ ဘာသာရေးအစွဲအလမ်းတွေနဲ့ စိတ်သဘောထားတွေပြောင်းလဲရသလို ငွေကြေးကုန်ကျမယ့် ပြဿနာတရပ်လည်း မဟုတ်ပါဘူး။ မြန်မာစစ်ဗိုလ်ချုပ်တွေဟာ အဲဒါတွေနဲ့ လုံးထွေးသတ်ပုတ်မှုစတင်နေတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဒီထက်ပိုပြီးတက်ညီလက်ညီကြိုးစားမှုတခု မပြုလုပ်ခဲ့ဘူးဆိုရင်တော့ အချိန်သိပ်နောက်ကျသွားတော့မှာ ဖြစ်ပါတယ်။ ■

6 October 2001, BKK Post တွင်ပါရှိသည့် Larry Jagan ၏ Out of Control ကို ဘာသာပြန်ဆိုပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အခြေခံနိုင်ငံရေးနှင့် စစ်ရေးသင်တန်းအပတ်စဉ် (၁/၂၀၀၁) နှင့် အခြေခံလူ့အခွင့်အရေးနှင့် ဥပဒေရေးရာသင်တန်း ကျင်းပပြီးစီး

သင်တန်းဆင်းအပြီးတွင် တက်ရောက်သူများနှင့်သင်တန်းသားများအမှတ်တရ

သင်တန်းဆင်းပွဲစစ်ရေးပြနေစဉ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အခြေခံနိုင်ငံရေးနှင့် စစ်ရေးသင်တန်းအပတ်စဉ် (၁/၂၀၀၁) နှင့် မြန်မာနိုင်ငံရှေ့နေများကောင်စီ အခြေခံလူ့အခွင့်အရေးနှင့် ဥပဒေရေးရာ သင်တန်းဆင်းပွဲအခမ်းအနားကို ၁၆၊ ၁၀၊ ၂၀၀၁ ရက်နေ့တွင် လွတ်မြောက်နယ်မြေတနေရာတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။

အဆိုပါ အခြေခံနိုင်ငံရေးနှင့် စစ်ရေးသင်တန်းကို (၆)လကြာပြုလုပ်ခဲ့သည်ဟု သိရှိရပြီး ယင်းသင်တန်းအတွင်း မြန်မာနိုင်ငံ ရှေ့နေများကောင်စီမှ တလကြာ အခြေခံ လူ့အခွင့်အရေးနှင့် ဥပဒေရေးရာသင်တန်းကို ပူးတွဲပို့ချခဲ့ကြောင်းသိရသည်။ သင်တန်း၏ အဓိကရည်ရွယ်ချက်များအပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မဟာဗျူဟာမြောက် လုပ်ငန်းစဉ်များ ဖြစ်သည်–

(၁) အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊

(၂) စစ်မှန်သည့်ဒီမိုကရေစီ နိုင်ငံတော်သစ်ပေါ်ပေါက်ရေး၊

(၃) ပြည်သူတရပ်လုံး လက်ခံနိုင်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတရပ် ဖော်ဆောင်ရေး

ဆိုင်ရာလုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အရည်အသွေးမြင့်မားသည့်အဖွဲ့ဝင်များ မွေးမြူတည်ဆောက်သည့် သင်တန်းဖြစ်ပြီး သင်တန်းသား (၅၀)ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်ပွဲအခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB)မှ ခေါင်းဆောင်များ၊ မြန်မာနိုင်ငံ ဒီမိုကရက်တစ်မဟာမိတ်များအဖွဲ့ချုပ် (DAB) မှ ခေါင်းဆောင်များ၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF)မှ ခေါင်းဆောင်များနှင့် အခြားအင်အားစုအသီးသီးမှ မဟာမိတ်ခေါင်းဆောင်များတက်ရောက်၍သင်တန်းဆင်းဂုဏ်ပြုစကားများ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ ■

ပြောပြပါရစေ

ကမ္ဘာကြီးကိုလှည့်စားနေသည့် နအဖ

သို့
အယ်ဒီတာ
မိုးကြိုးသတင်းစာ

ကျနော်သည် ၁၉၉၇ ခုနှစ်နှစ်ဆန်းပိုင်းမှ ၂၀၀၀ ခုနှစ်အထိ မြန်မာပြည် အကျဉ်းထောင်ထဲတွင် အကျဉ်းကျခံခဲ့ရသူတဦး ဖြစ်ပါသည်။ ထိုသို့ အကျဉ်းကျနေစဉ်အတွင်း ကြုံရဆုံရသည်များကို ပြန်ပြောင်းမတွေးချင်လှသော်လည်း တလောလေးကမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် ကုလသမဂ္ဂလူ့အခွင့်အရေး အထူးသံကြီး မစ္စတာပင်ဟေရိကြောင့် မေ့ထားချင်သည်တို့ တရေးရေးပြန်လည်မြင်ယောင်လာမိပါသည်။

မြန်မာပြည်မှ လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုများအား ကုလသမဂ္ဂသို့ အစီရင်ခံစာတင်ရန် မစ္စတာပင်ဟေရိ ရောက်ရှိနေသည့် အချိန်တွင် နအဖဘက်မှ ပျော့ပြောင်းမှုများကို တွေ့နေရပြီး၊ ဒေါ်အောင်ဆန်းစုကြည် နေအိမ်သို့သွားရောလမ်းတွင် အတားအဆီးများနှင့် အစောင့်အကြပ်ချထားမှုများ မတွေ့ရှိရခြင်းကြောင့် ရန်ကုန်လူထုမှာ အထူးအဆန်းဖြစ်နေကြသည်။ မစ္စတာပင်ဟေရိသည် မြန်မာပြည်တွင်းရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ ထောင်များ၊ ရဲဘက်စခန်းများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ အများဆုံးရှိသည့် ဒေသများသို့ သွားရောက်လေ့လာခွင့်ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မြန်မာပြည်သို့ လာရောက်လေ့လာမည့် မစ္စတာပင်ဟေရိအား နအဖမှ လှည့်စားဦးမည်သာ ဖြစ်သည်။

အင်းစိန်ထောင်နှင့် ရဲဘက်စခန်းတို့တွင် ကျနော်ကြုံခဲ့ရသည့် အဖြစ်အပျက်တချို့ကို အနည်းငယ်ပြောပြပါရစေ။ ကျနော် ထောင်ကျခံနေရစဉ် ၁၉၉၉ ခုနှစ်၊မေလတွင် ကမ္ဘာ့ကြက်ခြေနီအဖွဲ့ (ICRC) အင်းစိန်ထောင်သို့ လာရောက်လေ့လာမည်ဟု သိရပါသည်။ ထိုအခါ နအဖအာဏာပိုင်များက အကျဉ်းသားများအား သရက်ထောင်၊ သာယာဝတီထောင်၊ မြင်းခြံထောင်နှင့် တောင်ငူထောင်များသို့ အဝမ္မပြောင်းရွှေ့ခဲ့ကြပါသည်။ နိုင်ငံရေးအကျဉ်းသားများကို သာယာဝတီထောင်သို့ ပြောင်းရွှေ့ခြင်းကများသည်။ ထိုစဉ်က အင်းစိန်ထောင်တွင် အကျဉ်းသား တသောင်းနီးပါးမျှ ရှိနေပါသည်။ အင်းစိန်ထောင်တွင်းရှိ အဆောင်တဆောင်တွင် အခန်းရှစ်ခန်းရှိ၍၊ တခန်းတွင် လူတရာကျော်ရှိနေသည့်အတွက် မည်သို့မျှ ကျန်းမာရေးနှင့် ညီညွတ်မည်မဟုတ်ပါ။ ဤကိစ္စကို ထောင်အာဏာပိုင်များက လျစ်လျူရှုထားခဲ့ကြပါသည်။ သို့သော် ကမ္ဘာ့ကြက်ခြေနီအဖွဲ့မှ မြန်မာပြည် အကျဉ်းထောင်အခြေအနေများကို လာရောက်လေ့လာမည်ဟုဆိုသောအခါတွင် ထောင်အာဏာပိုင်များသည် ကြည့်ကောင်းစေရန်အတွက် အခန်းတခန်းတွင် လူငါးဆယ်မှ ခြောက်ဆယ်အထိသာထားရန် စီစဉ်ကြပါတော့သည်။ ထို့ကြောင့် ယခုကဲ့သို့ အတင်းအဓမ္မ ထောင်ပြောင်းရွှေ့ခြင်းဖြစ်သည်ဟု သိကြရပါသည်။ ထို့အပြင်တိုက်ခန်းများတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများကိုလည်း ဒေါက်နှင့် ခြေကျင်းများဖြုတ်ပေး၍ အဆောင်များ၌ ပြန်လည်ထားရှိသည်ကိုလည်း တွေ့ရပါသည်။

ထို့ပြင် ထောင်တွင်းသို့ (ICRC) ကဲ့သို့သော အဖွဲ့အစည်းများ လာသောအခါတွင် ဖြစ်စေ၊ ထောင်ပိုင်နှင့်ဝန်ထမ်းများ လာလျင်ဖြစ်စေ၊ ထို့အပြင် အိပ်ဆောင်ဖွင့်ချိန်နှင့် ပိတ်ချိန်တို့တွင်ဖြစ်စေ တန်းစီးများနှင့် ဝါဒါများက "ဘာ တင်ပြစရာရှိလဲ" ဟူသည့် မေးခွန်းတခုကို မေးလေ့ရှိသည်။ ထိုအခါ ကျနော်တို့က "မရှိပါဘူး"ဟု (၃)ခါ ပြန်ဖြေကြရပါသည်။ အကယ်၍ တင်ပြစရာရှိမည်ဆိုလျင်လည်း တင်ပြ၍မရပါ။ ဤသို့လျင် နအဖဘက်မှ ကြိုတင်ပြင်ဆင်မှုများနှင့် ခြိမ်းခြောက်မှုများကို (ICRC) အဖွဲ့ ရောက်ရှိမလာမီ ဆယ်ရက်နီးပါးမျှ ကြိုတင်ပြုလုပ်ထားပြီးဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ စစ်အစိုးရလက်ထက် မြန်မာပြည်၌ လက်နက်အားကိုးဖြင့် အနိုင်ကျင့်မှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေဦးမည်သာဖြစ်သည်။ စစ်အစိုးရသည် အာဏာရှင်စနစ် သက်ဆိုးရှည်စေရေးအတွက် နည်းအမျိုးမျိုးဖြင့် လိမ်လည်လှည့်စားပြီး ပြည်သူလူထုအား ဆက်လက်ညှဉ်းပန်းနေဦးမည်သာ ဖြစ်ပါသည်။

မွန်ပြည်နယ်၊သထုံမြို့၊ရွာတန်းရှည် ကျေးရွာအနီးရှိ ရင်းငြိမ်ကျောက်ထုတ်အလုပ်စခန်းတွင်လည်း အကျဉ်းဦးစီးဝန်ထမ်းများ၏ စားဝတ်နေရေးအတွက် အကျဉ်းသားများ၏ လုပ်အားကို အသုံးချနေသည်မှာ ယခုအချိန်ထိပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အကျဉ်းဦးစီးဝန်ထမ်းများမှာ ရရှိသောလစာဖြင့် မလောက်ငှသည့်အတွက် စခန်းတွင်းရှိ အကျဉ်းသားနှစ်ရာကျော်အား ဘုတ်အသီးသီးခွဲ၍ သထုံမြို့နှင့် ဇင်းကျိုက်မြို့ ရှိ ရွာများတွင် စပါးအငှားရိတ်ခြင်း၊ စိုက်ခြင်း၊ ငါးကန်တူးခြင်း၊ နွေစပါးအတွက် ဆည်ဖို့ခြင်း၊တမံမြောင်းများဖောက်လုပ်ခြင်း၊ အုတ်ဖုတ်လုပ်ငန်းများ၊ ပြောင်းစိုက်ခြင်းများ၊ မည်သည့်ရွာသားမျှမလုပ်သည့် အလုပ်များကို နေ့စားပုတ်ပြတ်စနစ်ဖြင့် မတရားခိုင်းစေနေကြပြီး၊ရရှိသည့်အကျဉ်းသားများ၏ လုပ်အားခများအား ၎င်းတို့မှ ဆင့်ကဲခွဲဝေယူကြသည်။ အကျဉ်းသားများအတွက် ရိက္ခာရောက်လျင် ဝန်ထမ်းမိသားစုများမှအရင်ခွဲတမ်းဖြင့်ဝေယူပြီးမှ ကျန်သည့်ရိက္ခာများသာ အကျဉ်းသားများအတွက်ဖြစ်သည်။

ယခု မစ္စတာပင်ဟေရိ ရောက်လာပြန်ပါပြီ။ ကျနော့်အနေနှင့် ကြိုဆိုပါသည်။ ဤသို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ သြဇာတက္ကိုမကြီးမားသူများ မကြာမကြာလာရောက်ကြခြင်းဖြင့် မြန်မာပြည်သူများ၏ ဘဝအခြေအနေမှန်များကို အနည်းနှင့်အများဆိုသလို ကမ္ဘာကြီးမှ သိခွင့်ရရှိစေနိုင်ပါသည်။ သို့သော် ကျနော်နှင့် ဘဝတူအကျဉ်းသားများအပေါ် နအဖစစ်အစိုးရ၏ လှည့်ကွက်၊ ညာကွက်များကိုလည်းကောင်း၊ (ICRC) အဖွဲ့ကဲ့သိုပင် အထူးသံကြီးမစ္စတာပင်ဟေရိလည်း ခံရလိမ့်ဦးမည်ဟု ကျနော်ထင်နေမိပါသည်။ ဤကဲ့သို့ တကမ္ဘာလုံးအား နအဖတို့မှ လိမ်လည်လှည့်စားနေသည်ကို ပြည်သူများသိမြင်ကြစေဖို့ ကျနော့်အတွေ့အကြုံကို မိုးကြိုးမှတဆင့် ပြန်ပြောရခြင်းဖြစ်ပါသည်။ ■

အမှန်လိုလားသူတဦး

တွေ့ဆုံဆွေးနွေးရေး

၇အောင်နိုင်ဦး

အကယ်၍ မြန်မာပြည်၏ နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးသည့်နည်းလမ်းဖြင့် ဖြေရှင်းကြမည်ဆိုပါလျင် မည်သို့သောရလဒ်မျိုးအထိ မျှော်လင့်ထားကြပါသနည်း ...

နိုင်ငံရေးဒီရေ အီနေသည်မှာ အတန်ကြာခဲ့ပြီ။ အပြောင်းအလဲတခုခု ဖြစ်ဖို့လိုနေပြီဟု ထင်သည်။ သို့နှင့် ဖြစ်နိုင်မည့်နည်းလမ်းများကို စဉ်းစားကြည့်တော့ (၃)ခုတွေ့သည်။ လက်နက်ကိုင်တော်လှန်ရေးနည်းဖြင့် ပြောင်းလဲခြင်း၊ စင်ပြိုင်အစိုးရဖွဲ့စည်းခြင်းဖြင့် ပြောင်းလဲခြင်း၊ တွေ့ဆုံဆွေးနွေးရေးနည်းဖြင့် ပြောင်းလဲခြင်း စသည်ဖြင့် ရှိမည်ထင်သည်။

သို့သော် လက်ရှိနိုင်ငံရေးဖြစ်စဉ်သည် ဆွေးနွေးရေးလမ်းကြောင်းပေါ်ရောက်နေသည်။ ထို့ကြောင့် တွေ့ဆုံဆွေးနွေးရေးဟူသည်ကို သိချင်လာသည်။ တွေ့ဆုံဆွေးနွေးရေးနှင့်ပတ်သက်သည့် ရတတ်သမျှသော စာအုပ်စာတမ်းများကို ရှာဖွေဖတ်ရှုဖြစ်သည်။ တွေ့ဆုံဆွေးနွေးကြ၍ အပြောင်းအလဲဖြစ်ခဲ့သော တိုင်းပြည်များ အကြောင်းကို လေ့လာဖြစ်သည်။

တွေ့ဆုံဆွေးနွေးရေးနှင့်ပတ်သက်သည့် ဖော်ပြချက်များတွင် နှစ်ပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဟူသည် နအဖနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ တွေ့ဆုံဆွေးနွေးခြင်းဟုနားလည်မိသည်။ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဟူသည် နအဖ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားအင်အားစုများ တွေ့ဆုံဆွေးနွေးကြခြင်းဟု နားလည်မိသည်။

ဖော်ပြချက်အများစုက လက်ရှိ တွေ့ဆုံဆွေးနွေးရေးသည် စစ်မှန်၍တန်းတူရည်တူရှိသည့် တွေ့ဆုံဆွေးနွေးရေးမဟုတ်။ ထို့ကြောင့် စစ်မှန်သည့် တွေ့ဆုံဆွေးနွေးရေးဖြစ်ရန် အောက်ပါအခြေအနေများရှိရမည်ဟု ပြောကြသည်။

ဆွေးနွေးရာတွင် မိမိတို့ ကိုယ်စားလှယ်ကို မိမိတို့ဖာသာ သတ်မှတ်ခွင့်ရှိရမည်။ ဆွေးနွေးမည့်အကြောင်းအရာကို ကြိုတင်သတ်မှတ်ထားရှိရမည်။ အဆင့်တူခေါင်းဆောင်များပါဝင်စေရမည်။ ဆွေးနွေးပွဲနှင့် ပတ်သက်သည်များကို တိုင်းပြည်သို့ ထုတ်ပြန်ကြေညာပေးရမည်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရမည်။ ပြည်သူ့လွှတ်တော်ခေါ်ယူပေးရမည်။ အမျိုးသားညီလာခံကို ဖျက်သိမ်းပေးရမည်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရမည်။ တပြည်လုံးအပစ်အခတ်ရပ်စဲကြောင်း ကြေညာရမည်။ နိုင်ငံရေးပါတီများ လွတ်လပ်စွာလှုပ်ရှားခွင့်ရှိရမည်။ နဝတ/နအဖမှ ထုတ်ပြန်ကြေညာထားသော မတရားသည့် အမိန့်အာဏာဟူသမျှကို ပယ်ဖျက်ပေးရမည်။ ပြည်ပရောက်အင်အားစုများကို ပါဝင်ခွင့်ပေးရမည်။ ပေါ်တာဆွဲခြင်း၊ အဝမ္မလုပ်အားခိုင်းစေခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခြင်းများကို ရပ်ဆိုင်းပေးရမည် စသည်ဖြင့် ....။

သို့သော် ယခုအထိ နှစ်ပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး၊ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး၊ စစ်မှန်သည့် တွေ့ဆုံဆွေးနွေးရေးဟူသည်တို့ အကောင်အထည်ရှိရှိ ဖြစ်မလာကြသေး။ ထိုသို့မဖြစ်ရသည်မှာ နအဖမှ ငြင်းဆန်နေ၍ဟု သိရသည်။ ဘာကြောင့် ငြင်းဆန်နေရပါသနည်း။ ဆွေးနွေးရန်မလိုအပ်ဟု ယူဆခြင်းကြောင့်လော၊ သို့တည်းမဟုတ် အတိုက်အခံများ၏တောင်းဆိုမှုများကို လက်မခံနိုင်၍လော၊ သို့တည်းမဟုတ် ၎င်းတို့ဖက်မှ မည်သည့်တောင်းဆိုခွင့်မျိုးမှ မရရှိခြင်းကြောင့်လောဟူသည် စဉ်းစားဖွယ်ရာပင်။ ထူးခြားသည်မှာ နအဖက တွေ့ဆုံဆွေးနွေးရေးနှင့်ပတ်သက်၍ တခွန်းတပါဒမျှမပြော။ သို့သော် "အမျိုးသားနိုင်ငံရေးတွင် တပ်မတော်သည် ဦးဆောင်မှုအခန်းမှ ပါဝင်စေရမည်"ဟူသည့် အချက်တချက်ကိုတော့ ခိုင်ခိုင်မာမာပြောခဲ့သည်။

တွေ့ဆုံဆွေးနွေးရေးဟူသည် ပဋိပက္ခဖြစ်နေသည့် အဓိကအင်အားစုကြီးတို့အကြား လိပ်ခဲတည်းလည်းဖြစ်နေသော ရှေ့မတိုး နောက်မဆုတ်သာအခြေအနေကို ကျော်လွှားနိုင်ရန် နည်းလမ်းအဖြစ် အသုံးပြုကြခြင်းဟု နားလည်မိသည်။ ဆွေးနွေးသည်ဆိုကတည်းက ပြေလည်မှုတခုရဖို့အတွက် တဖက်နှင့်တဖက် အပြန်အလှန် ညှိနှိုင်းကြခြင်းဖြစ်သည်။ ထိုသို့ ညှိနှိုင်းကြရာတွင် ၅၀း၅၀၊ ၆၀း၄၀၊ ၇၀း၃၀၊ ၈၀း၂၀၊ ၉၀း၁၀ စသည်ဖြင့် ရှိနိုင်ပေသည်။ သို့သော် ၁၀၀း၀၀ ဟူ၍တော့ မရှိနိုင်ဟု ထင်သည်။

ယခုလို တဖက်နှင့်တဖက် လုံးလုံးလည်းအရေးမနိမ့်သလို၊ လုံးလုံးလည်းအရေးမသာသော အခြေအနေမျိုးတွင် ဆွေးနွေးကြမည်ဆိုပါက တဖက်ကိုတဖက် အသိအမှတ်ပြုကြရပေမည်။ အပြန်အလှန်တောင်းဆိုခွင့်လည်း ရှိရပေမည်။ နှစ်ဖက်စလုံး လုပ်သာကိုင်သာရှိသည့် အခြေအနေများလည်း ဖန်တီးနိုင်ရပေမည်။ အပြန်အလှန်ယုံကြည်မှုလည်း တည်ဆောက်နိုင်ရပေမည်။ အမျိုးမျိုးသော စိုးရိမ်မှုများနှင့် သံသယများကို ဖြေဖျောက်နိုင်ရန်မှာ "တိကျသည့်အာမခံချက်"ဟူသည် အနာဂတ်နိုင်ငံရေးအတွက် မရှိမဖြစ်ကိစ္စပင် ဖြစ်မည်ထင်သည်။

ဆိုကြပါစို့။ အနာဂတ်နိုင်ငံရေးတွင် "အာဏာသိမ်းခြင်း"ဟူသည် အလွန်စိုးရိမ်ဖွယ်ရာကိစ္စပင်။ ယင်းကို အာမခံချက်ပေးနိုင်သည်မှာ စစ်တပ်ကိုထိန်းချုပ်ထားသော နအဖသာလျင်ဖြစ်မည်။ ထိုနည်းတူ "လက်တုံ့ပြန်ခြင်း"ဟူသည်လည်း အလွန်စိုးရိမ်ဖွယ်ရာကိစ္စပင်။ ယင်းကို အာမခံချက်ပေးနိုင်သည်မှာ လူထုကို ကိုယ်စားပြုနိုင်သော အတိုက်အခံအင်အားစုများသာလျင်ဖြစ်မည်။ အဓိကအကျဆုံးအချက်မှာ အမျိုးသားတိုင်း၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို တိကျစွာ အာမခံချက်ပေးနိုင်ခြင်းပင် ဖြစ်မည်ထင်သည်။

နအဖသည် စစ်တပ်နှင့် အာဏာကို ချုပ်ကိုင်ထားသော်ငြား အနည်းစုဖြစ်နေသဖြင့် ပို၍စိုးရိမ်ပေလိမ့်မည်။ အာဏာ လုံးလုံးလက်လွှတ်ရလျင် သူတို့ဘာဖြစ်မည်ကို ကောင်းကောင်းသိနေသည်။ သို့သော် အာဏာထက်ဝက်လက်လွှတ်ရလျင်၊ သို့တည်းမဟုတ် သုံးပုံတပုံလက်လွှတ်ရလျင် သူတို့ဘာဖြစ်မည်ကို သိချင်ရှာပေမည်။

တွေ့ဆုံဆွေးနွေးရေး၏ရလဒ်သည် (၃)မျိုးရှိနိုင်သည်။ အနိမ့်ဆုံးအားဖြင့် ထိပ်တိုက်ပဋိပက္ခဖြစ်နေမှုများ တစုံတရာလျော့နည်းစေနိုင်သည်။ ဤသည်က လက်ရှိအခြေအနေဖြစ်မည်ထင်ဩည်။ အလယ်အလတ်အားဖြင့် အာဏာခွဲဝေယူရန် သဘောတူညီချက်ရရှိခြင်းမျိုး ဖြစ်နိုင်သည်။ ဤသည်က ရှေ့အလားအလာဖြစ်မည်ထင်သည်။ အမြင့်ဆုံးအားဖြင့် အာဏာလွှဲပေးခြင်းမျိုးဖြစ်နိုင်သည်။ ဤသည်က ....။

အကယ်၍ တွေ့ဆုံဆွေးနွေးရေး၏ရလဒ်သည် အလယ်အလတ်အဆင့်မှ စတင်လိမ့်မည်ဟုလက်ခံနိုင်ကြလျင် ကျနော်တို့၏သဘောထားများကို ပြောင်းလဲနိုင်ရပေမည်။ ဤသည်မှာ ဒေါ်အောင်ဆန်းစုကြည်ပြောသကဲ့သို့ သဘောထားကြီးဖို့၊ အာဃာတမထားဖို့နှင့် သင်ပုန်းချေနိုင်ဖို့ပင်ဖြစ်သည်။ အခြားမဟုတ်။ မတူသည့် အယူအဆများကို အတူတကွ ကွဲလွဲခွင့်ပေးနိုင်ဖို့ပင်ဖြစ်သည်။ အာဏာခွဲဝေရယူသည်ဟူသည့် ဝေါဟာရကို အနာဂတ်နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအတွက် ရည်ရွယ်ချက်ရှိရှိ ပူးပေါင်းဆောင်ရွက်ကြခြင်းဟု နားလည်မိသည်။

တွေ့ဆုံဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်ကြဖို့တင်မက၊ အနည်းဆုံးလာမည့်ရွေးကောက်ပွဲ သက်တမ်းတခုအထိ နအဖနှင့် အတိုက်အခံအင်အားစုများ လက်တွဲဆောင်ရွက်ကြဖို့ ဟူသည် စဉ်းစားဖွယ်ရာပင်။ ကျနော့်၏တသီးပုဂ္ဂလ အမြင်အရဆိုလျင် စစ်အာဏာရှင်စနစ်သည်သာ လက်မခံနိုင်စရာကိစ္စဖြစ်၍ စစ်ဗိုလ်ချုပ်များနှင့် ရွေးကောက်ပွဲသက်တမ်းတခုအထိ လက်တွဲလုပ်ရခြင်းသည် အငြင်းပွားဖွယ်ကိစ္စတခုမဟုတ်ဟု ထင်သည်။

တွေ့ဆုံဆွေးနွေးခြင်းဖြင့် အပြောင်းအလဲဖြစ်စေရန် ချဉ်းကပ်ရာတွင်လည်း နှစ်ပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးနည်းလမ်းသည် ၁၉၈၈ ခုနှစ် အာဏာသိမ်းမှုနှင့်၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အဓိကထား၍ဖြေရှင်းသည့် သဘောမျိုးဆောင်လေမည်လား၊ သို့တည်းမဟုတ် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးနည်းလမ်းသည် ၁၉۸۸ ခုနှစ် အာဏာသိမ်းမှုနှင့် ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်တို့ကိုသာ မက၊ နှစ်ပေါင်း (၅၀)ကျော် ပဋိပက္ခကြီးကိုပါ လွှမ်းခြုံဖြေရှင်းသည့် သဘောမျိုးဆောင်လေမည်လားဟူသည် စဉ်းစားဖွယ်ရာပင်။

မြန်မာပြည်၏ နိုင်ငံရေးပြဿနာသည် နအဖနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ အကြားဖြစ်တည်နေသော ပဋိပက္ခတခုသာဖြစ်သည်ဟုဆိုလျင် ပြည့်စုံပါမည်လော။ အာဏာရှင်စစ်အစိုးရအဆက်ဆက်နှင့် တိုင်းရင်းသားလူမျိုးစုများအကြား နှစ်ပေါင်း(၅၀)ကျော်ကြာဖြစ်တည်နေသော ရေရှည်ပဋိပက္ခဖြစ်သည်ဟုဆိုလျင် ပိုရှည်လွမ်းခြုံနိုင်မည်လော။ စစ်မှန်၍တန်းတူရည်တူရှိသည့် တွေ့ဆုံဆွေးနွေးရေးမျိုးဖြစ်ရန်ဆိုပါက နအဖခေါင်းဆောင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်ကြဖို့ လိုပေလိမ့်မည်။

ယင်း အင်အားစုကြီး(၃)စုတို့ကသာလျင် ရှိနေသောပဋိပက္ခများကို မှန်မှန်ကန်ကန် ဖြေရှင်းနိုင်ကြမည်ဖြစ်သကဲ့သို့ အနာဂတ်နိုင်ငံတော်ကိုလည်း အခွင့်အလမ်းသာတူညီမျှရှိသည့် ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ခိုင်ခိုင်မာမာတည်ဆောက်နိုင်ကြလိမ့်မည်ဟု ထင်မိသည်။ ■

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် နအဖ တိုက်ပွဲသတင်းများ

၁၂၊ ၁၀၊ ၀၁ ရက်နေ့ (၁၂၊၂၀)နာရီ အချိန်တွင်(ကေအဲန်ဒီအို) အမှတ်(၆)တပ်ရင်း၊ တပ်ခွဲ(၁)မှ ဒုဗိုလ်စောပလဲထူး ဦးစီးအဖွဲ့မှ (နအဖ) ခမရ (၅၄၇/၅၄၉)တို့ ပူးပေါင်း တပ်ဖွဲ့မှ ခင်မောင်စိုးဦးစီးသည့် စစ်ကြောင်းကို ချုံခိုတိုက်ခိုက်ရာ ကြာအင်းမြို့နယ်၊ထိုးခီးရွာနှင့် တမော့သဲကျေးရွာအကြားတွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖတပ်ဖွဲ့ဝင်(၂)ဦးကျဆုံးပြီး၊ (၁)ဦး ပြင်းထန်စွာဒဏ်ရာရရှိသွားကြောင်းနှင့် (ကေအဲန်ဒီအို)ဘက်မှ ထိခိုက်ကျဆုံးမှုမရှိ ကြောင်း သတင်းရရှိပါသည်။

အမှတ် (၆)တပ်မဟာနယ်မြေအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲသတင်းများ

၁။ ၁၅၊ ၉၊ ၀၁ ရက်၊ (၁၀း၄၅)နာရီ တွင် (ကေအဲန်အယ်လ်အေ)တပ်မဟာ(၆)မှ အထူးတပ်ရင်း၏ တပ်ခွဲ(၃) တပ်ခွဲမှူးဦးစီး သည့် အဖွဲ့သည် ကြာအင်းမြို့နယ်၊ သုံးတိုက်နှင့် ကြာအင်းအကြားတွင် နအဖ ခလရ(၂၈) တပ်ဖွဲ့အား ချုံခိုစောင့်ပစ်ခဲ့ရာ နအဖတပ်ဖွဲ့ဝင်(၃)ဦးကျဆုံးပြီး၊ (၁)ဦး ဒဏ်ရာရသွားကြောင်း သေဆုံးသူထဲတွင် တပ်ခွဲမှူး(၁)ဦး၊ တပ်ကြပ်(၁)ဦးတို့ ပါဝင်ကြောင်းနှင့် (ကေအဲန်အယ်လ်အေ)ဘက်၌ ထိခိုက်ကျဆုံးမှုမရှိ ကြောင်း သတင်းရရှိသည်။

၂။ ၁၅၊ ၉၊ ၀၁ ရက်နေ့၊ (၁၃း၁၀) အချိန်တွင် ကေအဲန်အယ်လ်အေ တပ်မဟာ(၆)မှ တပ်ရင်း(၁၆)၏ တပ်စုမှူးစောတကွ်ဦးစီး အဖွဲ့မှ (နအဖ)ခလရ(၃၄)၊ ခမရ(၅၃၁)တို့၏ ဗိုလ်ကျော်ခိုင်ဦး ဦးစီးသည့်ပူးပေါင်းစစ်ကြောင်း အား ဝင်ရေးမြို့နယ်၊ အကရဲချောင်းနှင့် သေ့ကတဲချောင်းအကြားတွင် ပြောက်ကျားစောင့်ပစ်ခဲ့ရာ၊ (နအဖ)တပ်ဖွဲ့ဝင်(၄)ဦး ကျဆုံးပြီး၊ (၁)ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြောင်းနှင့် (ကေအဲန်ဒီအို)ဘက်မှ ထိခိုက်ကျဆုံးမှုမရှိ ကြောင်း သတင်းရရှိပါသည်။

၃။ ၁၅၊ ၉၊ ၀၁ ရက်၊ (၁၀း၄၅)နာရီ တွင် (ကေအဲန်အယ်လ်အေ)တပ်မဟာ(၆)မှ အထူးတပ်ရင်း၏ တပ်ခွဲ(၃) တပ်ခွဲမှူးဦးစီး သည့် အဖွဲ့သည် ကြာအင်းမြို့နယ်၊ သုံးတိုက်နှင့် ကြာအင်းအကြားတွင် နအဖ ခလရ(၂၈) တပ်ဖွဲ့အား ချုံခိုစောင့်ပစ်ခဲ့ရာ နအဖတပ်ဖွဲ့ဝင်(၃)ဦးကျဆုံးပြီး၊ (၁)ဦး ဒဏ်ရာရသွားကြောင်း သေဆုံးသူထဲတွင် တပ်ခွဲမှူး(၁)ဦး၊ တပ်ကြပ်(၁)ဦးတို့ ပါဝင်ကြောင်းနှင့် (ကေအဲန်အယ်လ်အေ)ဘက်၌ ထိခိုက်ကျဆုံးမှုမရှိ ကြောင်း သတင်းရရှိသည်။

၄။ ၅၊ ၉၊ ၀၁ ရက်၊ (၁၀း၅၅)နာရီ တွင် ကေအဲန်အယ်လ်အေ တပ်မဟာ(၆)မှ တပ်ရင်း(၁၆)၏ အဖွဲ့ငယ်တဖွဲ့သည် (နအဖ) ခလရ(၃၄) စစ်ကြောင်း(၁)မှ ခင်မောင်စိုးဦးစီးအဖွဲ့နှင့် ခလရ(၃၄၄)စစ်ကြောင်း(၂)မှူး ဇော်လွင်ဦးစီးသောပူးပေါင်းလှပ်ရှားစစ်ကြောင်း အား၊ ဝင်ရေးမြို့နယ်၊ မယ်တလီကျေးရွာ အနီးရှိ ကသေ့ကတိုက်ချောင်းအနီးတွင် ပြောက်ကျားစောင့်ပစ်ခဲ့ရာ (နအဖ)တပ်ဖွဲ့ဝင် (၁)ဦးကျဆုံး၊ (၁)ဦး ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိပါသည်။

၅။ ၂၅၊ ၉၊ ၀၁ ရက်၊ (၁၀း၀၈)နာရီ တွင် ကေအဲန်အယ်လ်အေ တပ်မဟာ(၆)မှ တပ်ရင်း(၁၆)၏ အဖွဲ့ငယ်တဖွဲ့သည် (နအဖ) ခလရ(၃၄) စစ်ကြောင်း(၁)မှ ခင်မောင်စိုး ဦးစီးအဖွဲ့နှင့် ခလရ(၃၄၄)စစ်ကြောင်း(၂)မှူး ဇော်လွင်ဦးစီးသောပူးပေါင်းလှပ်ရှားစစ်ကြောင်း အား၊ ဝင်ရေးမြို့နယ်၊ မယ်တလီကျေးရွာ အနီးရှိ ကသေ့ကတိုက်ချောင်းအနီးတွင် ပြောက်ကျားစောင့်ပစ်ခဲ့ရာ (နအဖ)တပ်ဖွဲ့ဝင် (၁)ဦးကျဆုံး၊ (၁)ဦး ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိပါသည်။

၆။ ၂၅၊ ၉၊ ၀၁ ရက်၊ (၁၀း၀၈)နာရီ တွင် ကေအဲန်အယ်လ်အေ တပ်မဟာ(၆)မှ တပ်ရင်း(၁၆)၏ အဖွဲ့ငယ်တဖွဲ့သည် (နအဖ) ခလရ(၃၄) စစ်ကြောင်း(၁)မှ ခင်မောင်စိုး ဦးစီးအဖွဲ့နှင့် ခလရ(၃၄၄)စစ်ကြောင်း(၂)မှူး ဇော်လွင်ဦးစီးသောပူးပေါင်းလှပ်ရှားစစ်ကြောင်း အား၊ ဝင်ရေးမြို့နယ်၊ မယ်တလီကျေးရွာ အနီးရှိ ကသေ့ကတိုက်ချောင်းအနီးတွင် ပြောက်ကျားစောင့်ပစ်ခဲ့ရာ (နအဖ)တပ်ဖွဲ့ဝင် (၁)ဦးကျဆုံး၊ (၁)ဦး ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိပါသည်။

၇။ ၉၊ ၁၀၊ ၀၁ ရက်နေ့၊ (၀၆း၂၀) နာရီတွင်၊ ကေအဲန်အယ်လ်အေ တပ်မဟာ(၆)မှ တပ်ရင်း(၁၈)၏ တပ်ခွဲ(၄)အဖွဲ့မှ ကျုံဒိုးမြို့နယ်၊ ထီးဟူးသန်ကျေးရွာထိပ်ရှိ (နအဖ) ခမရ(၅၄၅)၏ အခြေစိုက်စခန်းအား (၅)မိနစ်ကြာ ပြောက်ကျား ဝင်ရောက်ပစ်ခတ်ခဲ့ရာ (နအဖ)တပ်ဖွဲ့ဝင်တပ်ကြပ်ကြီးဝင်းအောင်ဇော်ကျဆုံးပြီး၊ အခြားအဆင့်ရဲဘော်(၂)ဦး ပြင်းထန်စွာဒဏ်ရာရရှိသွားပြီး ကေအဲန်အယ်လ်အေ ဘက်မှထိခိုက်ကျဆုံးမှုမရှိကြောင်း သတင်းရရှိသည်။

လက်နက်ခဲယမ်းနှင့်လာရောက်ပူးပေါင်းမှု သတင်းမှတ်တမ်း

၁။ ၄၊ ၁၀၊ ၀၁ ရက်နေ့တွင် (နအဖ) အမှတ်(၃၃၃) အမြောက်တပ်၏ လက်နက်ကြီး အကူပစ်တပ်ခွဲမှ ဗိုလ်အောင်နိုင်ဝင်း ဦးစီး အဖွဲ့မှ ကိုယ်ပိုင်အမှတ်(တ/၁၃၉၃၂၃) တပ်သားသက်အောင် သည်၊ (နအဖ)တပ်တွင်း အထက်အရာရှိကြီးငယ်များ၏ တယ်သားများအပေါ် အနိုင်ကျင့်ဗိုလ်ကျခြင်း၊ ရသင့်ရထိုက်သောအခွင့် အရေးရပိုင်ခွင့်များကို မတရားဖြတ်ယူခြင်း စသော မတော်မတရားမှုများကို ပြုလုပ်နေ သဖြင့်မခံမရပ်နိုင်တော့ပဲဘီအေ(၆၃)မောင်းပြန် ရိုင်ဖယ်(၁)လက်၊ ၎င်းကျည်အိမ် (၃)ချပ်၊ ၎င်းကျည်(၁၂၀)တောင့်တို့နှင့်အတူ ကေအဲန် အယ်လ်အေ တပ်မဟာ(၆)၏ တပ်ရင်း (၁၈) တပ်ခွဲ(၁)သို့ လာရောက်ပူးပေါင်းခဲ့သည်။ လာရောက်ပူးပေါင်းသူများအား ကေအဲန်ယူမ တာဝန်ရှိသူများ၊ ကေအဲန်အယ်လ်အေမှ တာဝန်ရှိသူများမှ လှိုက်လှဲပျူဂြာစွာကြိုဆိုခဲ့ ကြပြီး စားဝတ်နေရေးကိစ္စများအတွက် အတတ်နိုင်ဆုံး ပံ့ပိုးကူညီမှုများပေးခဲ့ကြောင်း သတင်းရရှိပါသည်။

၂။ ၁၁၊ ၁၀၊ ၀၁ ရက်နေ့တွင် ကြာအင်းမြို့နယ်၊ ထဲကလကျေးရွာ၌ စခန်းချ ထားသော ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့အမည်ခံ ဗိုလ်သုမုဟဲဦးစီးသည့် ရုံးတပ်ဖွဲ့မှ တပ်သား တင်ထွန်းသည်၊ ဗိုလ်သုမုဟဲ၏ ယုတ်မာမှုများကို မခံမရပ်နိုင်သဖြင့် အေကေမောင်းပြန်ရိုင်ဖယ် (၁)လက်၊ ၎င်းကျည်အိမ် (၂)ချပ်၊ ၎င်းကျည် (၄၀)တောင့်နှင့်အတူ ကေအဲန်အယ်လ်အေ၊ တပ်ရင်း(၁၈)၊ တပ်ခွဲ(၄)သို့လာရောက် ပူး ပေါင်းခဲ့ပါသည်။ ၎င်းတို့ကိုကေအဲန်ယူစစ်ဘက်၊ နယ်ဘက် တာဝန်ရှိသူများမှ လှိုက်လှဲပျူဂြာစွာ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိပါသည်။

■

နအဖ စစ်ယာဉ်တန်း မယ်စလောင်းတွင် ချုံခိုတိုက်ခိုက်ခံရ

၂၀၀၁ ခုနှစ်၊ စက်တင်ဘာ(၂၃)ရက် ညနေ (၃)နာရီအချိန်တွင် ကရင်နီအမျိုးသား တိုးတက်ရေးပါတီတပ်ရင်း(၂)မှဗိုလ်မှူးအယ်မိုး ဦးဆောင်သော အင်အား(၃၀)ခန့်တို့သည် လွိုင်ကော်မြို့တောင်ဘက် (၄၂)မိုင် အကွာတွင် ရှိသည့် ဘော်လခဲမှလာသော နအဖယာဉ်တန်း တခုအား မယ်စလောင်းတောင်တွင် ချုံခို တိုက်ခိုက်ရာ ကား(၂)စီးပျက်စီးသွားပြီးငင်း တိုက်ပွဲတွင် ရန်သူ နအဖ တပ်သား(၁၁)ဦး သေဆုံးသွားကြောင်း သတင်းရရှိပါသည်။ ၎င်း သေဆုံးသူများတွင် အရာရှိတဦးပါဝင်ကြောင်း သိရပြီး၊ (၁၇)ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိ သွားကြောင်းသိရသည်။ ထိုဒဏ်ရာရရှိသူများ အထဲတွင်လည်း နအဖ မှ စစ်ကြောင်းမှူး ဗိုလ်မှူးထွန်းထွန်းဦးလည်း ပါဝင်ကြောင်း သိရ သည်။ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ ဘက်မှ အကျအဆုံးမရှိကြောင်း သတင်းရရှိ ပါသည်။ ■

ချင်းတပ်မတော်နှင့် နအဖတပ်တို့ တိုက်ပွဲများဖြစ်

အိန္ဒိယ–မြန်မာနယ်စပ်ရှိ ကုန်သွယ်ရေးလမ်းကြောင်းများပိတ်

လွန်ခဲ့သည့်သြဂုတ်လနှောင်းပိုင်းအတွင်း CNAတပ်ဖွဲ့များအခြေစိုက်သည့် ဝိတိုရိယ စခန်းကို အိန္ဒိယတပ်ဖွဲ့ဝင်များ ကဝင်ရောက် စီးနင်းသိမ်းပိုက်လိုက်သည့်အတွက် မြန်မာ ပြည်ဘက်သို့ ပြန်လည် ခိုလှုံလာကြသော ချင်းတပ်မတော်(ခေါ်) CNA လက်နက်ကိုင် တပ်ဖွဲ့များနှင့် နအဖ တပ်ဖွဲ့တို့တိုက်ပွဲများ ဖြစ်ပွားလျက်ရှိရာ အိန္ဒိယ–မြန်မာနယ်စပ် ကုန်သွယ်ရေးလမ်းများရပ်တန့်သွားခဲ့ကြောင်း သတင်းများရရှိသည်။

ပြီးခဲ့သည့်စက်တင်ဘာလ ၂၂ ရက် နေ့ ကလည်း အိန္ဒိယ–မြန်မာနယ်စပ် ဘရိချ်စခန်း အနီး CNA နှင့်တီးတိန်အခြေစိုက် ခလရ ၁၆၆ တပ် တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖ တပ်သား(၃)ဦး အပါအဝင် အရပ်သား ယာဉ်မောင်းသူ တဦးလည်းသေဆုံးသွားခဲ့ ကြောင်း အိန္ဒိယနိုင်ငံ မီဇိုရမ်မှလာသော သတင်းများအရသိရသည်။

ယခုကဲ့သို့တိုက်ပွဲများ မကြာခဏ ဖြစ်ပွားနေခြင်းကြောင့် နှစ်နိုင်ငံကုန်သွယ်ရေး လမ်းကြောင်းများ မကြာခဏ ရပ်ဆိုင်းသွား ခဲ့ရာ နအဖ တပ်များက နယ်စပ်လုံခြုံရေး ကိစ္စကို အရေးတကြီးစီမံ ဆောင်ရွက်လျက် ရှိကြောင်းသိရသည်။ ■

တိုင်းမှူးကို တိုင်ကာမှ အဓမ္မစေခိုင်းခံရသူများ အသတ်ခံရ

ရှမ်းပြည်တောင်ပိုင်း၊ မိုးနဲမြို့နယ်၊ ကျိုင်း နောင်ဒေသမှ ဒေသခံရွာသားများက မိမိတို့အပေါ်အတင်းအဓမ္မစေခိုင်းခံရမှုများကို တိုင်းမှူးထံတိုင်တန်းခဲ့ရာ ခိုင်းစေသူ ဗိုလ်ကြီးက ၎င်းတို့အားလုံးကို ရက်စက်စွာ ပစ်သတ်သွားခဲ့ ကြောင်း DVB အရသိရှိရသည်။

အဆိုပါသတင်း၌ဖော်ပြထားရာတွင် ပြီးခဲ့သည့် ဂျူလိုင်လ ၁၄ ရက်နေ့က ရှမ်းပြည် တောင်ပိုင်း ကျိုင်းနောင်ဒေသတွင် ခေတ္တ အခြေစိုက်သော ကွန်ဟိန်းအခြေစိုက်တပ်ရင်း ၂၄၆ တပ်ခွဲ ၃ မှ ဗိုလ်ကြီးမြင်းအောင်သည် ထို ဒေသတွင်ယာယီအုပ်ချုပ်နေစဉ် ဒေသခံရွာသား များကို အတင်းအဓမ္မစေခိုင်းခဲ့ရာ ဗိုလ်ချုပ် ခင်ညွန့်၏ လုပ်အားပေးခိုင်းစေမှုများ ရပ်ဆိုင်း ရန်ထုတ်ပြန်ထားသည့်အမိန့်နှင့်ဆန့်ကျင်နေ သဖြင့် ဒေသခံရွာသားများက အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ် မောင်ဘိုထံ တိုင်ကြားခဲ့ကြကြောင်း၊ ထိုသို့ဒေသခံရွာသား များ၏ ပြုမှုမှုအပေါ်မကျေနပ်သည့် ဗိုလ်ကြီး မြင့်အောင်က လက်အောက်ခံ ဗိုလ်မောင်ထွေး နှင့်အတူ တိုင်တန်းခဲ့သူရွာသား (၇)ဦးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားကြကြောင်း၊ နောက် (၁၀)ရက်အကြာတွင် အဆိုပါရွာသား (၇)ဦး တို့၏အလောင်းများကို ဟိုပွန်ရွာအနီးတွင် တံငါသည်များကတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းဌာနက ဖော်ပြထားသည်။ ■

တနင်္သာရီတိုင်းအတွင်း ဗလီဆရာငါးဦးကို နအဖစစ်တပ်က ပစ်ခတ်ဖမ်းဆီး၍ပေါ် တာဆွဲ

တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊ သပေါ့လိပ် ကျေးရွာရှိ မူဆလင်ဗလီတခုတွင် အစ္စလာမ် ဘာသာဝင်များ ဘုရားဝတ်ပြုနေစဉ် နအဖ စစ်ကြောင်းတခုက လက်နက်ငယ်များနှင့် ဝိုင်းဝန်းပစ်ခတ်ပြီး ထိုဗလီတွင်ရောက်ရှိ နေသည့် နယ်လှည့်ဗလီဆရာငါဦးတို့ကို စစ်ကြောင်းပေါ်တာများအဖြစ် ဖမ်းဆီးသွား ခဲ့ကြောင်း(DVB)အသံလွှင့်ဌာနက ထုတ်လွှင့် သွားခဲ့သည်။

ပြီးခဲ့သည့် စက်တင်ဘာ(၁၅)ရက်နေ့ နံနက်(၂း၀၀)နာရီခန့်တွင် အဆိုပါဗလီသို့ ဗိုလ်မှူးရဲထွန်းခေါင်းဆောင်သည့် ခမရ ၃၄၂ စစ်ကြောင်းတကြောင်းရောက်ရှိလာပြီး လက် နက်ငယ်များနှင့် ၁၅ မိနစ်ခန့် ပစ်ခတ်ခဲ့ပြီး နောက် ဝတ်ပြုဆုတောင်းနေသူ (၇၀)ခန့်ထဲမှ နယ်လှည့်တရားဟောဆရာ (၅)ဦးကို အခြား ရွာသား(၂၀)ဦးခန့်နှင့်အတူ ဖမ်းဆီးခေါ် ဆောင်သွားခြင်းဖြစ်ကြောင်းသိရှိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ နယ်စပ် ရောက် ရွာသားတဦးကပြောပြရာတွင် ဖော်ပြပါ ဗလီဆရာ(၅)ဦးနှင့် ရွာသား(၂၀)တို့ ကို စစ်ရိက္ခာအသုံးအဆောင် လက်နက်ခဲယမ်း များ ထမ်းခိုင်းခဲ့ပြီး ယနေ့ထိ ခမရ ၃၄၂ စစ်ကြောင်းနှင့်အတူ လိုက်ပါနေရဆဲဖြစ်ရာ ၎င်းတို့၏အခြေအနေ မည်သို့မည်ပုံကြုံတွေ့ နေရသည်ကို အဆက်အသွယ်မရရှိကြောင်း သတင်း၌ဖော်ပြပါရှိသည်။

■

“စစ် ချက်ချင်းရပ်၊ လူမျိုးခွဲခြားမှု အမြန်အဆုံးသတ်” “စစ်ပွဲသည် အဖြေမဟုတ်”

လူမျိုးရေးခွဲခြားမှုနှင့် စစ်ဆန့်ကျင်ရေးတို့အတွက် နိုင်ငံတကာပြည်သူများ ဆန္ဒပြနေကြပြီ

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်နေ့ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့နှင့် ဝါရှင်တန်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အဦးနှင့် ပင်တဂွန်စစ်ဌာနချုပ်တို့အား အကြမ်းဖက်သမားတစုံ၏ လေယာဉ်ပျံများ၊ ဘာသာရေးအသင်းအဖွဲ့ပေါင်းစုံမှ ပုဂ္ဂိုလ်များ၊ တက္ကသိုလ်ကောလိပ်နှင့် အထက်တန်းကျောင်းတို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသားများ၊ အရောင်အသွေးမျိုးစုံသော နိုင်ငံရေးအသင်းအဖွဲ့များနှင့် လူထုလူတန်းစား ဖြင့် အသေခံတိုက်ခိုက်ခဲ့မှုတို့ကြောင့် အပြစ်မဲ့ပြည်သူ (၇၀၀၀)နီးပါးခန့် သေကြေဒဏ်ရာရ၊ ပျောက်ဆုံးခဲ့ရသည်။ ၎င်းအကြမ်းဖက်မှု၏ အဓိကတရားခံမှာ ဆော်ဒီနိုင်ငံဖွား အိုစမာဘင်လာဒင် ဖြစ်သည်ဟု အမေရိကန်အစိုးရမှ စွပ်စွဲခဲ့ပြီး ဤလုပ်ရပ်အပေါ် လက်တုံ့ပြန်သော အားဖြင့် အမေရိကန်သမ္မတဘုရင် အစိုးရအဖွဲ့မှ အာဖဂန်နစ္စတန်နိုင်ငံအပေါ် စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့သည်။

အမေရိကန်အစိုးရ၏ ဤလုပ်ရပ်အပေါ် ဆန့်ကျင်ကန့်ကွက်သောအားဖြင့် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလှုပ်ရှားသူများ၊ ဂလိုဘယ်လိုက်ဇေးရှင်း ဆန့်ကျင်ရေးသမားများ၊ ဘာသာရေးခေါင်းဆောင်များ၊ ပညာရှင်များ၊ ကျောင်းသားများ၊ ကျေးရွာသားများ ပါဝင်သော ပြည်သူ့ရေပန်းစုံ ဆန္ဒပြပွဲကြီးတခုကို ကျင်းပခဲ့ကြသည်။ အလားတူပင် အခြားမြို့ကြီးများဖြစ်ကြသော လေ့စ်အိန်ဂျယ်လိစ်၊ ဆန်ဖရန်စစ္စကို၊ ဘာကလေ၊ ဒင်ဗာနှင့် ချိကာဂိုမြို့ကြီးများတွင်လည်း ဆန္ဒပြချိတက်ပွဲများ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြသည်။

ဤချိတက်ဆန္ဒပြပွဲကြီးသည် မူလက ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)နှင့် ကမ္ဘာ့ဘဏ် (World Bank)တို့၏ ဆိုးဝါးလှသော စီးပွားရေးပေါ်လစီများနှင့် ဂျော့ဘုရှ်အစိုးရ၏ ဖောက်ပြန်သော နိုင်ငံခြားရေးနှင့် ပြည်ထဲရေးပေါ်လစီများအား ဆန့်ကျင်ကန့်ကွက်ရန် အိမ်ဖြူတော်မှ IMF နှင့် World Bank အဆောက်အဦးရှေ့သို့ ချိတက်ရန် စီစဉ်ထားရာမှ လတ်တလောပေါ်ပေါက်လာသော လူမျိုးရေးနှင့် စစ်ပွဲသစ်၏ ပြင်းထန်သော ခြိမ်းခြောက်မှုအန္တရာယ်တို့ကြောင့် “လူမျိုးရေးခွဲခြားမှုနှင့် စစ်ဆန့်ကျင်ရေး” ဘက်သို့ ဦးတည်ကာ ပြောင်းလဲစီစဉ်လိုက်ရခြင်းဖြစ်သည်။

ဤလှုပ်ရှားမှုများအား အပတ်စဉ်အားလပ်ရက်တိုင်း ဆက်တိုက်ဆင်ဆွဲသွားကြရန် စက်တင်ဘာ(၂၄)ရက်နေ့တွင် ပြုလုပ်ခဲ့သော International A.N.S.W.E.R အဖွဲ့၏ သတင်းစာကွန်ဖရင့်မှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသည်။

ဤပြည်လုံးဆိုင်ရာ ချိတက်ဆန္ဒပြပွဲကြီးမှ အသိရှိသော ပြည်သူအားလုံးစုစည်းကြရန်နှင့် ယခုလို အရေးကြီးသောအချိန်အခါတွင် တသီးပုဂ္ဂလများ၊ အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ကြရန် တောင်းဆိုလိုက်ပြီး တခဲနက်ကြေးကြော်သံများဖြင့် အေးချမ်းငြိမ်သက်စွာ အဆုံးသတ်ခဲ့ကြသည်။ ယင်းတို့မှာ –

- **စစ်ချက်ချင်းရပ်၊ လူမျိုးခွဲခြားမှု အမြန်အဆုံးသတ်။**
- **လူမျိုးခွဲခြားရေးနှင့် စစ်သည်အဖြေမဟုတ်။**
- **အရှေ့အလယ်ပိုင်းနှင့် အခြားနေရာအားလုံးရှိ ပြည်သူများအား တိုက်ခိုက်သည့် စစ်ပွဲသစ်အား ဆန့်ကျင်ကြ။**
- **အကြမ်းဖက်မှု၏ သားကောင်များဖြစ်ကြသော အသားအရောင်မျိုးစုံသည့် လူမှု အသိုက်အမြုံများနှင့် အာရပ်၊ မူဆလင် ပြည်သူများအားဆန့်ကျင်သည့် လူမျိုးခွဲခြားရေး တိုက်ခိုက်မှုမှန်သမျှ အလိုမရှိ။**
- **ပြည်သူ့လွတ်လပ်ခွင့်များနှင့် ဒီမိုကရေစီ အခွင့်အရေးများ ကာကွယ်ကြ။**
- **ဒုက္ခရောက်သူများအား စုရုံးကူညီကြ။** ■

လူ့အခွင့်အရေးအထူးသံကြီး မြန်မာနိုင်ငံမှ အချိန်မတိုင်မီ ပြန်လည်ထွက်ခွာ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားပါတီများနှင့် တွေ့ဆုံနိုင်ခဲ့

လူ့အခွင့်ရေးအခြေအနေများ စုံစမ်းစစ်ဆေးရန် (၁၂)ရက်ခရီးစဉ်အဖြစ် အောက်တိုဘာ(၉)ရက်နေ့က မြန်မာနိုင်ငံသို့ရောက်ရှိလာသည့် ကုလသမဂ္ဂလူ့အခွင့်အရေးစုံစမ်းရေးမှူးပေါ်လိုဆာဂီယို ပင်ဟေရိုသည် သတ်မှတ်ရက်မတိုင်မီ(၂)ရက်အလိုဌ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

မစ္စတာပင်ဟေရိုသည် ပြီးခဲ့သည့် ဧပြီလတွင် မြန်မာနိုင်ငံသို့ ပထမအကြိမ်သွားရောက်ခဲ့ပြီးနောက် ယခုခရီးစဉ်မှာ ဒုတိယမြောက် ခရီးစဉ်ဖြစ်သည်။ ဤခရီးစဉ်အတွင်း NLD အပါအဝင် တိုင်းရင်းသားပါတီများ၊ နအဖ တာဝန်ရှိသူများနှင့် တွေ့ဆုံနိုင်ခဲ့သည်ဟု သိရှိရသည်။

မစ္စတာပင်ဟေရိုသည် SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး အပါအဝင် အခြားတိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် တွေ့ဆုံနိုင်ခဲ့ရာ ယင်းနှင့်ပတ်သက်၍ ဦးခွန်ထွန်းဦးထံ RFA သတင်းဌာနက ဆက်သွယ်မေးမြန်းခဲ့ရာတွင် ၎င်းက ယခုခရီးစဉ်တွင် ပင်ဟေရိုသည် တိုင်းရင်းသားနိုင်ငံရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့ကြောင်း၊ တိုင်းရင်းသားများအနေနှင့် NLD နည်းတူ နိုင်ငံရေးလုပ်ပိုင်ခွင့်များရှိသင့်သည်ဟု မှတ်ချက်ချသွားကြောင်း၊ ၎င်း၏အစီရင်ခံစာတွင် တိုင်းရင်းသားပါတီများ၏ နိုင်ငံရေးကဏ္ဍကို မြှင့်တင်ပေးရန် တင်ပြမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု ဆိုသည်။

ထို့အတူ NLD ပါတီမှ ဦးလွင်သို့ BBC အသံလွှင့်ဌာနမှ မေးမြန်းခဲ့ရာတွင် ဦးလွင်ကပင်ဟေရို၏ခရီးစဉ်သည် ယခင် ကုလသမဂ္ဂအထူးသံများနှင့် နှိုင်းယှဉ်လျှင် ကျေနပ်အားရဖွယ်မရှိကြောင်း၊ ၎င်းအနေဖြင့် အကျဉ်းသားများ၊ နိုင်ငံရေးလှုပ်ရှားသူများ၊ လူမျိုးစုပါတီများနှင့် ဆွေးနွေးရန် အချိန်ပေးခြင်းထက် စစ်အစိုးရအရာရှိများနှင့်သာ ပိုမိုတွေ့ဆုံနေခဲ့ကြောင်း ဝေဖန်ပြောကြားခဲ့သည်။

မစ္စတာပင်ဟေရိုသည် ခရီးစဉ်ပြီးဆုံးမည့် (၂)ရက်အလိုတွင် ကျန်းမာရေးအကြောင်းပြချက်နှင့် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာလာခဲ့ပြီးနောက် “ခရီးစဉ်နှင့်ပတ်သက်၍ ထုတ်ဖော်ပြောရမှာ စောလွန်းပါသေးတယ်။ သတင်းစာရှင်းလင်းပွဲလုပ်ဖို့တော့ စီစဉ်ထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဂျနီဗာမြို့မှာရုံးစိုက်တဲ့ ကျနော်တို့ဌာနချုပ်က ဒီနေ့ထုတ်ပြန်ချက် ထုတ်ပါလိမ့်မယ်” ဟုပြောကြားခဲ့သည်။ လူ့အခွင့်အရေးမဟာမင်းကြီးရုံး၏ (၁၉)ရက်နေ့ကြေညာချက်ထဲတွင် ပင်ဟေရို ကျန်းမာရေးပြန်ကောင်းလာလျှင် မြန်မာနိုင်ငံသို့ ပြန်လည်သွားရောက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

မစ္စတာပင်ဟေရိုသည် ပြန်လည်ထွက်ခွာမည့် (၁၈)ရက်နေ့နံနက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တနာရီကျော်ကြာတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ ■

ရန်ကုန်တိုင်းအတွင်း (NLD) မြို့နယ်ရုံးများ ထပ်မံဖွင့်လှစ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်း စည်းရုံးရေးအဖွဲ့သည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ညွှန်ကြားချက်အရ မြို့နယ်စည်းရုံးရေးအဖွဲ့များကို အလျဉ်မပြတ်ပြန်လည်ဖွဲ့စည်းလျက်ရှိရာ (၂၄၊ ၉၊ ၀၁) ရက်နေ့အထိ အောက်ဖော်ပြပါ မြို့နယ်များတွင် မြို့နယ်စည်းများဖွဲ့စည်းခြင်း၊ ဆိုင်းဘုတ်တင်ခြင်းနှင့် ရုံးခန်းဖွင့်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပြီး ကျန် မြို့နယ်များတွင်လည်း အလားတူပြန်လည်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မူလရှိပြီးသား မြို့နယ်များမှာ –
(၁)သာကေတ၊ (၂)တာမွေ၊ (၃)မရမ်းကုန်း၊ (၄)ဒဂုံမြို့သစ်၊ (၅)သံလျင်၊ (၆)ကျောက်တန်း၊ (၇)တွံတေး၊ (၈)ကျောက်တံတား၊ (၉)သုံးခွ တို့ဖြစ်သည်။

စတင်ဆောင်ရွက်သည့် (၂၈၊ ၆၊ ၂၀၀၁)နေ့မှ ယခုထိ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သော မြို့နယ်များမှာ –

စဉ်	မြို့နယ်	ပြန်လည်ဖွင့်လှစ်သည့်နေ့စွဲ
၁။	တိုက်ကြီး	၂၈၊ ၆၊ ၂၀၀၁
၂။	မော်တာ	၂၉၊ ၆၊ ၂၀၀၁
၃။	ရွှေပြည်သာ	၄၊ ၇၊ ၂၀၀၁
၄။	စမ်းချောင်း	၆၊ ၇၊၂ ၀၀၁
၅။	ကော့မှူး	၁၁၊ ၇၊ ၂၀၀၁
၆။	ကွမ်းခြံကုန်း	၁၂၊ ၇၊ ၂၀၀၁
၇။	လှိုင်	၁၇၊ ၇၊ ၂၀၀၁
၈။	အင်းစိန်	၂၀၊ ၇၊ ၂၀၀၁
၉။	အလုံ	၁၀၊ ၈၊ ၂၀၀၁
၁၀။	မင်္ဂလာဒုံ	၂၂၊ ၉၊ ၂၀၀၁
၁၁။	မြောက်ဥက္ကလာပ	၂၄၊ ၉၊ ၂၀၀၁

မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

BINA
Burma's Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းဧဂျင်စီ

ရီးကြီး သတင်းစဉ် အမှတ် (၂၄)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်သည် (၁၃)နှစ်မြောက် နှစ်ပတ်လည်ကြေညာစာတမ်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၈၈ ခုနှစ်၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးမှ ပေါ်ပေါက်လာသော အမျိုးသားနိုင်ငံရေးအင်အားစုကြီးတရပ်ဖြစ်ပေသည်။ သမိုင်း၏တောင်းဆိုချက်အရလည်းကောင်း၊ အမျိုးသားရေးတာဝန်တရပ်ယူနေဖြင့်လည်းကောင်း၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးများရရှိခံစားနိုင်ရေးအတွက်လည်းကောင်း၊ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တရားဝင်ဖွဲ့စည်းတည်ထောင်ခဲ့ပေသည်။ ဖွဲ့စည်းစဉ်အခါကပင် "ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း(ယာယီ)နှင့် မူဝါဒသဘောထားများ(မူကြမ်း)" တွင် ရည်ရွယ်ချက်များကို ထုတ်ပြန်ခဲ့ပါသည်။ ၄င်းတို့မှာ –

– အမျိုးပြည်သူတို့၏ ဆန္ဒနှင့်ကိုက်ညီ၍ အခြေခံလူ့အခွင့်အရေးများကိုအာမခံမည့် စစ်မှန်သော ဒီမိုကရေစီအစိုးရဖြစ်ပေါ်လာစေရန်၊

– နောင် ခေတ်အဆက်ဆက်၌လည်း မြန်မာနိုင်ငံသည် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနိုင်ငံရေးစနစ်ထွန်းကား၍ တည်တံ့ခိုင်မြဲသော ပြည်ထောင်စုကြီးအဖြစ်တည်ထွန်းစေရန်အတွက် အုတ်မြစ်ချရန်၊

– အာဏာရှင်ဆန်၍ ပြည်သူလူထုကို ဖိစီးနှိပ်စက်မည့် နိုင်ငံရေးစနစ်မျိုးပြန်လည်ထွန်းကားခြင်းမရှိစေရေးအတွက် ကြိုးပမ်းရန်၊

– ကမ္ဘာတွင် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ထွန်းကားရေးအတွက် နိုင်ငံတကာရှိငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး အင်အားစုများနှင့်ပူးပေါင်းဆောင်ရွက်ရန် အစရှိသည်တို့ဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တိုင်းရင်းသားလူမျိုးစုများ၏ပူးပေါင်းမှုမရှိဘဲ မည်သို့မျှ တည်ဆောက်နိုင်ပေ။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ဖွဲ့စည်းစဉ်အခါကပင် တိုင်းရင်းသားလူမျိုးများအရေးနှင့်ပတ်သက်၍ မူဝါဒသဘောထားများချမှတ်ခဲ့ပြီးဖြစ်ပေသည်။ ၄င်းတို့မှာ –

– တိုင်းရင်းသားလူမျိုးစုအားလုံး၏ တန်းတူရည်တူအခွင့်အရေးများကို အသိအမှတ်ပြုခြင်း။

– စိတ်ထားစေတနာဖြူစင်ခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း၊ တဦး၏အယူအဆကိုတဦးလေးစားခြင်း၊ အခြေခံလူ့အခွင့်အရေးကိုလေးစားယုံကြည်ခြင်း။

– တိုင်းရင်းသားလူမျိုးစုများ၏ စာပေ၊ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းစဉ်လာဖွံ့ဖြိုးတည်ထွန်းစေလိုသောဆန္ဒအား လိုက်လျောခြင်းတို့ကို အခြေပြုလျက် အကောင်းဆုံးအဖြေကို ရရှိသည်အထိ ကြိုးပမ်းမည်ဟူ၍ ဖြစ်ပေသည်။

ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇)ရက်နေ့တွင် လွတ်လပ်၍တရားမျှတစွာကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဝင်စဉ်က "ပါတီစုံ အထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်း"တွင် တိုင်းရင်းသားလူမျိုးများ အရေးနှင့်ပတ်သက်၍ မူဝါဒအဖြစ် အောက်ပါအတိုင်း ကြေညာပြန်ပါသေးသည်။ ၎င်းတို့မှာ–

– တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲမဖြုတ်စတမ်း၊ သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးကို ဦးတည်ရှေ့ရှုမည်။

– ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအားလုံး၏ အခွင့်အရေးတန်းတူရည်တူမှုကို လက်ခံလျက် မည်သည့်လူမျိုးကိုမျှ အထူးအခွင့်အရေး မပေးရေးနှင့် လူမျိုးနွယ်၊ လူမျိုးစုအားလုံး၏ ခံစားထိုက်၊ ခံစားအပ်သော မည်သည့်အခွင့်အရေးကိုမျှ ချုပ်ချယ်ကန့်သတ်မှုမပြုရေးကို ဦးတည်ရှေ့ရှုမည်။

– တိုင်းရင်းသားလူမျိုးအားလုံး၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးကဏ္ဍ စသောနယ်အသီးသီး၌ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ ဦးတည်ရှေ့ရှုမည်တို့ဖြစ်ပေသည်။

အကယ်စင်စစ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တမြေတည်းဖွား၊ တမြေတည်းနေ၊ တရေတည်းသောက်နေကြသော တိုင်းရင်းသားလူမျိုးစုပေါင်းစုံ နေထိုင်လျက်ရှိကြသည့် နိုင်ငံတော်ဖြစ်သည်နှင့်အညီ တိုင်းရင်းသားလူမျိုးစုများအားလုံး ချစ်ကြည်ရင်းနှီးသွေးစည်းညီညွတ်ရေးသည် အလွန်အရေးကြီးပေသည်။ ညီညွတ်ရေးနှင့်ပတ်သက်၍ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီ(၂၀)ရက်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဖဆပလ ဥက္ကဋ္ဌအနေဖြင့် ရှေ့တိုဂိုအလယ်ပစ္စယံ ညီလာခံမိန့်ခွန်း၌ အောက်ပါအတိုင်းပြောကြားခဲ့ပေသည်။ "အမျိုးသားညီညွတ်ရေးဆိုသည်မှာ ခေါင်းဆောင်များသာညီညွတ်ခြင်းကို မဆိုလို၊ လူမျိုးဘာသာ၊ ယောက်ျားမိန်းမ၊ ဂိုဏ်းဂဏ မရွေး၊ တနိုင်ငံလုံး ပြည်သူပြည်သား၊ လူထုတခုလုံး အပြောသာမဟုတ်၊ အလုပ်နှင့်တကွ၊ အမျိုးသားတို့၏အလိုဆန္ဒများကိုပြည့်ဝနိုင်ရန်၊ အမျိုးသားတို့၏လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ စိတ်ရောကိုယ်ပါညီညွတ်ကြသည်ကို ဆိုသည်"။ ၂၃၊၁၊၄၈ ရက်နေ့တွင်လည်း ဗိုလ်ချုပ်အောင်ဆန်းက "ညီညွတ်ရေး"အဆိုကိုတင်သွင်းရာ၌ "ညီညွတ်ရေးသည် တူညီသောအကျိုး၊ တူညီသောအလုပ်နှင့် တူညီသောရည်ရွယ်ချက်တို့တွင်အခြေပြုရမည်"ဟူ၍ပြောကြားခဲ့သည်။

ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရာတွင် ဒီမိုကရေစီအခွင့်အရေးများရရှိရန် လွန်စွာအရေးကြီးပေသည်။ ပုထုဇဉ်လူသားများတိတ်တွင်ထားသည့် စနစ်ဖြစ်သည်အလျောက် ဒီမိုကရေစီသည် အပြစ်အနာအဆာလုံးဝကင်းရှင်းသည်မဟုတ်ပါသော်လည်း၊ ဒီမိုကရေစီသည်သာလျှင် ယနေ့ကမ္ဘာ့နိုင်ငံများ၏ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကြီးပွားချမ်းသာခြင်းများကိုဖြစ်ပေါ်စေနိုင်ကြောင်း သမိုင်းဖြစ်စဉ်များက သက်သေထူသည်။ စစ်မှန်သော ဒီမိုကရေစီစနစ်ထွန်းကားရေးတွင် ပဓာနကျသည်မှာ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍပင်ဖြစ်ပေသည်။ နိုင်ငံရေးပါတီများသည် အနာဂတ်ကာလအတွက် ခေါင်းဆောင်များကိုမျိုးစေ့ချရာ၊ သီးပွင့်စေရာ၊မြေတောင်မြှောက်ပေးရာပျိုးခင်းများအဖြစ်လည်းကောင်း၊ အုပ်ချုပ်ရေးအဖွဲ့၊ ဥပဒေပြုအဖွဲ့တို့နှင့် အများပြည်သူများအကြားပေါင်းကူးတံတားသဖွယ် တာဝန်ထမ်းဆောင်ကြရ၍လည်းကောင်း၊ အာဏာပိုင်အဖွဲ့တဖွဲ့ကဖြစ်စေ၊ ဘုရိုလ်တဦးဦးကဖြစ်စေ အာဏာကို မတရားကျူးကျူးလွန်လွန်အသုံးချမှုကို ပြည်သူ့လွှတ်တော်မှတဆင့် အပြန်အလှန်ထိန်းကျောင်းဟန့်တားကန့်သတ်နိုင်သောကိရိယာအဖြစ်လည်းကောင်း ဆောင်ရွက်ပေးနိုင်သောကြောင့် ဖြစ်ပေသည်။

ဖွံ့ဖြိုးနိုင်မည်ဖြစ်ပေသည်။ လူ့အခွင့်အရေးများ ရရှိခံစားနိုင်မည်ဖြစ်ပေသည်။ သို့ဖြစ်၍ နိုင်ငံရေးပါတီတခု၏ရပ်တည်ပိုင်ခွင့်နှင့် လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်နိုင်ရေးသည် ဒီမိုကရေစီထွန်းကားရှင်သန်ရေးအတွက် အရေးကြီးပြီး အခြေခံကျသော အကြောင်းရင်းတရပ်ဖြစ်ကြောင်း ထင်ရှားလှပေသည်။

သို့သော်လည်း ဤ(၁၃)နှစ်တာခရီးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အွန်လာယ်ပြွန်းသောဝဲဂယက်လိုင်းများ၊ နိုင်ငံရေးမုန်တိုင်းများ၊ ခက်ခဲကျပ်တည်းမှုမျိုးစုံများ ဖြတ်သန်းခဲ့ရပေသည်။ ပင်ပန်းဆင်းရဲမှုဒဏ်၊ ဖိနှိပ်မှုဒဏ်နှင့် အခက်အခဲအကျပ်အတည်းများကြောင့် လက်တွဲဖြုတ်သွားသူများရှိခဲ့သည့်နည်းတူ ဒုက္ခသုက္ခ ချီးကျူးမှတ်တမ်းတင်ရမည်ဖြစ်ပါသည်။

ယနေ့ကမ္ဘာကြီးသည် လျင်မြန်သောအရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျှက်ရှိပေသည်။ စက်မှုထွန်းကားပြီး ကြွယ်ဝချမ်းသာတိုးတက်လျှက်ရှိသောနိုင်ငံများသည် ဒီမိုကရေစီနှင့် စျေးကွက်စီးပွားရေးစနစ်ကို အလေးထားဆောင်ရွက်နေသော နိုင်ငံများဖြစ်ကြောင်းလည်း တွေ့ရပေသည်။ ဗဟိုဦးစီးချုပ်ကိုင်သော တပါတီစနစ်များ၊ ပြိုကွဲပျက်စီးကာ၊ ဒီမိုကရေစီရေးနှင့် စျေးကွက်စီးပွားရေးစနစ်တို့က ဝင်ရောက်နေရာယူနေကြပြီဖြစ်သည်။

(၂၁)ရာစုသည် ပညာခေတ်၊ ကမ္ဘာ့ရွာဟူသည့်အဆိုအရ သတင်းနှင့်နည်းပညာများ၏ တိုးတက်မှုအရှိန်အဟုန်ကြောင့် ကမ္ဘာပေါ်တွင် နိုင်ငံတနိုင်ငံတည်း အထီးကျန်သီးခြားရပ်တည်၍ မဖြစ်နိုင်တော့ပေ။ ပွင့်လင်းစွာဆက်ဆံနေရသည့် ခေတ်ဖြစ်နေပေပြီ။ အဆင့်မြင့်အီလက်ထရောနစ်နည်းပညာသုံးဆက်သွယ်ရေးကိရိယာများကြောင့် ကမ္ဘာ့အရှေ့ခြမ်းနှင့်အနောက်ခြမ်းတို့သည် အိမ်ဦးနှင့်ဧည့်ကြမ်းပြင်ပမာ လွယ်ကူစွာဆက်သွယ်သွားလာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြပေပြီ။ ကမ္ဘာ့တနေရာတွင်ဖြစ်ပေါ်သော တိုးတက်ပြောင်းလဲမှုတခုသည် အခြားကမ္ဘာ့တနေရာသို့ နိုင်ငံနယ်နိမိတ်များကိုဖြတ်ကျော်ကာ ရိုက်ခတ်လှုပ်ရှားလျက်ရှိပေသည်။ ကမ္ဘာလွှမ်းခြုံဖြန့်ကြက်မှု (globalisation) ခေတ်တွင် ကမ္ဘာနှင့်ရင်ပေါင်တန်းလိုက်နိုင်ရေး၊ လိုက်လျောညီထွေပြောင်းလဲနိုင်ရေးသည် အလွန်အရေးကြီးသော အချက်ဖြစ်ပေသည်။ အယူအဆ၊ အစွဲအလမ်းဟောင်းများကို ပစ်ပယ်၍ အင်အားဖြင့်ထိန်းချုပ်ခြင်းကိုစွန့်လွှတ်ကာ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ရေစီးကြောင်းများနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ရေးအတွက် အမြန်ဆုံး ပြောင်းလဲနိုင်ရန် အရေးကြီးလှပေသည်။ ထိုသို့မဟုတ်ပါက ကမ္ဘာကြီး၏အနောက်တွင် ကျန်ရစ်ခဲ့ပြီး စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး အကျပ်အတည်းပေါင်းစုံ အနိဋ္ဌာရုံများအောက်တွင်ပိ၍ မျိုးဆက်သစ်များသည် ကမ္ဘာနှင့်အမီ

အချပ်ပို စာမျက်နှာ (၄) သို့ –

အထက်ပါကိစ္စရပ်များကို ကြိုးပမ်းပိုင်ခွင့်နှင့် လွတ်လပ်စွာလှုပ်ရှားနိုင်ခွင့်ရရှိရန် အထူးလိုအပ်သည်။

–လွတ်လပ်စွာရေးသားပုံနှိပ်ထုတ်ဝေနိုင်ခွင့်

–လွတ်လပ်စွာဟောပြောစည်းရုံးနိုင်ခွင့်

–လွတ်လပ်စွာ စုဝေးနိုင်ခွင့်

–လွတ်လပ်စွာ စိတန်းလမ်းလျှောက်နိုင်ခွင့်နှင့်

–လွတ်လပ်စွာဆန္ဒထုတ်ဖော်နိုင်ခွင့်တို့သည် ပြည်သူလူထု၏ အခြေခံအခွင့်အရေးများဖြစ်သကဲ့သို့ ထိုအခွင့်အရေးများဆောင်ရွက်နိုင်ခွင့် ရှိမှသာလျှင် ဒီမိုကရေစီအခွင့်အရေးများရှင်သန်မှုကြားမှ ဒီမိုကရေစီရရှိရေးဟူသော ယုံကြည်ချက်ကို လက်မလွှတ်ဘဲ ရည်မှန်းချက်အောင်မြင်ရန် အချင်းချင်း မြဲမြံစွာလက်တွဲလျှက် တိုက်ပွဲဝင်နေကြဆဲ အဖွဲ့ဝင်မြောက်မြားစွာရပ်တည်လျှက်ရှိကြပေသည်။ မူလကတည်းက ထားရှိသည့် ရည်မှန်းချက်၊ရည်ရွယ်ချက်များကို ခိုင်ခိုင်မာမာထား၍ စီးပွားရေး၊ လူမှုရေး၊ မိသားစုရေးဆုံးရှုံးနစ်နာချက်များကို ဂရုမမူဘဲ၊ ဒီမိုကရေစီရေးအတွက် မိမိ၏ဝေဒနာကိုဖြေသိမ့်၍ ပြည်သူလူထု၏ ဝေဒနာကိုကုစားပေးခြင်းဖြင့် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ကြသူများကို လေးစားစွာ

BINA
Burma's Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီ

မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

ဦးကြီး သတင်းစဉ် အမှတ် (၂၄)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မိတ်ဆွေ ရန်သူအပေါ် သဘောထားအမြင် စာတမ်း

"အမျိုးသားညီညွတ်ရေးဆိုသည်မှာ ခေါင်းဆောင်များသာညီညွတ်ခြင်းကို မဆိုလို၊ လူမျိုးဘာသာ၊ ယောက်ျားမိန်းမ၊ ဂိုဏ်းဂဏမရွေး၊ တနိုင်ငံလုံး ပြည်သူ့ပြည်သား၊ လူထုတခုလုံး အပြောသာမဟုတ်၊ အလုပ်နှင့်တကွ၊ အမျိုးသားတို့၏ အလိုဆန္ဒများကိုပြည့်ဝနိုင်ရန်၊ အမျိုးသားတို့၏လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ၊ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကိုဆိုသည်"

ဗိုလ်ချုပ်အောင်ဆန်း၏ ရှေတိုဂုံအလယ်စွယ်ယံညီလာခံ မိန့်ခွန်းကောက်နှုတ်ချက်မှ –

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ ယနေ့ဆိုပါက သက်တမ်းအားဖြင့် (၁၃)နှစ်ပြည့်ပြီဖြစ်ပါသည်။ အဖွဲ့ချုပ်တည်ထောင်ခဲ့ရခြင်း၏အကြောင်းရင်းကို ပြန်လည်လေ့လာကြည့်ပါက ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသား၊ ရဟန်းရှင်လူ၊ ကျောင်းသား ပြည်သူ့တရပ်လုံး၏ ပြင်းထန်သောဆန္ဒဖြစ်သည့် တပါတီအာဏာရှင်စနစ်မှ သည် ပါတီစုံဒီမိုကရေစီစနစ်ဆီသို့ ကူးပြောင်းရန်အတွက် တခဲနက် လူထုအုံကြွလှုပ်ရှားမှုကြီးဖြင့် တောင်းဆိုချက်အရ ပြည်သူ့တရပ်လုံး၏ ဆန္ဒကို ဖြည့်ဆည်းအံ့စိမ့်သောအလို့ငှာ နိုင်ငံရေးအဖွဲ့အစည်းတရပ်အဖြစ်ဖြင့် သန့်စင်ပေါက်ဖွားလာရခြင်း ဖြစ်ပေသည်။ အဖွဲ့ချုပ်သည် ပါတီကြီးတရပ်ဖြစ်သည့်အားလျော်စွာ နိုင်ငံရေးဦးတည်ချက်၊ ခံယူချက်များ၊ အခြေခံသဘောထား၀ါဒများ၊ လုပ်ငန်းလမ်းညွှန်ချက်နည်းလမ်းများစသည်တို့ဖြင့် နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူ့တရပ်လုံးအား သိရှိနားလည်သဘောပေါက်စေရန် ကြေညာလိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ကြီးသည် ဆက်တိုက်ဖြစ်ပေါ်ရမြဲ ဖြစ်ပါသည်။ ဒီမိုကရေစီ ပိုင်ဆိုင်ခွင့်များကို မူလပိုင်ရှင်ပြည်သူတို့လက်ဝယ်သို့ ပြန်လည်ရရှိစေရန်ကြိုးပမ်းရမည်ဖြစ်ပေသည်။

ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်ဆိုခြင်းကြောင့် အခြားသော တိုင်းရင်းသား နိုင်ငံရေးပါတီအဖွဲ့အစည်းများသည်လည်း မိမိတို့ နိုင်ငံရေးဦးတည်ချက်၊ ၀ါဒသဘောထားခံယူချက်စသည်တို့ဖြင့် လုပ်ငန်းလမ်းစဉ်များ သတ်မှတ်ကြကာ ဆောင်ရွက်ကြမည်ဖြစ်သည်။ တဖန် နိုင်ငံတော်အာဏာကို ကိုင်စွဲထားသူတို့ကလည်း မိမိတို့၏ဦးတည်ချက်၊ ခံယူချက်၊ လုပ်ငန်းလမ်းစဉ်များကိုချ၍ အုပ်ချုပ်အကောင်အထည်ဖော်လျက် ကြိုးစားပေမည်။ ထိုအခါမျိုးတွင် အဖွဲ့အစည်းအချင်းချင်းတို့သည် ၀ါဒသဘောထားခံယူချက်၊ လုပ်ငန်းလမ်းစဉ်များ၊ သဘောချင်းတိုက်ဆိုင်တူညီမှုသည်လည်း ရှိကောင်းရှိမည်။ သို့တည်းမဟုတ် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်၍ သဘောထားမတိုက်ဆိုင်ကြသည်လည်း ရှိကောင်းရှိမည်။ သဘောချင်းညီမျှမှုရှိလျှင် မဟာမိတ်အဖွဲ့အစည်း (၀ါ) မိတ်ဆွေအဖွဲ့အစည်းဖြစ်သလို၊ သဘောချင်းမတိုက်ဆိုင်မညီမျှလာပါက အတိုင်းအတာအရ မိတ်ဆွေအဖွဲ့အစည်းတရပ်မဟုတ်တော့ဘဲ ဆန့်ကျင်ဘက်အဖွဲ့အစည်း၊ ရန်သူအဖွဲ့အစည်းသဖွယ် ဖြစ်လာတတ်ကြပါသည်။ ထိုအခါမျိုးတွင် အချင်းချင်းဆက်ဆံရေးသည် မိတ်ဆွေ(သို့မဟုတ်)ရန်သူသဖွယ်ကဲ့သို့ ဖြစ်လာကြပါသည်။ အမှန်တကယ် လေးလေးနက်နက်စဉ်းစားကြည့်မည်ဆိုပါလျှင် နိုင်ငံရေးအခြေအနေတို့မည်သည်မှာ "တိမ်တောင်သဖွယ်၊ မင်းရေးကျယ်" ဆိုဘိသကဲ့သို့ အမြဲတမ်းချည်း မိတ်ဆွေ၊ အမြဲတမ်းချည်း ရန်သူဟူ၍ဖြစ်မနေပါ။ သဘောသဘာ၀၊ အခြေအနေအချိန်အခါကိုလိုက်၍ ထိုအခြေအနေနှင့် ပတ်၀န်းကျင်တို့၏ ဂယက်ရိုက်ခတ်ခြင်း၊ ရောင်ပြန်ဟပ်ခြင်းတို့၏ ပြောင်းလဲတတ်သော ဓမ္မတာသဘောအရ အစဉ်အမြဲ ဒီအတိုင်းရှိနေကြမည်မဟုတ်ပေ။

ထို့ကြောင့် နိုင်ငံရေးတွင် အစဉ်ထာ၀ရမိတ်ဆွေ၊ အစဉ်ထာ၀ရရန်သူဆိုတာ မရှိနိုင်ဟု မြင်တတ်ကြဖို့လိုသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်သားအားလုံးသည် ဗဟုဘာသာ၀င် အများစုဖြစ်ကြ၍ ဗုဒ္ဓအဆုံးအမတရားတော်အရလည်း အစဉ်ထာ၀ရဆိုတာမရှိ၊ ထာ၀ရ တည်မြဲနေတယ်ဆိုတာမရှိ၊ မတည်မြဲသည့် အနိစ္စတရားသာလျှင် လက္ခဏာရေးသုံးပါးတွင် အရင်ဆုံးသတိအမှတ်တရားဖြင့် ဟောကြားခဲ့သည်ကိုသာ နားလည်သဘောပေါက်ပါသည်။ ထို့ကြောင့် ယခုအချိန်မှာ မိတ်ဆွေဖြစ်လိုက်၊ နောင်အချိန်မှာ ရန်သူပြန်ဖြစ်တတ်သလို၊ ရန်သူဖြစ်ရာကနေ မိတ်ဆွေပြန်လည်ဖြစ်တတ်ကြသည်ကို သတိရှိကြရပါမည်။ အလားတူပင် နိုင်ငံရေးလောကမှာလည်း၊ အသီးသီးတို့၏ ဖြစ်စဉ်များကိုလေ့လာကြည့်လျှင် ထိုသဘောထားများကို တွေ့မြင်ကြရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ နိုင်ငံရေးအဖွဲ့အစည်း၊ ပါတီ၊ တခြားအဖွဲ့အစည်းအသီးသီးချင်း ဆက်ဆံရာတွင် အထက်ပါအမြင်ကို ကြည့်လင်စွာမြင်ကြ၍ သိက္ခာရှိရှိ၊ ဂုဏ်ရှိရှိလေးလေးလေးစားဆက်ဆံတတ်ကြဖို့ အရေးကြီးကြောင်းပြောလိုပါသည်။ ကိုယ်က အာဏာပိုင်ပဲ၊ သူက အာဏာပိုင်ပဲ၊ ဒါကြောင့် သင်သည် ငါမဟုတ်သောကြောင့်၊ ငါနှင့်မတူသူသည် ရန်သူဟူ၍ သိက္ခာချ ချိုးနှိမ်ဆက်ဆံတာမျိုးသည် ယဉ်ကျေးသောအဖွဲ့အစည်း၀င်တို့တွင်ဖြစ်စကောင်းသောကိစ္စမဟုတ်ပေ။ ရန်သူပင်ဖြစ်ပါစေ သိက္ခာရှိ၊ ဂုဏ်ရှိစွာဖြင့် ဆက်ဆံတုန့်ပြန်တာမျိုးဖြစ်သင့်ပေသည်။

အလားတူပင် မိမိတို့နှင့်ယှဉ်ပြိုင်နေသော အဖွဲ့အစည်း၀င်ပုဂ္ဂိုလ်စသည့်အားလုံးတို့သည်လည်း အထက်ပါအတိုင်း အပြန်အလှန် သိက္ခာရှိရှိ၊ ဂုဏ်ရှိရှိ လေးစားသမှုပြု၍ ဆက်ဆံနိုင်ကြဖို့ လိုအပ်ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ချမှတ်ထားသော မူကြီး(၇)ချက်ကိုလေ့လာကြည့်လျှင် ထိုသဘောထားများကို အခြေခံထားသည်ကို တွေ့ကြရပေမည်။ "အာဃာတကင်းစင်သော အထွေထွေသဟဇာတဖြစ်မှုကိုရှေ့ရှုရေး"၊ "ပွင့်လင်းရိုးသားမှုနှင့် အပြန်အလှန်လေးစားလိုက်နာရေး"၊ "တမျိုးသားလုံး ပြန်လည်သင့်မြတ်ရေး" စသည့်အချက်များသည် နဂိုမူလကတည်းက စွဲမြဲယုံကြည်ထားသော မူကြီးများဖြစ်သည်။ ထိုမူကြီးများအတိုင်းလည်း

> **"အမျိုးသားညီညွတ်ရေးဆိုသည်မှာ ခေါင်းဆောင်များသာညီညွတ်ခြင်းကို မဆိုလို၊ လူမျိုးဘာသာ၊ ယောက်ျားမိန်းမ၊ ဂိုဏ်းဂဏမရွေး၊ တနိုင်ငံလုံး ပြည်သူ့ပြည်သား၊ လူထုတခုလုံး အပြောသာမဟုတ်၊ အလုပ်နှင့်တကွ၊ အမျိုးသားတို့၏ အလိုဆန္ဒများကိုပြည့်ဝနိုင်ရန်၊ အမျိုးသားတို့၏လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ၊ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကိုဆိုသည်"**
>
> **ဗိုလ်ချုပ်အောင်ဆန်း၏ ရှေတိုဂုံအလယ်စွယ်ယံညီလာခံ မိန့်ခွန်းကောက်နှုတ်ချက်မှ –**

တစိုက်မတ်မတ် လိုက်နာကျင့်သုံးနိုင်အောင်ကြိုးစားအားထုတ်နေသည်။ မည်သည့်နိုင်ငံရေးအဖွဲ့အစည်းမဆို အခြားသောအဖွဲ့အစည်းကြီးစသည်တို့သည် ကျင့်သုံးခဲ့သော ၀ါဒသဘောထား၊ လုပ်ငန်းလမ်းညွှန်၊ စသည်တို့တွင် အခြေအနေအရ၊ သဘောချင်းမညီမျှ မတိုက်ဆိုင်သောကိစ္စများ ရှိစေကာမူ၊ တချိန်ချိန်တွင် အခြေအနေအရပ်ရပ်တို့ ပြောင်းလဲလာခြင်းကြောင့် အမြင်ကြည်လင်လာရကာ သဘော

ညီမျှတိုက်ဆိုင်ခြင်းသို့ပြန်ရောက်တတ်ပေသည်။ လူပုဂ္ဂိုလ်အနေအားဖြင့်လည်း ချို့ယွင်းချက်၊ မကောင်းသည့်ကိစ္စများ ပြုလုပ်တတ်ဖူးသော်လည်း၊ တဖန်ပြန်လည်၍ ချို့ယွင်းချက်များကို ပြုပြင်လာကြသည်နှင့် ပြေလည်နိုင်သည့် အနေအထားသို့ ရောက်ကြရပြန်သည်။ ထို့ကြောင့် ရန်သူပင်ဖြစ်လင့်ကစား ရန်သူကောင်း ဖြစ်လာနိုင်သည်။ အချင်းချင်းပဋိပက္ခကြောင့် ရန်သူဟု သတ်မှတ်စေကာမူ အပြန်အလှန် သိက္ခာရှိစွာ၊ လေးစားဆက်ဆံတတ်သူသည် ရန်သူကောင်းပင်ဖြစ်သည်။ မြင့်မြတ်တဲ့မိတ်ဆွေသည် အကောင်းဆုံး၊ မြင့်မြတ်တဲ့ရန်သူဟာ ဒုတိယအကောင်းဆုံးဟု ဆိုထားပါသည်။ တဖန် ကိုယ်ကလည်း ရန်သူအပေါ်မှာ ရန်သူကောင်းဖြစ်ရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံသမိုင်းတွင် လေ့လာကြည့်လျှင်လည်း စတုတ္ထအကြိမ် တရုတ်–မြန်မာစစ်ပွဲတွင် မြန်မာတပ်တို့၏ဦးစီးဦးဆောင်မင်းကြီးမဟာသီဟသူရသည် စစ်ပရိယာယ်ဝေတုစ်အကျ၊မ်းကျင်ဆုံးအသုံးချ၍ တရုတ်တပ်များကို အနိုင်ရသည်တွင် အနိုင်ရသူတို့၏ မာန်မထားဘဲ၊ တရုတ်တပ်မှူးကြီးတို့အား ရန်သူကောင်းသဖွယ်ဆက်ဆံကာ မိမိ၏အမြှော်အမြင်ကြီးမားမှုဖြင့် ၆စ်နိုင်ငံ ငြိမ်းချမ်းရေးသဘောတူညီမှုရအောင်ဆောင်ရွက်နိုင်ဖူးသည့် သမိုင်းဖြစ်စဉ်ရှိခဲ့ဖူးပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် မဟာမိတ်တပ်များသည် နာဇီဂျာမန်တပ်များ

ကြောင့် အချင်းချင်းရန်သူကြီးများဖြစ်ကြသော်လည်း၊ အင်္ဂလိပ်တပ်များသည် ဂျာမန်များ၏ သဲကန္တာရစစ်မျက်နှာတွင်ဦးစီးသော ဗိုလ်ချုပ်ကြီးရွမ်းမဲအား ရန်သူကောင်းဟု သတ်မှတ်ခဲ့ကြဖူးသည်။ သူသည် စစ်မြေပြင်တွင် စစ်တို့၏မူ၀ါဒ၊ စစ်ကဏ္ဍကြီးများအတိုင်း စွန့်စားတိုက်ခိုက်ခဲ့သည်။ လျှပ်တပျက် စစ်ကစားနည်းကိုလည်း အလွန်ကျွမ်းကျင်သူလည်းဖြစ်သည်။ စစ်ပွဲဟူသည် နိုင်ငံရေး၏အဆက်ဖြစ်သည့် အမြင်ကိုလည်း ယထာဘူတကျကျ မြင်သူဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် အနောက်နိုင်ငံ စစ်သုတေသီများနှင့် စာရေးဆရာကြီးများက ဗိုလ်ချုပ်ကြီးရွမ်းမဲအကြောင်းနှင့်ပတ်သက်၍ ဂုဏ်ပြုသည့် စာအုပ်စာတမ်းများဖြင့် မှတ်တမ်းတင်ထားသည်များရှိခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် နိုင်ငံတော်၏လွတ်လပ်ရေးဗိသုကာ တပ်မတော်ဖခင်ကြီး၊ တမျိုးသားလုံး၏ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် မိမိ၏ ဆန့်ကျင်သူ ရန်သူပင်ဖြစ်လင့်ကစား ရန်သူကောင်းဟုသတ်မှတ်သည့် သာဓကရှိခဲ့ပါသည်။ အထင်ရှားဆုံးသာဓကကိုပြပါဆိုလျှင် မောင်မောင်စုစည်းတည်းဖြတ်သည့် "ဗမာပြည်၏အောင်ဆန်း" စာအုပ်တွင် ဖီးလ်မာရှယ် ဆာ၀ီလျံဆလင်းရေးသည့် "ရှုံးခြင်းမှသည် အောင်မြင်ခြင်းသို့" စာအုပ်မှ ကောက်နုတ်ချက်ကို ဖော်ပြရပါမည်။ စစ်အတွင်း စစ်မြေပြင်တနေရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တွေ့ဆုံခြင်းအကြောင်းကို ဖော်ပြထားသည်။ "ဗမာ့တပ်မတော် ဗိုလ်ချုပ်

ကြောင့် ဖွဲ့စည်းသောယာယီအစိုးရ၏ ကိုယ်စားလှယ်အဖြစ်နှင့်လည်းကောင်း၊ ဗမာ့တပ်မတော်ထံမှ အမိန့်ယူလာသည့် မဟာမိတ်တပ်မှူးကြီးတယောက်အဖြစ်လာကြောင်း၊အင်္ဂလိပ်–အမေရိကန်မဟာမိတ်တပ်ပေါင်းစုကြီး၏ လက်အောက်ခံတပ်မှူးတယောက်အနေဖြင့် မဟုတ်ဘဲ၊ ထိုမဟာမိတ်တပ်ပေါင်းစု၏တပ်မှူးကြီးတယောက်၏ ထိုက်တန်သောအဆင့်ကိုတောင်းဆိုသည်။ သူ၏ရဲရင့်ပြတ်သားမှုကို ကျွန်ုပ်ချီးကျူးမိသည်။ နောက် သူ့အား ကျနော်က ခင်ဗျားဟာ ဗြိတိသျှ ကျေးတော်မျိုးဖြစ်လျက် ဗြိတိသျှအစိုးရကို ပုန်ကန်သည့် ရာဇ၀တ်သားတယောက်အဖြစ် ဒီလိုလာတာ အွန်ရာယ်ကိုမစဉ်းစားမိဘူးလားဟုမေးရာ သူက "မစဉ်းစား"ဟု တိုတိုပြတ်ပြတ်ပင် ဖြေလိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့ ဗြိတိသျှအရာရှိဖြစ်လို့ဟု ပြန်ဖြေသည်။ သူ၏ပြောဆိုဆက်ဆံပုံသည် စိတ်နှလုံးကောင်းထား၍ဆက်ဆံသည်။ ဒီတော့ကျနော်က "ဆက်ပါဦး၊ ခင်ဗျား ကျွန်ုပ်ဆီကိုလာတာ ကျွန်ုပ်တို့စစ်နိုင်လို့လာတာမဟုတ်လားဟု မေးသည်တွင် သူက ခင်ဗျားတို့ စစ်မနိုင်ရင် ခင်ဗျားတို့ဆီလာလို့ ဘာအကျိုးရှိမလဲဟု ရိုးရိုးပင် ဖြေလိုက်သည်။ ကျွန်ုပ်က ထပ်မေးစရာမရှိ၊ မေးတိုးမေးတိုး သူကအမှန်ပြောပြီး သူ့ဘက်ကအမှတ်တွေချည်းရနေသည်။ သူ၏ရိုးသားမှုကြောင့် သူ့ကိုကျနော်သိပ်သဘောကျသွားပြီး အထင်ကြီးစပြုလာတော့သည်။ ကျွန်ုပ် ပထမထင်သလို စိတ်မသိုးမသန့်ဖြစ်စရာ ပြောက်ကျားခေါင်းဆောင်မဟုတ်။ အမှန်မှာ စစ်မှန်သော မျိုးချစ်စိတ်ရှိပြီး အမှန်တရားကို ကောင်းစွာချိန်ဆနိုင်၍ ချင့်ချင့်ချိန်ချိန် လုပ်တတ်သူဖြစ်ကြောင်း ဆုံးဖြတ်လိုက်တော့သည် .... အောင်ဆန်းနှင့်အတူ အလုပ်တွဲလုပ်နိုင်သည်"ဟုရေးသားထားပါသည်။

တချိန်က ဗြိတိသျှကိုလိုနီစစ်ခေါင်းဆောင်အားရင်ဆိုင်တိုက်ခိုက်လာသော ဗိုလ်ချုပ်အောင်ဆန်းသည် ထာ၀ရရန်သူဆိုတာ မရှိနိုင်၊ ရန်သူ

မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

BINA
Burma's Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းဌာနကြီး

ဖိုးကြီး သတင်းစဉ် အမှတ် (၂၄)

ကောင်းဆိုတာ တကယ်ရှိနိုင်သည်ဟူသော စိတ်နေသဘောထားသည် နောင် ပြည်ထောင်စု မြန်မာနိုင်ငံတော်လွတ်လပ်ရေးရသည်အထိ အောင်မြင်ရသည့် သာဓကဖြစ်ပါသည်။

ဗမာ့တပ်မတော် စစ်သမိုင်းကိုလေ့လာ

ကြည့်လျှင် ယခုလိုအတွေ့အကြုံမျိုးတွေရှိခဲ့ဖူးပါသည်။ အိန္ဒိယ–မြန်မာ ခွဲရေးတွဲရေးပြဿနာတွင် နောက်ဆုံး ခွဲရေးကိစ္စကြောင့် မြန်မာပြည် အနောက်ဖက်၊ အိန္ဒိယပြည်အရှေ့ဖက် နယ်နိမိတ်ပြဿနာမှာ မပြီးပြတ်ခဲ့ပါ။ နောင် ပြည်ထောင်စုမြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီးနောက် အရှေ့ပါကစ္စတန်၊ တဖက်နိုင်ငံနှင့် ထိနှစ်နိုင်ငံကြားရှိနှတ်မြစ်သည် နယ်နိမိတ်ပြဿနာဖြစ်ခဲ့သည်။ အပြန်အလှန် နှစ်ဖက်နိုင်ငံစစ်တပ်ချင်းတိုက်ခိုက်ကြသော်လည်း တဖက်နှင့်တဖက်သည် နိုင်ငံတကာဥပဒေနှင့်အညီ ရန်သူများပင်ဖြစ်လင့်ကစား ရန်သူကောင်းများအဖြစ်ဆက်ဆံကြသည်။ ထို့ကြောင့် စစ်ရေးကဏ္ဍအပိုင်းအပြီးတွင် တည်ဆောက်ထားပြီးဖြစ်သော နိုင်ငံတကာဥပဒေနှင့်အညီရေနက်သာရာစီးကြောင်းဥပဒေများအရ ရန်သူကောင်းများပိပိ လက်ခံနိုင်ကြသဖြင့် နှတ်မြစ်ပေါ်ရှိ ကျွန်းငယ်လေး အနည်းငယ်မျှတပါး ကျန်သောကျွန်းများအားလုံးကို မြန်မာတို့ရလိုက်သည်။ ထို ပြီးဆုံးသွားသော ဆောင်ရွက်ချက်သည် ထာဝရမိတ်ဆွေ၊ထာဝရရန်သူဆိုတာ မရှိနိုင်ကြောင်းကို သိကျွာရှိရှိ၊ ဂုဏ်ရှိရှိ ပြဿနာကိုဖြေရှင်းလျှင် ချောမောပြေလည်စေနိုင်သည်ဆိုတာကို အခိုင်အမာ ပြသနိုင်ခဲ့တာ ဖြစ်ပါသည်။

ဖော်ပြပါအချက်များပေါ်မှီပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များ၏ နိုင်ငံရေးနှင့် ဆက်နွယ်နေသော စိတ်နေသဘောထားကို၊ မည်သို့မည်ပုံ ရှိသင့်ကြောင်းကို ဆက်လက်တင်ပြပါမည်။ ယခုအချိန်အခါသည် "အာဃာတ မထားရေ၊ အချင်းချင်း အပြန်အလှန်လေးစားရေး၊ တမျိုးသားလုံးသင့်မြတ်ရေး" ကြိုးပမ်းကြရမည့် အချိန်အခါလည်းဖြစ်ပါသည်။ အလွန်သိမ်မွေ့ခက်ခဲနက်နဲနေသော နိုင်ငံရေးအခြေအနေလည်းဖြစ်သောကြောင့် မည်ကဲ့သို့ စိတ်နေသဘောထားသင့်သည်ကို ဆွေးနွေးတင်ပြရန်ဖြစ်လာပါသည်။ ယခုလို အချိန်အခါမျိုးမှာ ရယူခြင်းနှင့်စွန့်လွှတ်ခြင်းဆိုသည့် အချက်ကို ပိုင်းခြားကျင့်သုံးရမည်လည်း ဖြစ်ပါသည်။ ရယူခြင်းသည် စွန့်လွှတ်ခြင်းထက် ကျင့်ကြံရန်လွယ်ကူသလောက်၊ စွန့်လွှတ်ခြင်းသည် ရယူခြင်းထက် နက်နဲခက်ခဲလှပေသည်။ ရယူလိုသည့် သူများ၊ များသလောက်၊ စွန့်လွှတ်လိုသည့် လူများ အလွန်နည်းကြောင်းကို တွေ့ကြရပါမည်။ လူတို့၏ စိတ်နေသဘောထား မြင့်ခြင်း၊ နိမ့်ခြင်းကိုလည်း အဆိုပါ အချက်နှစ်ချက်ဖြင့် ချိန်ထိုးကြည့်၍ သတ်မှတ်နိုင်ပါသည်။ ဘုရားအလောင်းမဟာသဓာဇာတ်တော်ထဲက "ဘီလူးမသားလုခန်းစီရင်ခြင်း"တွင် သားလုသူနှစ်ဦး၏ စိတ်နေသဘောထား မြင့်ခြင်း၊ နိမ့်ခြင်းဖြင့် အမှန်တရားကို ဘုရားလောင်းမဟာသဓက ဆုံးဖြတ်ပေးနိုင်ခဲ့သည်။ မိခင်အရင်းကလည်း မိမိ၏သားအရင်းစစ်စစ်ဖြစ်သည်ဟုဆိုသည်။ လူယောင်ဆောင် ဘီလူးမကလည်း ဥပါယ်တံမျှဉ်ဖြင့် မိမိသားဟုဆိုထားပြန်၍ အငြင်းအခုံဖြစ်သည်တွင် ဘုရားအလောင်းမဟာသဓက သားငယ်ကို တဖက်တချက်စီ ဆွဲ၍ လုယူကြစေပြီး၊ မိမိဘက်ပါအောင် အနိုင်လုနိုင်သူအား သားငယ်ကို ရယူစေရန်ဆုံးဖြတ်ပေးသည်။ လုဆွဲရာတွင် သားငယ်၏နာကျင်မှုဒဏ်ကို မခံနိုင်သည်ကိုမြင်ရသော မိခင်အရင်းသည် မိခင်တို့၏မေတ္တာဖြင့် သားကို လက်မှလွှတ်၍ပေးလိုက်သည့် စွန့်လွှတ်ခြင်းကိုပြုလိုက်သော်လည်း၊ ရယူခြင်းသာ သဘောရှိသည့်

လူယောင်ဆောင်ဘီလူးမသည် နောင်တွင် ဘီလူးမအသွင်ဖြင့် အလိမ်အညာဖြစ်ပေါ်လာသည့် အဆုံးအဖြတ်ကို ခံရခဲ့လေသည်။ သတိတရားရစေသည့် သင်ခန်းစာမှာ စွန့်လွှတ်ခြင်းသည် အနစ်နာခံရသဖြင့် ဆုံးရှုံးသည်ဟု ထင်မှတ်ရသော်လည်း၊ စိတ်သဘောထားမြင့်မားခြင်းကြောင့် အကျိုးခံစားရသည်ကို ထင်ရှားစွာတွေ့မြင်ရသည်။ ဗုဒ္ဓဩဝါဒဆိုင်ရာကျမ်းများက ပြဆိုထားသည်မှာ စွန့်လွှတ်ခြင်းမှာ ဆင်ခြင်တုံတရား စွမ်းအားအမှန်ရှိသည့် စိတ်ဖြစ်သည်။ ထိုကဲသို့သောစိတ်သည် ပဋိသခ်ီဗလစိတ္တာဟုဆိုသည်။ ထိုစွမ်းအားကို ဆက်လက်ကျင့်ကြံအားထုတ်ခြင်းပြုပါက ဘာဝနာဗလစိတ္တာဖြစ်လာကာ လူ၏စိတ်သည် အဆင့်အတန်းမြင့်လာလျက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ကိစ္စအလို့ငှာ အထောက်အပံ့ပင် ဖြစ်နိုင်သည်ဟု ပြဆိုပါသည်။ စွန့်လွှတ်လိုက်ခြင်းကြောင့် ကိုယ်က အရှုံးနှင့်ရင်ဆိုင်ရတာမျိုးမဟုတ်ဘဲ အနိုင်ဖြင့် ပြန်လည်ပိုင်ဆိုင်ရတတ်တာမျိုးသာဖြစ်ကြောင်း သာဓကဖြစ်ပေသည်။ ထို့ကြောင့် အဖွဲ့ဝင်များသည် ဒီမိုကရေစီရေးအတွက်လှုပ်ရှားရာတွင် ထို ဆင်ခြင်တုံစွမ်းအား အမှန်တရားဖြင့် ကိုယ်ကျိုးစွန့်လွှတ်တတ်ခြင်းကို ကြိုးစားအားထုတ်စေရန် သတိပြုကြရမည် ဖြစ်ပါသည်။

တဖန် စွန့်လွှတ်ခြင်း၏ လက္ခဏာတရပ်ကို ပြောပြချင်ပါသေးသည်။ ထိုအကြောင်းမှာ ၁၉၁၂ ခုနှစ်လောက်တုန်းက ကမ္ဘာ့ဝန်ရိုးစွန်းသို့ သွားရောက်သုတေသနလုပ်ငန်းပြုလုပ်သည့် အဖွဲ့၏ အဖွဲ့ဝင်တဦးဖြစ်သူ အယ်လ်အီးဂျိုးတက်စ်အကြောင်းဖြစ်ပါသည်။ သူ၏လုပ်ငန်းပြီးဆုံးသလောက်ဖြစ်သည့်အခါ အပြန်ခရီးစတင်ကြသည်။ ရာသီဥတုအခြေအနေကလည်း ဆိုးဝါးစပြုလာနေသည်။ ဒီကြားထဲမှာ အိုးတက်စ်ဟာ မမာမကျန်းဖြစ်လာပါသည်။ ကျန်အဖွဲ့ဝင်များကလည်း သူ့အားပြုစုတွဲခေါ်ရတာကြောင့် ခရီးမတွင်ဘဲဖြစ်နေပါသည်။ ထိုစဉ်အခါတုန်းက ယခုလို အဆက်အသွယ်ပစ္စည်းကလည်း မကောင်းသေး၊ တိုးတက်တဲ့ ပစ္စည်းသယ်ယူပို့ဆောင်ရေးကိစ္စကလည်းမလွယ်ကူဆိုသောကြောင့် များစွာ အခက်အခဲဖြစ်နေပါသည်။ တည်တွင်အိုးတက်စ်သည် အခြားသူတွေအားလုံး အိပ်မောကျ ဆိတ်ငြိမ်မှောင်မိုက်နေတုန်းမှာ တယောက်တည်း သူ့ဖာသာသူ ထွက်ခွာသွားပါတော့သည်။ ထိုကဲသို့ထွက်ခွာသွားရခြင်းသည် သူ့ကြောင့် အခြားသူများ ခရီးနှေးကွေးလျက် ခရီးမတွင်ရှိနေခြင်းကို မည်သူ့ကိုမျှ မိမိယခုကဲသို့ ပြုလုပ်မည်ကို ထုတ်ဖော်ပြောဆိုခြင်း၊ ဤသို့စွန့်လွှတ်ခြင်းအတွက် ဂုဏ်ပုဒ်ကိုထုတ်ဖော်ခြင်းလည်း လုံးဝမပြုတော့ဘဲ၊ ပြုမှုမှသည် ထိုသူ၏ စိတ်ထားမြင့်မားမှုကို ပြသရာရောက်ပေသည်။ တကယ်တမ်း စွန့်လွှတ်စွန့်စားသည့် ကိစ္စဆိုသည်မှာ သန့်စင်သောမေတ္တာစေတနာပေါ် အခြေခံခြင်းကြောင့် အများသိစေရန်ကြေညာခြင်း၊ ကိုယ်ရည်သွေးခြင်းများလုံးဝမပါပါချေ။ ဤကဲသို့သော စိတ်နေသဘောထားကို ဆင်ခြင်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များသည် အဖွဲ့အတွက်လှုပ်ရှားရာတွင် ထိုကဲသို့ စိတ်နေသဘောထားဖြင့် အနစ်နာခံရန်ဖို့ကြိုးစားကြဖို့လိုသည်။ အနစ်နာခံရမည့် နေရာကိစ္စတွင် နှောင့်နှေးတတ်ကြပြီး၊ စံရမည့်နေရာကိစ္စတွင် လွန်စွာလျင်မြန်တတ်သည်။

